မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၂၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၇၅)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အနှောင့်အယှက်အဟန့်အတားများကို ရင်ဆိုင်ကျော်လွှား

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် စတင်ကျင့်သုံးသော ဒီမိုကရေစီစနစ်သည် အလွန်နုနယ်ပေသေးသည်။ ထို့ကြောင့် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က ခွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းတည်ထောင်ခဲ့သော စနစ်တစ်ရပ် ယိမ်းယိုင်သွားခြင်း မရှိစေရန် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကာကွယ်ခြင်းနှင့် ဝိုင်းဝန်းတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားကြရန် လိုအပ်ပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် အနှောင့်အယှက်အဟန့်အတားများကို မည်သို့ပင်ကြုံတွေ့ရစေကာမူ ရင်ဆိုင်ကျော်လွှားသွားနိုင်ရေးမှာ တိုင်းရင်းသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ -

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ယနေ့ အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများကို ဆွေးနွေးခြင်း၊ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းများဆောင်ရွက်

နေပြည်တော် မတ် ၂၃

ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၄၃၃) ဦး ရှိသည့်အနက် (၄၃၂) ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၇၇) ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို၏ *စာမျက်နှာ ၇ ကော်လံ ၃* ◆

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ကျင်းပစဉ်။
(သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် မတ် ၂၄ ရက်)

တီဘီရောဂါကင်းဝေးရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေး

ယနေ့ (မတ်လ ၂၄ ရက်)သည် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ဖြစ်သည်။ တီဘီရောဂါသည် ကမ္ဘာပေါ်တွင် ပြန်လည်ဦးထောင်ခေါင်းမော့လာသည့် ကူးစက်ရောဂါတစ်မျိုးဖြစ်သည်။

မြန်မာနိုင်ငံတွင် တီဘီရောဂါကုသရေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချမှတ်ထားသည့် နည်းဗျူဟာဖြစ်သော တိုက်ရိုက်ကြည့်ရှုအချိန်တိုကု ကုထုံး (DOTS) နည်းဖြင့် လွှမ်းခြုံအကောင်အထည်ဖော်လျက်ရှိသည်။

တီဘီရောဂါရှိသည့်သူ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့ကြောင့် တီဘီပိုးများ လေထဲမှာပျံ့လွင့်ခြင်းမှ သော်လည်းကောင်း၊ တိုက်ရိုက်ပြောဆိုတွေ့ထိသူများသို့ သော်လည်းကောင်း၊ လူနာ၏ အသုံးအဆောင်ပစ္စည်းများကို တိုက်ရိုက်ထိမှုမှသော်လည်းကောင်း အခြားသူများသို့ ကူးစက်တတ်သည်။ အာဟာရချို့တဲ့၍ ကိုယ်ခန္ဓာခုခံအား ယုတ်လျော့နေခြင်း၊ ရောဂါရှိသူနှင့် နီးကပ်စွာနေထိုင်ခြင်း၊ တစ်အိမ်တည်းတွင် လူနာများ ပြွတ်သိပ်စွာနေထိုင်ခြင်း၊ အရက်နှင့်ဆေးလိပ်စွဲမြဲစွာ သောက်သုံးခြင်းတို့သည် တီဘီရောဂါလွယ်ကူစွာ ကူးစက်နိုင်သည့် အခြေအနေများဖြစ်သည်။

တီဘီရောဂါ လက္ခဏာများသည် ရက်ရှည်ချောင်းဆိုးပြီး သလိပ်ထွက်ခြင်း၊ သလိပ်တွင်သွေးပါခြင်း၊ ချောင်းဆိုးလျှင် သွေးပါခြင်း၊ တဖြည်းဖြည်းပိန်ချုံးလာခြင်း၊ ကိုယ်အပူတငွေ့ငွေ့တက်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ မောပန်းလွယ်ခြင်းတို့ဖြစ်တတ်သည်။

တီဘီရောဂါကူးစက်မှုကို ကာကွယ်နိုင်ရေးအတွက် အာဟာရမျှတစွာ စားသုံးခြင်း၊ လေဝင်လေထွက်ကောင်းသော အဆောက်အအုံများတွင်နေထိုင်ခြင်းအပြင် ရောဂါရှိသူချောင်းဆိုးလျှင် လက်ကိုင်ပဝါအုပ်၍ ဆိုးခြင်း၊ သလိပ်တံတွေးများကို စနစ်တကျစွန့်ပစ်ခြင်းတို့ကို လိုက်နာဆောင်ရွက်ရပါမည်။

တီဘီရောဂါသည် ကုသမှုကို စနစ်တကျခံယူပါက ပျောက်ကင်းသောရောဂါဖြစ်သဖြင့် ရောဂါရှိသူများသည် နီးစပ်ရာမြို့နယ်များရှိ ဆေးရုံ၊ ဆေးခန်းများ၏ သတ်မှတ်ထားသောဆေးများကို တိကျစွာလိုက်နာသောက်သုံးပြီး ရောဂါပျောက်ကင်းရန်ဆောင်ရွက်ပါက ရောဂါကူးစက်မှုများ လျော့နည်းသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ တီဘီရောဂါလျော့နည်းပြီး လုံးဝပပျောက်ရန်အတွက် ပြည်သူများသည် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ "တီဘီရောဂါကင်းဝေးရေး၊ အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေး" ဟူသော ၂၀၁၁ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးဆောင်ပုဒ်နှင့်အညီ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စရပ်များကို လေ့လာတင်ပြစေရန် လွှတ်တော်ကော်မတီများ၊ ပူးပေါင်းကော်မတီများ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ သဘောတူညီချက်ရယူ

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာ ကိစ္စရပ်များကို လေ့လာတင်ပြစေရန် လွှတ်တော်ကော်မတီများ၊ ပူးပေါင်းကော်မတီများ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက် ရယူသည်။

သတ်မှတ်ထား

အစီအစဉ်အရ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဆွေးနွေးရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသား လူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စရပ်များကို လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်ဟူ၍ သတ်မှတ်ထားပါကြောင်း။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၆ တွင်လည်း လွှတ်တော်သည် အမျိုးသားလွှတ်တော်နှင့် ညှိနှိုင်းရန်ကိစ္စ ပေါ်ပေါက်ပါက ပူးပေါင်းကော်မတီများကို ဖွဲ့စည်းနိုင်သည်၊ လွှတ်တော်ကော်မတီ လေးရပ်က ဆောင်ရွက်ရမည့်ကိစ္စများမှအပ အကြောင်းကိစ္စတစ်ရပ်ရပ်ကို လွှတ်တော်နှစ်ရပ်လုံးက လေ့လာရန်ရှိပါက လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ညှိနှိုင်း၍ ကိုယ်စားလှယ်ဦးရေ တူညီစွာ ပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းနိုင်သည်၊ ပူးပေါင်းကော်မတီများ၏ သက်တမ်းသည် သက်ဆိုင်ရာ လွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးသည့် အချိန်အထိ ဖြစ်သည်ဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း။

အထက်ပါ ကော်မတီများဖွဲ့စည်းရန် လိုအပ်သည့်အချိန်သည် လွှတ်တော်အစည်းအဝေးကျင်းပချိန် မဟုတ်ပါကလည်း လိုအပ်သောလုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်ရန်အတွက် အထက်ပါကော်မတီများကို လွှတ်တော်ကော်မတီလေးရပ်တွင် ပါဝင်သည့် ကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် လိုအပ်သလို ဖွဲ့စည်းပြီးဆောင်ရွက်နိုင်ခွင့်အတွက် လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက် ရယူလိုပါကြောင်း တင်ပြသည်။

၎င်းနောက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၆ ပါ အမျိုးသားလွှတ်တော်နှင့် ညှိနှိုင်းရန် ဖွဲ့စည်းသည့် ပူးပေါင်း ကော်မတီများ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စရပ်များကို လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းရာတွင် ဖွဲ့စည်းပြီးသော လွှတ်တော်ကော်မတီလေးရပ်တွင်ပါဝင်သည့် သင့်လျော်သော ကိုယ်စားလှယ်များနှင့် အခြားသင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် သင့်တင့်စွာ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေးကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တာဝန်ယူဆောင်ရွက်ရန် လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

လွှတ်တော်က သဘောတူသည့်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တင်ပြချက်ကို အတည်ပြုကြောင်း ကြေညာသည်။ (သတင်းစဉ်)

ကော်မတီများ၊ ပူးပေါင်းကော်မတီများ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက် ရယူဆောင်ရွက်

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန် ကော်မတီများ၊ ပူးပေါင်းကော်မတီများ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူသည်။

ကာလသတ်မှတ်

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ပါကြောင်း။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၆ တွင် အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်နှင့် ညှိနှိုင်းရန် ကိစ္စပေါ်ပေါက်ပါက ပူးပေါင်းကော်မတီများကို ဖွဲ့စည်းနိုင်ကြောင်း၊ လွှတ်တော်ကော်မတီ (၄)ရပ်နှင့် ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီတို့က ဆောင်ရွက်ရမည့်ကိစ္စများမှအပ အခြားကိစ္စတစ်ရပ်ရပ်ကို လွှတ်တော် နှစ်ရပ်စလုံးမှာ လေ့လာရန်ရှိပါက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့ ညှိနှိုင်း၍ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သော ပူးပေါင်းကော်မတီတစ်ရပ် ဖွဲ့စည်းနိုင်ကြောင်းနှင့် ပူးပေါင်းကော်မတီများ၏ သက်တမ်းသည် သက်ဆိုင်ရာလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီးသည့် အချိန်အထိ ဖြစ်ကြောင်းကို သတ်မှတ်ထားပါကြောင်း။

လိုအပ်

ယင်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်သည့်အချိန်သည် လွှတ်တော်အစည်းအဝေး ကျင်းပချိန် မဟုတ်လျှင် အခက်အခဲရှိနိုင်သည့်အတွက် ကော်မတီလုပ်ငန်းများကို ဖွဲ့စည်းထားပြီးဖြစ်သည့် လွှတ်တော် ကော်မတီ(၄)ရပ်တွင် ပါဝင်သော သင့်လျော်မည့် ကိုယ်စားလှယ်များဖြင့် လိုအပ်သလိုဖွဲ့စည်းပြီး ဆောင်ရွက်ခွင့်ပြုထားရန် လိုအပ်မည်ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ်ပါက ကော်မတီများနှင့် ပူးပေါင်းကော်မတီများကို ဖွဲ့စည်းထားပြီးသော လွှတ်တော်ကော်မတီ (၄)ရပ်တွင် ပါဝင်သည့် သင့်လျော်မည့် ကိုယ်စားလှယ်များဖြင့် လွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းတာဝန်ပေးအပ်ရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန် လိုအပ်ပါက ကော်မတီများနှင့်ပူးပေါင်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၃-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၁၀ ၈။ အကပဒေသာ
- ၈:၁၅ ၉။ အတီးပြိုင်ပွဲ
- ၈:၂၀ ၁၀။ **D.O.T.S**
- ၈:၃၀ ၁၁။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၁၂။ International News
- ၈:၄၅ ၁၃။ တေးဂီတအစီအစဉ်

ညပိုင်း

- ၃:၃၀ ၁။ **AFC Challenge Cup 2012 ပြိုင်ပွဲ၏ အုပ်စု(A) ခြေစစ်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ဖိလစ်ပိုင်အသင်းနှင့် ပါလက်စတိုင်းအသင်း)**
- ၅:၀၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၅ ၃။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၃၀ ၄။ **အက္ခရာများကပြောသောစကား**
- ၆:၀၀ ၅။ ညနေခင်းသတင်း
- ၆:၁၅ ၆။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၇။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၄၆) ကိုလင်း၊ ကိုရဲ၊ ရဲရဲယု၊ ယုဇနဗိုလ်မြင့် (ဒါရိုက်တာ-အောင်ကျော်သူရ)
- ၆:၃၅ ၈။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ)(အပိုင်း-၁၉)
- ၈:၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ **ပြည်သူ့အတွက်တပ်မတော်** (စက်မှု၊ စွမ်းအင်၊ လျှပ်စစ်)
- ၁၄။ **အစာလည်းဆေး၊ ဆေးလည်းအစာ** (အပိုင်း-၁၉)
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ထူးခြားသောမိသားစု**(အပိုင်း-၃)
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ**(အပိုင်း-၄၇)

Total E & P Myanmar ရေနံကုမ္ပဏီက ပင်လယ်ပြင်၌ မျောပါနေသော ရေလုပ်သားများအား ကယ်ဆယ်ပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခဲ့

နေပြည်တော် မတ် ၂၃

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E & P Myanmar ရေနံကုမ္ပဏီသည် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်း၌ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာမှ မတ် ၁၇ရက် နံနက်ပိုင်းတွင် ရာသီဥတု ဆိုးရွားလာသဖြင့် အထောက်အကူပြုရေယာဉ် MV. Seabulk Nilar ဖြင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးစင်များကို လိုက်လံစစ်ဆေးစဉ် ပင်လယ်ပြင်အတွင်း ငါးဖမ်းဖောင်ပျက်ပေါ်၌ မျောပါနေသော ရေလုပ်သားငါးဦးအား တွေ့ရှိကယ်ဆယ်ခဲ့သည်။

ပို့ဆောင်ပေး

ကယ်ဆယ်ခဲ့သော ရေလုပ်သားများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး မတ် ၁၈ ရက်တွင် ကုမ္ပဏီပိုင်ရဟတ်ယာဉ်ဖြင့် ရတနာပလက်ဖောင်းမှတစ်ဆင့် ရန်ကုန်မြို့သို့ ပို့ဆောင်ပေးခဲ့ပြီး စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူများက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသို့ ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

Total E & P Myanmar ရေနံကုမ္ပဏီသည် ကုမ္ပဏီပိုင်ရဟတ်ယာဉ်ဖြင့် ပင်လယ်ပြင်တွင် မျောပါနေသော ရေလုပ်သားများအား ဆက်လက်ရှာဖွေခဲ့ရာ မတ် ၁၈ ရက်တွင် ရေလုပ်သား ၂၉ ဦးအားလည်းကောင်း၊ မတ် ၁၉ ရက်တွင် ရေလုပ်သားငါးဦးအားလည်းကောင်း ထပ်မံကယ်ဆယ်နိုင်ခဲ့ပြီး Total E & P Myanmar ရေနံကုမ္ပဏီအနေဖြင့် စုစုပေါင်း ရေလုပ်သား ၃၉ ဦး ရှာဖွေကယ်ဆယ်နိုင်ခဲ့သည်။

အဆိုပါရေလုပ်သားများအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ဆေးဝါး၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများနှင့် ရေလုပ်သားတစ်ဦးလျှင် ငွေကျပ်နှစ်သောင်းတိတိစီ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကုမ္ပဏီပိုင်ရေယာဉ်ဖြင့် မတ် ၁၉ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရာ စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူများက ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသို့ ပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂျပန်နိုင်ငံ၌ ငလျင်နှင့်ဆူနာမီလှိုင်းဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးခဲ့မှုအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်သည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ ဂျပန်သံရုံးသို့သွားရောက်၍ ဂျပန်နိုင်ငံ၌ မကြာမီက လှုပ်ခတ်ခဲ့သော ငလျင်နှင့် ဆူနာမီလှိုင်းဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ကြသည့် ဂျပန်ပြည်သူများအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ (ယာပုံ) (သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့အကြိုဂုဏ်ပြုဆောင်းပါး (၆၆)နှစ်မြောက် တပ်မတော်နေ့အကြိုဂုဏ်ပြုဆောင်းပါး (၆၆)နှစ်မြောက် တပ်မတော်နေ့အကြိုဂုဏ်ပြုဆောင်းပါး

ဒီမိုကရေစီအုပ်ချုပ်ရေး ဖော်ဆောင်ပေးလျက်ရှိသည့် တပ်မတော်

ယနေ့အခါသမယသည် တပ်မတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတို့ လက်တွဲညီညီဖြင့် မိမိတို့ချစ်မြတ်နိုးသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိသည့် အခါသမယဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုသော် မြန်မာ့တပ်မတော်ကြီးသည် ပြည်ထောင်စုကြီးနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ အကျိုးစီးပွားနှင့်ပတ်သက်လာလျှင် တပ်မတော် စတင်ဖွဲ့စည်းထူထောင်သည့်အချိန်မှသည် ယနေ့အချိန်ကာလတိုင်အောင် ထာဝစဉ်ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ အခြေအနေအချိန်အခါအရ မိမိပခုံးပေါ်သို့ ကျရောက်လာသော နိုင်ငံ့တာဝန်များကို ထမ်းရွက်သယ်ပိုးရသည့်အခါမျိုးတွင်လည်း နိုင်ငံနှင့်တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အနာဂတ်မျှော်မှန်းချက်အမြင်ဖြင့် ဦးဆောင်မှုပေးလျက် အကောင်အထည်ဖော်ခဲ့သည့် အစဉ်အလာကောင်းများနှင့်ပြည့်စုံသော ပြည်သူ့တပ်မတော်ကြီးဖြစ်သည်။ ယနေ့နိုင်ငံတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်အစိုးရသည်လည်း မှန်ကန်သောဦးဆောင်မှုနှင့်အတူ ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးကုန်သော တိုင်းရင်းသားပြည်သူတို့၏ အင်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော အချိန်၊ ပြည်သူအပေါင်းတို့လိုလားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် အနှောင်းသေချာစေမည့် အစကောင်းများ အခိုင်အမာ ချမှတ်လျက်ရှိနေသည့် အခါသမယဖြစ်သည်။

တပ်မတော်၏ မဆုတ်မနစ် ကြိုးပမ်းအားထုတ်မှုများကြောင့် ဒီမိုကရေစီစနစ်ကျင့်သုံး၍ ပြည်ထောင်စုကြီးကို ဦးဆောင်မည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးအဖွဲ့အစည်းများ ပေါ်ထွန်းလာနေပြီဖြစ်သည်။ ဆိုရလျှင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (သို့) တပ်မတော်အစိုးရ၊ တစ်နည်းအားဖြင့် တပ်မတော်သားများကိုယ်တိုင်က ဒီမိုကရေစီအုပ်ချုပ်ရေးကို ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်သည်။ ထိုသို့ ဖော်ဆောင်ရာတွင်လည်း အမည်ခံသက်သက် ဒီမိုကရေစီမျိုးမဟုတ်မှုဘဲ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီအုပ်ချုပ်ရေးမျိုးဖြစ်အောင် အနာဂတ်အမြင်ကြီးမားစွာဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်ပေးနေခြင်းဖြစ်သည်။

တာဝန်ကျေပွန်သည့် အမျိုးသားအင်အားစုကြီး

၁၉၄၁ ခုနှစ်မှသည် ယနေ့ ၂၀၁၁ ခုနှစ်ကာလတိုင်အောင် ရှည်လျားကြာမြင့်လှသည့် ကာလအတွင်း ပြည်သူ့တပ်မတော်၏ အမျိုးသားနိုင်ငံရေး (National Politics) တွင် ဦးဆောင်မှုအခန်းကဏ္ဍမှ အစဉ်တစိုက်ပါဝင်ထမ်းရွက်ခဲ့မှု၊ ပြည်ထောင်စုကြီးနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့အတွက် အမျိုးသားအကျိုးစီးပွား(National Interest)ကို ကာကွယ်စောင့်ရှောက်ရုံမျှမက တည်ဆောက်ပေးခဲ့မှုတို့အပေါ် မည်သည့်စံနှုန်းဖြင့် တိုင်းတာသည်ဖြစ်စေ၊ မည်သည့်ရှုထောင့်မှပင် ရှုမြင်သည်ဖြစ်စေ တပ်မတော်သည် အမျိုးသားရေးတာဝန်၊ သမိုင်းပေးတာဝန်ကျေပွန်လှသည့် အမျိုးသားအင်အားစုကြီးတစ်ရပ်ဖြစ်ကြောင်း ယထာဘူတဉာဏ်အမြင်ရှိသူတိုင်း သိမြင်သဘောပေါက်သည်။

သမိုင်းပေး အမျိုးသားရေးတာဝန်ကြီးများ ထမ်းရွက်သယ်ပိုးခဲ့သည့် တပ်မတော်

တပ်မတော်သည် စတင်ဖွဲ့စည်းပြီးသည်နှင့်တစ်ပြိုင်နက် တိုင်းပြည်ကို နှစ်ပေါင်းများစွာ ခြယ်လှယ်အုပ်ချုပ်နေသော နယ်ချဲ့ဝါဒီအင်္ဂလိပ်တို့ကိုလည်းကောင်း၊ တိုင်းရင်းသားပြည်သူတို့ကို နိုင့်ထက်စီးနင်း ညှဉ်းပန်းနှိပ်စက်လာသော ဖက်ဆစ်ဝါဒီဂျပန်တို့အားလည်းကောင်း စစ်ရေး၊ နိုင်ငံရေးနည်းလမ်းများဖြင့် ရင်ဆိုင်တိုက်ခိုက်လျက် အမိနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးကို ဆောင်ကြဉ်းပေးခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်တွင် နယ်ချဲ့တို့၏ တမင်ကြံစည်ပြုလုပ်မှုအကျိုးဆက်ကြောင့် ပေါ်ပေါက်လာသော ပြည်တွင်းရောင်စုံသူပုန် သောင်းကျန်းမှုကြီးကိုလည်းကောင်း၊ ပြည်ပအင်အားကြီးနိုင်ငံအပါအဝင် နိုင်ငံအချို့က အားပေးအားမြှောက်ပြုသည့် ပြည်ပကျူးကျော်တပ်များ ပြည်ထောင်စုနယ်မြေအတွင်း ဝင်ရောက်ကျူးကျော်လာခြင်းကိုလည်းကောင်း **“တပ်မတော်သည် နိုင်ငံအတွက်”** ဆိုသော ခံယူချက်ကို မမိုတ်မသုန်ခံယူလျက် စစ်ဆင်ရေးပေါင်းများစွာဖြင့် စွန့်လွှတ်စွန့်စား တွန်းလှန်တိုက်ခိုက်ချေမှုန်းခဲ့သည်။ ပြည်ထောင်စုအလံတော်ကြီး တလူလူလွင့်နေအောင် တပ်မတော်သားတို့၏ အသက်သွေးပေါင်းများစွာ ပေးဆပ်ဆောင်ရွက်ခဲ့သည်။

ဆုံးရှုံးခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပြန်လည်ရယူရေးနှင့် ရရှိပြီးသော လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးသွားစေမည့် အခြေအနေများမှ ကာကွယ်စောင့်ရှောက်ရေးကို အောင်မြင်စွာထမ်းရွက်သယ်ပိုးခဲ့သော တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး တာဝန်ကြီးများကိုလည်း ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်သယ်ပိုးထမ်းရွက်ခဲ့ရပြန်သည်။ ပြည်တွင်းသောင်းကျန်းမှုကာလ ၁၉၄၉ ခုနှစ် ဧပြီလမှ ၁၉၅၀ ပြည့်နှစ် စက်တင်ဘာလအထိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဒုတိယဝန်ကြီးချုပ်တာဝန်ယူလျက် ပြည်ထောင်စုအကျိုးကို ထမ်းရွက်ခဲ့ရသည်။ ထပ်မံ၍လည်း ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ တပ်မတော်သည် ထိုစဉ်က အုပ်ချုပ်လျက်ရှိသည့် အစိုးရအဖွဲ့၏တောင်းဆိုချက်အရ အိမ်စောင့်အစိုးရတာဝန်ကိုရယူကာ အထွေထွေရွေးကောက်ပွဲကြီးကို သန့်ရှင်းမျှတစွာ ကျင်းပပြုလုပ်ပေးရင်း တစ်ဖက်မှလည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင်မူ ထိုစဉ်ကကျင့်သုံးလျက်ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်၊ ပြည်တွင်းပြည်ပ ထိုးနှက်တိုက်ခိုက်မှု စသည်တို့ကြောင့် ပြည်ထောင်စုကြီးပြိုကွဲမည့်အရေး ပေါ်ပေါက်လာသည့်အတွက် တပ်မတော်က နိုင်ငံတော်ကို မလွှဲမရှောင်သာတာဝန်ယူ ထိန်းသိမ်းကာကွယ်ခဲ့ရသည်။

မြင့်မောင် (Phil ,Q)

၁၉၈၈ ခုနှစ်တွင်လည်း နိုင်ငံတော်ကို ဆန့်ကျင်သူများ၊ ပုဂ္ဂိုလ်ရေးခံစားချက် အာဃာတရှိသူများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် အမိုက်ကစပြာသာဒ်မီးလောင်သည့် အရေးအခင်းကြီးဖြစ်ပွားခဲ့သည်။ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ အမြော်အမြင်မရှိ လှုံ့ဆော်မှုကြောင့် အစိုးရအုပ်ချုပ်ရေးယန္တရားပျက်ပြားလျက် နိုင်ငံပိုင်ပစ္စည်းများ အကြမ်းဖက်ဖျက်ဆီးခြင်း၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ လုယက်ဖျက်ဆီး သတ်ဖြတ်ခံရခြင်းဆိုသည့် ဆိုးရွားရက်စက်လှသည့် အရေးအခင်းကြီးပေါ်ပေါက်လာသည်။ ထိုအရေးအခင်းကြီးကို အကြောင်းပြုလျက် ပြည်တွင်းနယ်စပ်ဒေသ အချို့၌ စစ်ရေးအရ တိုက်ခိုက်လာမှု၊ ပြည်ပအင်အားကြီးနိုင်ငံတစ်ခုက ပြည်ထောင်စု၏ အချုပ်အခြာအာဏာကို ထိပါးလျက် စစ်ရေးခြိမ်းခြောက်လာမှု စသည့် အခြေအနေများကြောင့် အစဉ်အလာကောင်းများနှင့်ပြည့်စုံသည့် တပ်မတော်က ပြည်ထောင်စုကြီးနှင့် တိုင်းရင်းသားပြည်သူတို့၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးဆိုသည့် မှန်ကန်မွန်မြတ်သည့် ခံယူချက်ဖြင့် နိုင်ငံတော်တာဝန်အရပ်ရပ်ကိုရယူလျက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံအေးချမ်းစေရန် စွမ်းဆောင်ပေးခဲ့သည်။

အမျိုးသားအကျိုးစီးပွားဖော်ဆောင်ပေးခဲ့သော တပ်မတော်

တပ်မတော်သည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ၌ နိုင်ငံ့တာဝန်အရပ်ရပ်ကို ရယူပြီးနောက် တိုင်းရင်းသားလူမျိုးစုံ မှီတင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံကြီးအတွက် အခြေခံအကျဆုံး အမျိုးသားအကျိုးစီးပွား (Primary National Interest) ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဒို့တာဝန်အရေးသုံးပါးအဖြစ်လည်းကောင်း၊ ပြည်ထောင်စုကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့ ကြွယ်ဝချမ်းသာရေး၊ စည်းလုံးညီညွတ်ပြီး အင်အားတောင့်တင်းသော နိုင်ငံဖြစ်ထွန်းရေး စသည့် အခြားအရေးကြီးသော အမျိုးသားအကျိုးစီးပွားများအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များအဖြစ်လည်းကောင်း အတိအလင်းချမှတ်၍ ဦးလည်မသုန်ထမ်းရွက်ခဲ့ရပြန်သည်။ အထူးသဖြင့် ပြည်သူအပေါင်းတို့ လိုလားသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် အခြေခံအုတ်မြစ်ဖြစ်သော ပြည့်စုံခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွက်လာရေးအတွက်ချမှတ်ပြီး နိုင်ငံရေးဦးတည်ချက်များအပြင် မူဝါဒလမ်းစဉ် ခုနစ်ရပ် ထပ်မံချမှတ်၍ တိုင်းရင်းသားပြည်သူအပေါင်း၏ အင်အားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ယခုဆိုလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကြီး အခိုင်အမာပေါ်ထွန်းလာခဲ့ပြီးဖြစ်သည်။ ထိုအခြေခံဥပဒေအရ လွတ်လပ်၍ တရားမျှတသော ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကိုလည်း ကျင်းပပေးနိုင်ခဲ့ပြီးဖြစ်သည်။ ပြည်သူတို့က စိတ်တိုင်းကျရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်ကြီးများ ပေါင်းစုစည်းရုံးညီညွတ်စွာ ဆွေးနွေးတိုင်ပင်ကြလျက် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအဖွဲ့များ ဖွဲ့စည်းရေးကို အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နေကြပြီဖြစ်သည်။ စနစ်တကျ စုံစုံလင်လင် ဖွဲ့စည်းပြီးသည်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ဆက်လက်တည်ဆောက်သွားတော့မည်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ဆက်လက်တာဝန်ယူမည့် ပြည်ထောင်စုနှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အာရုံစူးစိုက်စွာ၊ အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ရေးအတွက်လည်း စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် အခြေခံအဆောက်အအုံ (Infrastructure) များကို တောင်ပေါ်မြေပြန့်နယ်စပ်ပြည်မ ပြည်ထောင်စုနယ်မြေအနှံ့အပြားတွင် အုံနှင့်ကျင်းနှင့် လမ်းခင်းတည်ဆောက်ဖော်ဆောင်ပေးလျက်ရှိသည်။

ဒီမိုကရေစီအုပ်ချုပ်ရေးကို ဖော်ဆောင်ပေးသည့် တပ်မတော်

မြန်မာ့တပ်မတော်သည် စတင်ပေါက်ဖွားလာစဉ်ကပင် မှန်ကန်မွန်မြတ်သည့် ရည်ရွယ်ချက်ဖြင့် သန္ဓေတည်ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည့်အပြင် ဖြတ်သန်းခဲ့သည့်ကာလတစ်လျှောက် တွေ့ကြုံရင်ဆိုင်ခဲ့ရသည့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဖြာဖြာကို ထမ်းဆောင်ရာတွင်လည်း နိုင်ငံနှင့် ပြည်သူအပေါ်သစ္စာစောင့်သိမှု ဆံခြည်တစ်မျှင်စာမျှ တိမ်းစောင်းခဲ့ခြင်းမရှိ၊ အမျိုးသားအကျိုးစီးပွားကို အစဉ်ရှေးရှုဆောင်ရွက်ခဲ့သည်သာဖြစ်ကြောင်း တွေ့မြင်နိုင်သည်။ သို့ဖြစ်၍လည်း တပ်မတော်ကြီးသည် တိုင်းရင်းသားပြည်သူတို့ အားကိုးရာ စွမ်းရည်သုံးရပ်၊ အစဉ်အလာ(၁၂)ရပ်နှင့် ပြည့်စုံသည့် တပ်မတော်ကြီးအဖြစ် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့သည်။ ယခုလည်း ရပ်တည်လျက်ရှိနေသည်။ နောင်လည်း ရပ်တည်နေဦးမည်ဖြစ်သည်။

ခေတ်အလိုက်ပြောင်းလဲလာသော အခြေအနေများအရ ကမ္ဘာပေါ်ရှိနိုင်ငံတို့သည် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်နှင့် ဒီမိုကရေစီအုပ်ချုပ်ရေးတို့ကို ကျင့်သုံးလာကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင်လည်း ပြည်သူအပေါင်းတို့က ထိုစနစ် ထိုအုပ်ချုပ်ရေးဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ချမ်းသာကြွယ်ဝအောင် တည်ဆောက်စေလိုလျက်ရှိရာ တိုင်းရင်းသားပြည်သူတို့၏ အကျိုးကို ထာဝစဉ်သယ်ပိုးခဲ့သော တပ်မတော်က ပြည်သူတို့၏ အဆိုပါလိုလားချက်ကို သိမြင်နားလည်စွာဖြင့် နည်းမှန်လမ်းမှန် ဖြည့်ဆည်းပေးခဲ့သည်။ ဖြည့်ဆည်းပေးလျက်ရှိနေဆဲလည်းဖြစ်သည်။

စွမ်းရည်ထက်မြက်သော၊ ဦးဆောင်မှုအရည်အသွေး မြင့်မားသော တပ်မတော်ဖြစ်သည့်အလျောက် ပြည်သူတို့အတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ရာတွင်လည်း စစ်မှန်သော ဒီမိုကရေစီစနစ်ကျင့်သုံးကာ ပြည်သူတို့အကျိုးစီးပွား အမှန်တကယ် ဖြစ်ထွန်းရရှိစေလိုသည်မှာ တပ်မတော်၏ စေတနာဖြစ်သည်။ ယနေ့ ကမ္ဘာပေါ်ရှိနိုင်ငံများတွင် “ဒီမိုကရေစီ” စကားလုံးကို တွင်ကျယ်စွာ အသုံးပြုလျက် လက်တွေ့တွင်မူ ဥပဒေစည်းမျဉ်း စည်းကမ်းများ ဘေးချိတ်ကာ စိတ်ထင်ရာလုပ်နေကြသည့်အတွက် တည်ငြိမ်မှုအစား ဆူပူဆန္ဒပြမှုများ၊ တိုးတက်မှုအစား ဆုတ်ယုတ်ကျဆင်းမှုများသာ ဖြစ်နေသည်။

Rights နှင့် Freedom တို့သည် ခေတ်ပေါ်ဒီမိုကရေစီ၏ ဥပစာ (Frontage) တွင် အထူးနေရာယူထားသည်။ ဒီမိုကရေစီနှင့်ပတ်သက်လျှင် ပိုင်ခွင့်များ၊ လွတ်လပ်ခွင့်များ ကျင့်သုံးခွင့်ရရှိရေးကိုသာ ဦးစားပေးပြောကြသည်။ ဒီမိုကရေစီ၏ သဘောတရားတွင် အရေးပါသော အနှစ်သာရဖြစ်သည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း (Laws, rules and regulations) တို့ကို ပစ်ပယ်ထားကြသည်။ ကောင်းမြတ်ခြင်းတရားမှန်သမျှ ဗီဇသဘောအရ ထိန်းချုပ်မှုက အလိုအလျောက်ပါရှိစမြဲဖြစ်သည်။ ထိန်းချုပ်မှုမရှိသောတရားတို့သည် ကောင်းမြတ်မှန်ကန်သောတရား(ဓမ္မ) မဟုတ်နိုင်တော့ဘဲ မကောင်းသောတရား(အဓမ္မ)တို့သာ ဖြစ်နေလိမ့်မည်။ ပိုင်ခွင့်နှင့် လွတ်လပ်မှုတို့ကို ကျင့်သုံးရန် စဉ်းစားလျှင် ထိုပိုင်ခွင့်များကို အခြားသူများ ထိခိုက်နစ်နာမှုမရှိအောင် မည်သည့် စည်းမျဉ်းဘောင်အတွင်းမှ ကျင့်သုံးသွားမည်ဆိုသည်ကို ဦးစားပေးစဉ်းစားရန်လိုသည်။ ထိုသို့မဟုတ်ဘဲ rights နှင့် freedom တို့ကို စိတ်တိုင်းကျကျင့်သုံးရေးအတွက်သာ စဉ်းစားနေမည်ဆိုလျှင် ဒီမိုကရေစီ၏ မူလဂုဏ်ရည်နှင့် အခြေခံမူတို့ ပျက်သုဉ်းကာ **စိတ်ထင်ရာလုပ်သည့် နိုင့်ထက်စီးနင်းလုပ်ရပ်များသာ ဖြစ်သွားပေမည်။ အခြေခံအကျဆုံး အမျိုးသားအကျိုးစီးပွားဖြစ်သည့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားပေမည်။**

ထိုအခြေအနေမျိုးကို တပ်မတော်က မလိုလားသလို ပြည်သူအများစုကြီးကလည်း မလိုလားပေ။ တည်ငြိမ်အေးချမ်းလိုသည်။ တည်ငြိမ်အေးချမ်းမှုကို အရင်းခံပြုသော ဖွံ့ဖြိုးတိုးတက်မှုမျိုးကိုသာ ခံစားရယူလိုသည်။ ထိုသို့ရယူခံစားလိုသည့် မျှော်မှန်းတောင့်တချက်နှင့်အညီ ပြည်သူများက တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့ပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးတွင်လည်း **နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးကြောင်းနှင့် စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ကြောင်း** အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်သည်။ တပ်မတော်နှင့် ပြည်သူလက်တွဲလျက် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရန် ထက်သန်သောစိတ်၊ သည်းခံသောစိတ်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ခဲ့ကြရာ ယခုအခါ ရရှိပြီးဖြစ်သည့် အခြေခံကောင်းများဖြင့် အသစ်ပေါ်ထွန်းလာမည့် ပြည်ထောင်စုအဖွဲ့အစည်းများက ဆက်လက်တာဝန်ယူ ဆောင်ရွက်သွားတော့မည်ဖြစ်သည်။

အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှ တပ်မတော်

မြန်မာတို့၏တပ်မတော်သည် ပြည်သူ့ရင်နှစ်သည်းချာ သားကောင်းရတနာများဖြင့် ဖွဲ့စည်းထားသည်။ မွန်မြတ်သောရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းဖြစ်တည်လာသည်။ ဖြတ်သန်းခဲ့ရာကာလတစ်လျှောက် ရင်ဆိုင်ဖြေရှင်းရယူခဲ့သည့် အတွေ့အကြုံများက တန်ဖိုးကြီးသည်။ နက်ရှိုင်းကျယ်ပြန့်သည်။ ထိုအတွေ့အကြုံများကြောင့်ပင် တပ်မတော်သည် ထက်မြက်သည့်စွမ်းရည်များ၊ ကောင်းမြတ်သည့် အစဉ်အလာများနှင့် ပြည့်စုံသည့်တပ်မတော်ဖြစ်လာသည်။ ဤသို့သော ဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံသည့်တပ်မတော်ကြီးကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ်မတ်လ (၂၇) ရက်နေ့ကို တပ်မတော်နေ့အဖြစ် ပြည်ထောင်စုကြီး၏ နေ့ထူးနေ့မြတ် တစ်နေ့သတ်မှတ်လျက် အနှစ်သာရရှိရှိကျင်းပနေသည်မှာ ဂုဏ်သိမ်မြင့်သော နိုင်ငံကြီးသားတို့၏ အစဉ်အလာကောင်းတစ်ရပ်ပင်ဖြစ်ပါသည်။

ယနေ့ဆိုလျှင် တပ်မတော်ကြီးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူက အပ်နှင်းသည့်တာဝန်များကို အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှ ပါဝင်ထမ်းရွက်တော့မည်ဖြစ်သည်။ ထို့အတွက်လည်း ပြည်ထောင်စုနှင့် ဒေသဆိုင်ရာလွှတ်တော်အသီးသီးတွင် တပ်မတော်သားကိုယ်စားလှယ်များ ပါဝင်တက်ရောက်လျက်ရှိနေပြီဖြစ်သည်။ နှစ်ဆယ့်ငါးရာခိုင်နှုန်းသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးအဖြာဖြာတို့တွင် အတွေ့အကြုံများကြွယ်ဝသည့် တပ်မတော်ကြီးအားကိုယ်စားပြုကာ ပြည်ထောင်စုကြီးနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ အကျိုးစီးပွားတိုးတက်ဖြစ်ထွန်းရေးကို ဦးဆွေးဆံမြည့် ထမ်းဆောင်သွားကြတော့မည်ဖြစ်ရာ တိုင်းရင်းသားပြည်သူတို့၏ ရင်နှစ်သည်းချာသားကောင်းရတနာများဖြင့် ဖွဲ့စည်းထားသော တပ်မတော်မှ တပ်မတော်သားကိုယ်စားလှယ်များ၊ ပြည်သူကရွေးကောက် တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများ ပေါင်းစုစည်းရုံးညီညွတ်စွာ၊ ချစ်ကြည်စွာဖြင့် ပြည်ထောင်စုကြီးအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် တည်ဆောက်လျက်ရှိသည့် မြင်ကွင်းသည် တိုင်းရင်းသားပြည်သူအပေါင်းတို့၏ အနာဂတ်မျှော်မှန်းချက်အတွက် ဂုဏ်ယူအားတက်ဖွယ်ရာဖြစ်ကြောင်း မကြာမီကျရောက်လာတော့မည့် တပ်မတော်နေ့နှင့် တပ်မတော်ကြီးအား ဂုဏ်ပြုရေးသားဖော်ပြလိုက်ရပါသည်။ ။

စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို၏ စစ်တွေမြို့ သောက်သုံးရေပေးရေးစီမံကိန်းနှင့်စပ်လျဉ်းသည့် မေးခွန်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညိုက **ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေမြို့သူမြို့သားများ သောက်သုံးရေခက်ခဲနေပါကြောင်း၊ ထိုအခက်အခဲကိုပြေလည်စေရန် စစ်တွေမြို့၌ ရေပေးရေးစီမံကိန်းတစ်ရပ် ချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိနှင့် စီမံကိန်းရှိပါက မည်သည့်ခုနှစ်တွင် အကောင်အထည်ဖော်မည်ကို သိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

သတ်မှတ်ပေး

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က **နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနသည် မြို့များသာယာလှပရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ၁၉၉၃ ခုနှစ် ဧပြီလ ၁ ရက်နေ့စွဲဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၅/၉၃)ဖြင့် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါစည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ (၉)တွင် လုပ်ငန်းတာဝန် (၃၁)ချက်အား အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန် သတ်မှတ်ပေးခဲ့ပါကြောင်း။**

အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မြို့နယ်အတွင်း ဥပဒေအရ ခွင့်ပြုသည့် အခွန်၊ အခ၊ အကောက်များကိုကောက်ခံ၍ ရငွေအား ဝင်ငွေအဖြစ်သတ်မှတ်ပြီး ဥပဒေနှင့်အညီ ဝန်ကြီးဌာနခွင့်ပြုချက်ဖြင့် မြို့ပြသာယာလှပရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ရပါကြောင်း၊ စစ်တွေမြို့နယ်အနေဖြင့် နှစ်စဉ်ကောက်ခံရရှိသည့် အခွန်၊ အခ၊ အကောက်မှာ ဝင်ငွေနည်းပါးသဖြင့် နိုင်ငံတော်မှ နှစ်စဉ်ထောက်ပံ့ငွေဖြင့်ထပ်ဆောင်း၍ မြို့ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ဖြန့်ဝေပေး

စစ်တွေမြို့ ရေပေးရေးလုပ်ငန်းကို (၁၃၆)ဧက ကျယ်ဝန်းပြီး ရေဂါလန်သန်း (၄၁၀) သိုလှောင်နိုင်သော ကန်တော်ကြီးရေကန်မှ မြို့တွင်းသို့ ရေပိုက်လိုင်းစုစုပေါင်း (၁၃၃၄၄၀)ပေ သွယ်ပေးထားပြီး တစ်နေ့လျှင် ရေဂါလန် (၁၂)သိန်းနှင့် အခြားရေအရင်းအမြစ်များဖြစ်သော စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူထိန်းသိမ်းထားသော မိုးရေလှောင်ကန် (၁၄)ကန်၊ စည်ပင်သာယာရေးအဖွဲ့ပိုင် အချင်း (၂၀) ပေရှိ လက်တူးတွင်းကြီး (၁၂)တွင်း၊ အခြားဌာနများပိုင် အချင်း (၂၀)ပေရှိ လက်တူးတွင်းကြီး (၁၀)တွင်း၊ ပုဂ္ဂလိကပိုင် အချင်း (၃)ပေရှိ လက်တူးတွင်းငယ် (၁၁၇)တွင်းနှင့် လက်နှိပ်တုံကင်တွင်း (၈၇၅)တွင်း တို့မှ တစ်နေ့ရေဂါလန်(၁၃ ဒသမ ၅)သိန်း ပေးဝေနိုင်သည့်အတွက် တစ်နေ့လျှင် စုစုပေါင်း ရေဂါလန်(၂၅ ဒသမ ၅) သိန်း ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

၂၄-၁-၂၀၀၉ ရက်နေ့၊ ၁၆-၁-၂၀၁၀ ရက်နေ့နှင့် ၁၇-၅-၂၀၁၀ ရက်နေ့တို့တွင် နိုင်ငံတော်ဝန်ကြီးချုပ် စစ်တွေမြို့သို့ရောက်ရှိစဉ် စစ်တွေမြို့ ရေခက်ခဲမှုရှိကြောင်း ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ တင်ပြချက်အရ နိုင်ငံတော်ဝန်ကြီးချုပ်က စစ်တွေမြို့ရေရရှိရေးအတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးရန် လမ်းညွှန်ခဲ့ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ရေရရှိရေးလုပ်ငန်းစဉ်(၃)ရပ် ဆောင်ရွက်ခဲ့ပါကြောင်း။ လုပ်ငန်းစဉ် (၁)ဖြစ်သည့် မြို့ရေပေးရေးစနစ်ရှိ ပိုက်လိုင်းများအား ဆေးကြောသန့်စင်ပြုပြင်မွမ်းမံခြင်းနှင့်စပ်လျဉ်း၍ စစ်တွေမြို့တွင် အသုံးပြုသော ရေပိုက်များမှာ စီအိုင် (Cast Iron)ပိုက်များဖြစ်ပါကြောင်း၊ နှစ်ပေါင်းကြာမြင့်ပြီဖြစ်သဖြင့် သံချေးများတက်နေခြင်း၊ အနည်အနှစ်များ ပိတ်ဆို့ခြင်း၊ အချို့သော ပိုက်လိုင်းများ ယိုစိမ့်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် (၂၀၀၉-၂၀၁၀)ခုနှစ်တွင် အဆိုပါ ပိုက်လိုင်းများအား စနစ်တကျ စစ်ဆေးပြီး ပိတ်ဆို့နေသောရေပိုက်လိုင်းများကို ပြန်လည်တူးဖော်၍ ဆေးကြောသန့်စင်ပေးခြင်း၊ ရေမရသောအပိုင်းအား ပိုက်လိုင်းသစ် (၈၅၀၀)ပေ သွယ်တန်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မြို့အဖျားပိုင်းကျပြီး ရေဖိအား လျော့နည်းခြင်းကြောင့် ရေမရသည့်ရပ်ကွက်များသို့ ရေတွန်းစက် (၃)လုံးနှင့် ရေစုကန် (၁)လုံး ထပ်မံတည်ဆောက်ပေးခဲ့ပြီး ရေရရှိရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုကဲ့သို့ ပိုက်လိုင်းအဟောင်းများပြင်ဆင်ခြင်း၊ အသစ်သွယ်တန်းခြင်း၊ ရေစက်များတပ်ဆင်ခြင်းအတွက် နိုင်ငံတော်မှ ကျပ် (၆၉၆ ဒသမ ၂)သိန်း ကျခံဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်တွေမြို့ ရေပေးရေးလုပ်ငန်းတွင် ရေဖြန့်ဖြူးခြင်းလုပ်ငန်းအား ရေပိုက်လိုင်းများမှတစ်ဆင့် အိမ်သွယ် ရေတိုင်ပေါင်း(၂၇၆၀)၊ အများသုံးရေကန်ပေါင်း (၁၂၀)ဖြင့် ရပ်ကွက်များသို့ ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

ပိုမိုသိုလှောင်

ထို့အပြင် လုပ်ငန်းစဉ် (၂)ဖြစ်သည့် ရေရရှိရေးအဓိကဖြစ်သော ကန်တော်ကြီးရေကန် ရေတိုးတက် ရရှိရေးဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ နွေရာသီရေအခက်အခဲမရှိစေရန် ကန်တော်ကြီးရေကန်အား ရေဖြည့်တင်းနိုင်ရေးအတွက် ၁၉၉၅ ခုနှစ်တွင် ဒေသအာဏာပိုင်နှင့် ပြည်သူပူးပေါင်းဆောင်ရွက်ခဲ့ပြီး ရေဂါလန် (၅၂၅)သန်း သိုလှောင်နိုင်သည့် မြို့နှင့် (၄)မိုင်ခန့်အကွာရှိ အောင်ဒိုင်ရေချိုကန်မှ ၈ လက်မ ရေပိုက်လိုင်း (၂) လိုင်းသွယ်တန်း၍ မြင်းကောင်ရေ (၅၀)အင်အားရှိ ရေတွန်းစက် (၂)လုံးဖြင့် တွန်းပို့ကာ တစ်နေ့လျှင် ရေဂါလန် (၁၂)သိန်းခန့် ထပ်မံရေကူဖြည့်တင်းပေးလျက်ရှိပါကြောင်း၊ အဆိုပါ ရေကူ ဖြည့်တင်းခြင်းလုပ်ငန်းအတွက် ဒေသမှ ငွေကျပ် (၁၆၁၂ ဒသမ ၃)သိန်း၊ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျပ် (၂၀၄၄ ဒသမ ၇)သိန်း၊ စုစုပေါင်းကျပ် (၃၆၅၇)သိန်းဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ကန်တော်ကြီးရေကန် ပိုမိုဝင်ဆံ့နိုင်ရေးအတွက် ကန်တော်ကြီး မြေသားတာပေါင် ပေရှည် (၄၇၀၀)ပေ အား (၅)ပေမြှင့်တင် ဆောင်ရွက်ခြင်းလုပ်ငန်းကို ငွေကျပ် (၇၉၀)သိန်း ကျခံဆောင်ရွက်ပေးခဲ့သည့်အတွက် ရေဂါလန် (၄၀)သန်း ပိုမိုသိုလှောင်နိုင်ခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ စစ်တွေမြို့လူထုအနေဖြင့် နွေရာသီကန်တော်ကြီးရေပြတ်လပ်မှုမှ ကင်းဝေးပြီး ရေအခက်အခဲမဖြစ်စေရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အထက်ပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် စစ်တွေမြို့အား တစ်နေ့လျှင် ရေဂါလန် သိန်း (၃၀)ခန့် ဖြန့်ဖြူးပေးဝေလျက်ရှိပါကြောင်း။

လုပ်ငန်းစဉ် (၃)ဖြစ်သည့် ဆတ်ရိုးကျချောင်းအားပိတ်ပြီး ရေလှောင်တမံတည်ဆောက်ကာ ရေတိုးတက်ရရှိရေးလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ စစ်တွေမြို့မြောက်ဘက်ပေ (၄၂၀၀) အကွာတွင်ရှိသော ဆတ်ရိုးကျချောင်းလက်တက် ကန်ပိုင်ချောင်းအားပိတ်ပြီး မြေသားတာပေါင် အလျား (၆၄၀၀)ပေ၊ အမြင့် (၁၅)ပေတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောင်ရွက်ပြီးပါက ရေဂါလန် (၁၃၀)သန်း သိုလှောင်နိုင်မည်ဖြစ်ပြီး စစ်တွေမြို့၏ မြောက်ပိုင်းရပ်ကွက် (၇)ခုသို့ တစ်နေ့လျှင် ရေဂါလန် (၄)သိန်းခန့် ပိုမိုပေးဝေနိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကုန်ကျမည့်ငွေမှာ ကျပ် (၁၉၅၂ ဒသမ ၂) သိန်းဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် (၂၇၅ ဒသမ ၄)သိန်းဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါသဖြင့် လုပ်ငန်းပြီးစီးပါက စစ်တွေမြို့အား တစ်နေ့လျှင် စုစုပေါင်း ရေဂါလန် (၃၄)သိန်းခန့် ဖြန့်ဝေပေးနိုင်မည် ဖြစ်ပါကြောင်း။

စီမံဆောင်ရွက်

စစ်တွေမြို့ သောက်သုံးရေတိုးတက်ရရှိရေးအတွက် (၁၆-၁-၂၀၁၀)ရက်နေ့နှင့် (၁၇-၅-၂၀၁၀) ရက်နေ့တို့တွင် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ကန်တော်ကြီးရေကန်အား သွားရောက်စစ်ဆေးခဲ့ပြီး ဝန်ကြီးနှင့် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌတို့မှ ရှင်းလင်းတင်ပြခဲ့ပါကြောင်း၊ အဆိုပါ ရှင်းလင်းတင်ပြချက်ကို လေ့လာခြင်းအားဖြင့် နိုင်ငံတော်မှ စစ်တွေမြို့သူမြို့သားများ သောက်သုံးရေ အခက်အခဲ မရှိစေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိနိုင်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၅၄)အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ အခွန်အခများကို ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်ဘဏ္ဍာငွေ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် မေးမြန်းချက်များကိုပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

အရအသုံးဆိုင်ရာ ဥပဒေအတိုင်း မြို့များတွင် စည်ပင်သာယာရေးအဖွဲ့များဥပဒေနှင့်အညီ ပြန်လည်သုံးစွဲရန်ခွင့်ပြုထားပါကြောင်း၊ သို့ပါ၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ရန်ပုံငွေဖြင့် သောက်သုံးရေဖူလုံစွာရရှိရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် စစ်တွေမြို့ မြို့ရေပေးရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်း (ခ) ဦးအင်ထုဖုန်ဆန်း၏ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသများနှင့်စပ်လျဉ်းသည့်မေးခွန်းကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း (ခ) ဦးအင်ထုဖုန်ဆန်းက **တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသည့် တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများအတွက် ကူညီဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိနှင့် တိုးတက်ဖွံ့ဖြိုးမှုနှေးကွေးလျက်ရှိသော တိုင်းရင်းသားလူမျိုး (သို့မဟုတ်) ဒေသများသို့ နိုင်ငံတော်က လေ့လာစုံစမ်းရေးအဖွဲ့ စေလွှတ်၍ တိုင်းရင်းသားလူမျိုး (သို့မဟုတ်) နယ်မြေဒေသ ဖွံ့ဖြိုးရေးအတွက် ဦးစားပေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ** မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၁၉၈၈ ခုနှစ်မတိုင်မီက ပြည်တွင်းလက်နက်ကိုင် ဆူပူသောင်းကျန်းမှုများနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် နယ်စပ်ဒေသများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု များစွာနောက်ကျကျန်ရစ်ခဲ့ပါကြောင်း၊ နယ်စပ်ဒေသနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ အရှိန်အဟုန်ဖြင့်တိုးတက်လာစေရန် ဝန်ကြီးဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်ပေးခြင်းထက် ဝန်ကြီးဌာနများပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှသာလျှင် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉၈၉ ခုနှစ် မေလ ၂၅ ရက် ရက်စွဲပါ အမိန့်အမှတ် (၂၃/၈၉)ဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ပြင် ဗဟိုကော်မတီကို အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၇ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၀၄)အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် (၁၆) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကြီးကြပ်လမ်းညွှန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထက်ပါ ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် "နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ" ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉၈၉ ခုနှစ် မေလ ၃၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၄/၈၉)အရ အဖွဲ့ဝင် (၁၇)ဦးဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၀၆)အရ နိုင်ငံတော်ဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် (၂၃) ဦးဖြင့် လုပ်ငန်းကော်မတီကို ပြင်ဆင်ဖွဲ့စည်းပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရသည် ၁၉၈၉ ခုနှစ်မှစ၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အလေးထားတည်ဆောက်ခဲ့သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်ငြိမ်းချမ်းရေး အဖွဲ့ကြီး (၁၇)ဖွဲ့၊ အဖွဲ့ငယ်ပေါင်း (၂၀)ကျော် တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပါကြောင်း။

နယ်စပ်ဒေသအသီးသီးတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တစ်ဖွဲ့ပြီးတစ်ဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာသည်နှင့်အမျှ ထိုဒေသများ တည်ငြိမ်အေးချမ်းလာသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ငန်းကဏ္ဍအလိုက် ပီပီပြင်ပြင်ဆောင်ရွက်နိုင်ရန်အတွက် "နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း ဆပ်ကော်မတီ" (၁၈)ခုအား လုပ်ငန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ ဥက္ကဋ္ဌအဖြစ်တာဝန်ယူ၍ ဌာနဆိုင်ရာအကြီးအကဲများ ပါဝင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တင်ပြပါ လုပ်ငန်းဆပ်ကော်မတီ (၁၈)ခုမှာ -

(က) လမ်း/တံတားလုပ်ငန်းဆပ်ကော်မတီ၊
(ခ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆပ်ကော်မတီ၊
(ဂ) ကျန်းမာရေးလုပ်ငန်းဆပ်ကော်မတီ၊
(ဃ) ပညာရေးလုပ်ငန်းဆပ်ကော်မတီ၊
(င) စိုက်ပျိုးရေးလုပ်ငန်းဆပ်ကော်မတီ၊
(စ) သစ်တောလုပ်ငန်းဆပ်ကော်မတီ၊
(ဆ) မွေးမြူရေးလုပ်ငန်းဆပ်ကော်မတီ၊
(ဇ) ကုန်သွယ်ရေးလုပ်ငန်းဆပ်ကော်မတီ၊
(ဈ) စွမ်းအင်လုပ်ငန်းဆပ်ကော်မတီ၊
(ည) ပြည်သူ့ဆက်ဆံရေးလုပ်ငန်းဆပ်ကော်မတီ၊
(ဋ) သတ္တုရှာဖွေတူးဖော်ရေးလုပ်ငန်းဆပ်ကော်မတီ၊
(ဌ) ဆက်သွယ်ရေးလုပ်ငန်းဆပ်ကော်မတီ၊
(ဍ) အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းဆပ်ကော်မတီ၊
(ဎ) စီမံခန့်ခွဲရေးနှင့်ဘဏ္ဍာရေးလုပ်ငန်းဆပ်ကော်မတီ၊
(ဏ) စာရင်းအင်းစစ်ဆေးရေးလုပ်ငန်းဆပ်ကော်မတီ၊
(တ) သာသနာရေးဆိုင်ရာလုပ်ငန်းဆပ်ကော်မတီ၊
(ထ) ပြည်ထဲရေးဆိုင်ရာလုပ်ငန်းဆပ်ကော်မတီ၊
(ဒ) လူမှုဝန်ထမ်းနှင့်သမဝါယမလုပ်ငန်းဆပ်ကော်မတီတို့ ဖြစ်ပါကြောင်း။

နယ်စပ်ဒေသများတွင် လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲနိုင်စေရန်အတွက် ၁၉၈၉ ခုနှစ် ဇွန်လ ၁၃ရက်နေ့မှစ၍ သက်ဆိုင်ရာဒေသရှိတိုင်းစစ်ဌာနချုပ် စစ်တိုင်းမှူးများ၊ ပြည်နယ်ဥက္ကဋ္ဌများက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော "ဒေသဆိုင်ရာလုပ်ငန်းကော်မတီ" (၁၁)ခုကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါဒေသဆိုင်ရာလုပ်ငန်းကော်မတီ (၁၁)ခုမှာ -

(က) ကချင်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊
(ခ) ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊
(ဂ) ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊
(ဃ) ရှမ်းပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊
(င) ကယားပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊
(စ) ကရင်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊
(ဆ) မွန်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊
(ဇ) တနင်္သာရီတိုင်းဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊
(ဈ) စစ်ကိုင်းတိုင်းဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊
(ည) ချင်းပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၊
(ဋ) ရခိုင်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီတို့ ဖြစ်ပါကြောင်း။

ထို့အပြင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစိုးရအဖွဲ့က ၁၉၉၂ ခုနှစ် စက်တင်ဘာလ ၂၄ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၉၂)ဖြင့် "နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန" ကို ဖွဲ့စည်းပေးခဲ့ပါကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၏ အဆင့်ဆင့်တင်ပြချက်များအပေါ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီတို့မှ ဦးစားပေးအဆင့်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ၁၉၈၉-၁၉၉၀ မှ ယခု ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ နိုင်ငံတစ်ဝန်း၌ ဆောင်ရွက်ပေးခဲ့မှုများမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ် (၁၃၀,၀၄၀)သန်း၊ အခြားဝန်ကြီးဌာနများ၏ ရန်ပုံငွေမှ ကျပ် (၂၁၄၂၃၃ ဒသမ ၉၇)သန်း၊ စုစုပေါင်းကျပ် (၃၄၄၂၇၃ ဒသမ ၉၇)သန်း အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက် ဆောင်ရွက်ပေးမှုများမှာ -

(က) လမ်း/တံတားလုပ်ငန်းကဏ္ဍတွင် နယ်စပ်ဒေသများ၌ မြေလမ်း(၄၃၉၇)မိုင်၊ ကျောက်ခင်းလမ်း (၃၁၃၃)မိုင်၊ ကတ္တရာလမ်း(၄၇၃)မိုင်၊ လမ်းပြင်/ ထိန်းလုပ်ငန်း (၃၅၈၇)မိုင်တို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အတူ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တည်ဆောက်ပေးသော တံတားများအပါအဝင် စုစုပေါင်း တံတားကြီး(၁၁၉)စင်း၊ တံတားငယ် (၁၄၆၂)စင်း၊ ကြိုးတံတား (၆၃)စင်းတို့ကိုလည်း တည်ဆောက်ပေးခဲ့ပါကြောင်း။

(ခ) ပညာရေးကဏ္ဍတွင် မူလတန်းကျောင်း (၈၈၈)ကျောင်း၊ အလယ်တန်းကျောင်း (၉၂)ကျောင်း၊ အထက်တန်းကျောင်း (၉၄)ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

(ဂ) ကျန်းမာရေးကဏ္ဍတွင် ဆေးရုံ(၁၀၀)ရုံ၊ ဆေးပေးခန်း(၉၆)ခန်း၊ ကျေးလက်ကျန်းမာရေးဌာန (၉၄)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၂၀၂)ခုတို့ကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

(ဃ) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးရေးရုံး(၃၁)ခု၊ စိုက်ပျိုးရေးစခန်း(၁၁၈)ခု၊ တည်ဆောက်ပြီး ဆည် (၆၃)ခု၊ တိုင်းတာပြီး ဆည်(၁၇)ခု၊ တူးမြောင်း (၅)ခု၊ ထွန်စက်စခန်း(၁၁)ခု တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း။

(င) မွေးမြူရေးကဏ္ဍတွင် မွေးမြူရေးခြံ(၂၀)ခြံ၊ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးရုံး (၄၁)ရုံး တည်ဆောက်ပေးခဲ့၍ နွားမျိုး(၇၃)ကောင်၊ မြည်းသိုးမျိုး (၃၈)ကောင် ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

(စ) သစ်တောကဏ္ဍတွင် သစ်တောကြိုးဝိုင်း(၁၁)ခု၊ စီစဉ်ဆဲသစ်တောကြိုးဝိုင်း (၁၄)ခု၊ သစ်စက် (၄)ခု၊ သစ်တောပျိုးဥယျာဉ်(၁၄)ခုတို့ကို တည်ထောင်ပေးခဲ့ပါကြောင်း။

(ဆ) ပြည်သူ့ဆက်ဆံရေးကဏ္ဍတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ (၁၁၃)ရုံ တည်ဆောက်ပေးခဲ့ပါကြောင်း။ *စာမျက်နှာ ၅ ကော်လံ ၁*

စာမျက်နှာ ၄ မှ

(ဈ) ဆက်သွယ်ရေးကဏ္ဍတွင် စာတိုက်(၅၄)ခု၊ ကြေးနန်းရုံး(၄၇)ရုံး၊ တယ်လီဖုန်း လုပ်ငန်း (၈၆)ခု တို့ကို တည်ဆောက်ပေးခဲ့ပါကြောင်း။

(ည) စွမ်းအင်ကဏ္ဍတွင် မီးစက်အလုံးရေ (၂၇၆) လုံး၊ ရေအားလျှပ်စစ်စက်ရုံ (၅၁) ရုံ တည်ဆောက်ပေးခဲ့ပါကြောင်း။

ကချင်ပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီနယ်မြေတွင် မြေကော်စက် (၁)စီး၊ မြေထိုးစက် (၁၂)စီး၊ လမ်းကြိတ်စက် (၆)စီး၊ မြေသယ်ယာဉ် (၈)စီး စုစုပေါင်း (၂၇)စီး အသုံးပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ပြပါ လုပ်ငန်းဆပ်ကော်မတီများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာတွင် ကချင်ပြည်နယ်အတွက်လည်း တစ်ပြေးညီ အလေးထားဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခဲ့ရာတွင် လမ်းတံတား လုပ်ငန်းများ၌ မြေလမ်း (၇၂၅)မိုင်၊ ကျောက်ခင်းလမ်း (၃၀၉)မိုင်၊ ကတ္တရာလမ်း(၂)မိုင်၊ လမ်းပြုပြင် ထိန်းသိမ်းခြင်း (၂၇၂)မိုင်၊ တံတားကြီး (၁၂)စင်း၊ တံတားငယ် (၃၁၉)စင်းနှင့် ကြိုးတံတား (၂၄)စင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်းပေါင်း (၂၇၈၀ ဒသမ ၅၉)သန်း ကျခံသုံးစွဲပေးခဲ့ပါကြောင်း။

တက်ရောက်သင်ကြား

အလားတူ ပညာရေးလုပ်ငန်းတွင် ကချင်ဒေသအတွင်း၌ မူလတန်းကျောင်း (၁၇၃)ကျောင်း၊ အလယ်တန်းကျောင်း (၁၃)ကျောင်း၊ အထက်တန်းကျောင်း (၁၀)ကျောင်း ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နယ်စပ်ဒေသအသီးသီးမှ သက်ကြီးစာမတတ်သူများနှင့် ကျောင်းနေအရွယ်လွန်တိုင်းရင်းသားကလေးများအတွက် "အ" သုံးလုံး သင်တန်းများကို ၁၉၉၆ခုနှစ်မှစပြီး ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဖွင့်လှစ်သင်ကြားပေးခဲ့ပါကြောင်း၊ ထိုသို့သင်ကြားရာတွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီး၌ ၂၀၀၂ခုနှစ်တွင် (၄၃၉)ဦး၊ ၂၀၀၅ခုနှစ်တွင် (၈၃၅)ဦး၊ ၂၀၀၆ခုနှစ်တွင် (၂၈၆)ဦး၊ ၂၀၀၇ခုနှစ်တွင် (၈၅၅)ဦး၊ ၂၀၀၈ခုနှစ်တွင် (၇၂၈)ဦး၊ ၂၀၀၉ခုနှစ်တွင် (၂၇၈)ဦး၊ ၂၀၁၀ခုနှစ်တွင် (၈၀၇)ဦး သင်ကြားပေးခဲ့ရာ စုစုပေါင်း သင်တန်းသားသင်တန်းသူ (၄၂၂၈)ဦး တက်ရောက်သင်ကြား တတ်မြောက်ခဲ့ပြီး ဖြစ်ပါကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ကချင်ပြည်နယ်အတွင်း နယ်စပ်ဒေသအသီးသီး၌ ဆေးရုံ(၁၂)ရုံ၊ ဆေးပေးခန်း(၃၀)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၁၇)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၂၇)ခု ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် ဆည်(၂)ခု တည်ဆောက်ပေးခဲ့ပြီး၊ စိုက်ပျိုးရေးစခန်း (၂)ခု၊ စိုက်ပျိုးရေးရုံး(၈)ရုံး ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

မွေးမြူရေးကဏ္ဍတွင် တိရစ္ဆာန်မွေးမြူရေးရုံး (၄)ရုံး ဖွင့်လှစ်ပေးခဲ့ပြီး၊ မွေးမြူရေးခြံ (၁)ခြံ တည်ဆောက်ပေးခဲ့ပါကြောင်း။

ပြည်သူ့ဆက်ဆံရေးကဏ္ဍတွင် ကချင်ဒေသအတွင်း၌ မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီ ရုပ်သံလိုင်း အသီးသီး ထုတ်လွှင့်ပြသနိုင်သော ထပ်ဆင့်လွှင့်စက်ရုံ (၁၅)ရုံ တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ကချင်ဒေသအတွင်းတွင် ဆက်သွယ်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးခဲ့ရာ စာတိုက် (၃)ခု၊ ကြေးနန်းရုံး (၅)ရုံး၊ တယ်လီဖုန်းရုံး (၆)ရုံး ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

စွမ်းအင်ကဏ္ဍတွင် မီးစက် စုစုပေါင်း(၂၂)လုံးဖြင့် မြို့ရွာ(၁၇)ခုအား မီးလင်းစေခဲ့ပြီး၊ ရေအားလျှပ်စစ်စက်ရုံ (၁)ရုံကို တည်ဆောက်ပေးခဲ့ပါကြောင်း။

နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှုမရှိ၍ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသည့်အတွက် နယ်စပ်ဒေသမှ ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ရန် အခွင့်အလမ်းနည်းပါးနေသူ တိုင်းရင်းသားလူငယ်များအား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ တင်ပြလိုပါကြောင်း၊ နယ်စပ်ဒေသ အသီးသီးတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာ၌ ပထမအဆင့် နယ်စပ်ဒေသနေ တိုင်းရင်းသားများ၏ ဒေသအစားအစာ ဖူလုံရန်၊ ထိုမှတစ်ဆင့် ဝတ်ရေး၊ နေရေးအဆင်ပြေစေရန်အတွက် လူမှုစီးပွားရေးအခြေခံ အဆောက်အအုံများ တည်ဆောက်ပေးရန်၊ ထိုမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှု Sustainable Development ရှိစေရန်အတွက် လူသားအရင်းအမြစ်စွမ်းအင် ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ထို့အတွက်ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး အစီအမံများဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက် ပညာသင်ယူမှုအခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသည့် နယ်စပ်ဒေသကလေးသူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ ဖြစ်ပေါ်လာစေရန် စီမံဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ရန် အခွင့်အလမ်းနည်းပါးသော တိုင်းရင်းသားလူငယ်များ စရိတ်ငြိမ်းပညာသင်ယူနိုင်ရန်အတွက် နယ်စပ်ဒေသတစ်လျှောက်တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (၂၉)ကျောင်း ဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိပါကြောင်း၊ ယင်း (၂၉)ကျောင်းအနက် ကချင်ပြည်နယ်တွင် ပူတာအိုမြို့၊ မြစ်ကြီးနားမြို့ အမှတ်(၁)၊ မြစ်ကြီးနားမြို့ အမှတ်(၂)၊ ဗန်းမော်မြို့များ၌ သင်တန်းကျောင်း (၄)ကျောင်း ဖွင့်လှစ်ထားပါကြောင်း။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများတွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသဖြင့် ရွေးချယ်ထားသော ကျောင်းသားကျောင်းသူများအား အဆောင်နေအဖြစ် လက်ခံ၍ အထက်တန်းကျောင်းများတွင် အပ်နှံပညာသင်ကြားပေးခဲ့ပါကြောင်း။

၁၉၉၉-၂၀၀၀ မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အထိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ ဒသမတန်းအောင်မြင်သူ (၆၁၂)ဦးအနက် ကျောင်းသား (၅၆၁)ဦးအား "ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်" (ရန်ကုန်နှင့်မန္တလေး)သို့ တက်ရောက်စေလျက်ရှိပြီး၊ ကျောင်းသူများကို တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(၂၄)ဦး၊ သူနာပြုသင်တန်း(၈)ဦး၊ သားဖွားသင်တန်း (၁၀)ဦးနှင့် ပညာရေးကောလိပ်(၉)ဦး တက်ရောက်စေလျက် ရှိပါကြောင်း။

တည်ဆောက်ဖွင့်လှစ်

ယနေ့အချိန်အခါတွင် နယ်စပ်ဒေသများ တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံကလေးသူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာချိန်တွင် ရရှိဖြစ်ထွန်းနေသော ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ရေရှည်ထိန်းသိမ်းမြှင့်တင်ပေးနိုင်စွမ်းရှိမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ နယ်စပ်ဒေသလူငယ်များအတွင်း၌ ဖြစ်ထွန်းလာစေရန်အတွက် ၂၀၀၀ပြည့်နှစ်မှစပြီး ရန်ကုန်နှင့် မန္တလေးမြို့များ၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(၂)ခုကို ဖွင့်လှစ်တည်ဆောက်ပေးခဲ့ပါကြောင်း။

ထို့ပြင် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအတွင်း အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ၁၉၉၉ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂၁/၉၉) အရ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနကိုဖွဲ့စည်းကာ ယခုအချိန်တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ မန္တလေး)၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (၂၉)ကျောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ စက်မှု၊ လက်မှု ပညာသင်တန်းကျောင်း(၄)ကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (၃၉)ကျောင်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်း (ခ) ဦးအင်ထုဖုန်ဆန်း၏ ထာခချောင်းရေတံခွန်မှ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်းကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မချမ်းဘော မဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း (ခ) ဦးအင်ထုဖုန်ဆန်းက **ကချင်ပြည်နယ် မချမ်းဘောမြို့နယ်ရှိ ထာခချောင်း ရေတံခွန်မှ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် သက်ဆိုင်ရာက ကွင်းဆင်းတိုင်းတာမှု အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်ကို လေ့လာသိရှိရပါကြောင်း၊ အဆိုပါ ထာခချောင်း ရေတံခွန်မှ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ရည်ရွယ်ချက် ရှိ မရှိနှင့် ရှိပါက မည်သည့် အချိန်တွင် လုပ်ငန်းစတင်နိုင်မည်ကို သိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း မေးမြန်းချက်ကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းက ရေအားလျှပ်စစ်စီမံကိန်းများ၏ လုပ်ငန်းအစီအစဉ် ဆောင်ရွက်မှုနှင့် နည်းပညာ သဘောသဘာဝကို ဦးစွာရှင်းလင်းတင်ပြလိုပါကြောင်း၊ ရေအားလျှပ်စစ် စီမံကိန်းများ ဆောင်ရွက်ရန်အတွက် ပထမဦးစွာ နိုင်ငံတော် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့သို့ တင်ပြ၍ ဆောင်ရွက်ခွင့် ခွင့်ပြုချက်ရယူရပါကြောင်း၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ အတည်ပြုချက်၊ ခွင့်ပြုချက်ရရှိပြီးလျှင် စီမံကိန်းလုပ်နိုင်ရန်အတွက် ဖြစ်နိုင်စွမ်း ရှိ မရှိ စူးစမ်းလေ့လာမှု၊ တိုင်းတာမှုများ ပြုလုပ်ရပါကြောင်း၊ ပဏာမ စူးစမ်းလေ့လာမှုပြုလုပ်ရာတွင် စီမံကိန်းလုပ်မည့် မြစ် (သို့မဟုတ်) ချောင်းတစ်လျှောက်ရှိ တစ်နှစ်ပတ်လုံးရှာသွန်းသည့် မိုးရေချိန် ပမာဏ၊ တစ်နှစ်ပတ်လုံးစီးဝင်ရေ ပမာဏ၊ ဘူမိဗေဒအနေအထားများ၊ စီမံကိန်းလုပ်နိုင်မည့် နေရာများ မည်မျှရှိသည်၊ စီမံကိန်းလုပ်နိုင်မည့်နေရာ၏ မြစ် (သို့မဟုတ်) ချောင်း၏ အထက်ပိုင်း (up Stream)နှင့် အောက်ပိုင်း (down Stream)တွင် စီမံကိန်းကြောင့် ဖြစ်ပေါ်ပြောင်းလဲလာနိုင်သော သဘာဝပတ်ဝန်းကျင်အခြေအနေတို့ကို အချိန်ယူ၍ အသေးစိတ် လေ့လာရပါကြောင်း၊ ၎င်းကိုမြစ်ဝှမ်းတစ်လျှောက်လေ့လာခြင်း (Basin Study)ဟု ခေါ်ဆိုသတ်မှတ်ပါကြောင်း၊ သာမန်အားဖြင့် အချိန်ကာလ (၁၈)လခန့် လိုအပ်ပါကြောင်း။

ပဏာမ စူးစမ်းလေ့လာမှုပြုလုပ်၍ ရရှိသော အစီရင်ခံစာအပေါ် မူတည်၍ အသေးစိတ်စူးစမ်းလေ့လာမှု ထပ်မံပြုလုပ်ရပါကြောင်း၊ တစ်ခါတစ်ရံ ပဏာမစူးစမ်းမှုပြုလုပ်ရာတွင် စီမံကိန်းဆောင်ရွက်နိုင်သောနေရာ (၃)ခု၊ (၄)ခုရရှိတတ်ပါကြောင်း၊ ၎င်းထဲမှ အကောင်းဆုံး၊ အသင့်လျော်ဆုံးနေရာတစ်ခုကို စိစစ်ရွေးချယ်လျက် ၎င်းနေရာကို အသေးစိတ်ထပ်မံ စူးစမ်းလေ့လာတိုင်းတာလျက် တည်ဆောက်မည့် အသေးစိတ်ပုံစံ ဒီဇိုင်းတစ်ခု ရရှိသည်အထိ ဆောင်ရွက်ရပါကြောင်း၊ သာမန်အားဖြင့် အချိန်ကာလ (၁၂)လခန့် ကြာတတ်ပါကြောင်း၊ သို့ဖြစ်၍ ရေအားလျှပ်စစ်စီမံကိန်းတစ်ခု ဆောင်ရွက်ရန် ဖြစ်နိုင် မဖြစ်နိုင်၊ ဖြစ်နိုင်ခြေ ရှိ မရှိ စူးစမ်း၊ လေ့လာ၊ အတည်ပြု၊ ဒီဇိုင်းပုံစံ ထုတ်နိုင်သည်ထိ အချိန်ကာလ လပေါင်း (၃၀)ခန့် ကြာမြင့်မည်ဖြစ်ပါကြောင်း၊ ဖြစ်နိုင်စွမ်းရှိပြီဟု သေချာပြီးသော နေရာတစ်ခုတွင် စီမံကိန်းတည်ဆောက်ပါက စီမံကိန်း၏ ပမာဏအကြီးအသေးပေါ် မူတည်၍ နှစ်ကာလ(၃)နှစ်မှ(၁၀)နှစ်ခန့်အထိ အချိန်ယူတည်ဆောက်ရပါကြောင်း။

နယ်စပ်ဒေသအသီးသီးမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ တိုင်းရင်းသားလူငယ်များထဲမှ သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့်ရွေးချယ်ပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် မန္တလေး)တို့တွင် ဝိဇ္ဇာ/သိပ္ပံနှင့် အင်ဂျင်နီယာအတတ်ပညာ(အေဂျီတီအိုင်)တို့ကို သင်ကြားပေးလျက်ရှိပါကြောင်း၊ ထို့ပြင် မဟာဝိဇ္ဇာ၊ မဟာသိပ္ပံသင်တန်းများနှင့် B.E ၊ M.E သင်တန်းများကိုလည်း သက်ဆိုင်ရာတက္ကသိုလ်များတွင် ဆက်လက်တက်ရောက်စေလျက် ရှိပါကြောင်း။

ခန့်အပ်

၂၀၀၃-၂၀၀၄ ပညာသင်နှစ်မှ၂၀၁၀-၂၀၁၁ပညာသင်နှစ်အထိ ဝိဇ္ဇာဘွဲ့(၃၈၀)ဦး၊ သိပ္ပံဘွဲ့ (၆၈၈)ဦး၊ အေဂျီတီအိုင် ဒီပလိုမာ (၄၄၅)ဦး စုစုပေါင်း (၁၅၁၃)ဦး ဘွဲ့ရရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဘွဲ့နှင့်ဒီပလိုမာ ရရှိပြီးသူများနှင့် ထူးချွန်ထက်မြက်သူများကို မဟာသိပ္ပံ/မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်း၊ မဟာသိပ္ပံ/မဟာဝိဇ္ဇာဘွဲ့သင်တန်း၊ M.Res သင်တန်း၊ ပါရဂူဘွဲ့ကြို Prelim သင်တန်း၊ ပါရဂူဘွဲ့ Ph.D သင်တန်း၊ B.Tech သင်တန်း၊ B.E သင်တန်းနှင့် M.E သင်တန်းများ တက်ရောက်ရန် စီစဉ်ပေးခဲ့ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အထိ မဟာဝိဇ္ဇာဘွဲ့ (၄၄)ဦး၊ မဟာသိပ္ပံဘွဲ့ (၆၇)ဦး၊ M.E ဘွဲ့ (၈)ဦး၊ B.E ဘွဲ့ (၁၁၇)ဦး၊ B.Tech ဘွဲ့(၁၈၂)ဦးတို့ကိုလည်း မွေးထုတ်ပေးခဲ့ပါကြောင်း၊ အဆိုပါ ဒီဂရီကောလိပ် (၂)ခုမှ ဝိဇ္ဇာ/သိပ္ပံဘွဲ့ရ ကျောင်းသား (၁၀၆၈)ဦးနှင့် အေဂျီတီအိုင် ဒီပလိုမာလက်မှတ်ရ ကျောင်းသား (၄၄၅)ဦး စုစုပေါင်း(၁၅၁၃)ဦးတို့ကို ဝန်ကြီးဌာနအသီးသီးတွင် ခန့်အပ်တာဝန်ထမ်းဆောင်စေခဲ့ပါကြောင်း။

ထို့ပြင်နယ်စပ်ဒေသများသည် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသဖြင့် ဆင်းရဲနွမ်းပါးပြီး ဝင်ငွေမရှိသည့် တိုင်းရင်းသူ အမျိုးသမီးငယ်များကို အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဝင်ငွေရရှိရန်အတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (၃၉)ကျောင်းကို နယ်စပ်ဒေသအသီးသီးနှင့် မြန်မာနိုင်ငံအလယ်ပိုင်း ဖွံ့ဖြိုးမှုနှေးကွေးသည့် ဒေသများတွင် ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ အဆိုပါ(၃၉)ကျောင်းအနက် ကချင်ပြည်နယ်တွင် ပူတာအိုမြို့၊ ဗန်းမော်မြို့၊ ဒွန်ဘန်ကျေးရွာ ဖားကန့်မြို့နယ်၊ ဒေါ့ဖုန်းယန်မြို့များတွင် သင်တန်းကျောင်း (၄)ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ သင်ကြားပေးသည့် သင်တန်းများမှာ အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ရက်ကန်းသင်တန်း၊ ကနုကမာကျောက်စီပန်းချီသင်တန်း၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး)သင်တန်း၊ ရွှေချည်ထိုးသင်တန်း၊ ဟင်းလျာချက်ပြုတ်နည်းသင်တန်းများဖြစ်ပါကြောင်း။

အဆိုပါ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၂ခုနှစ်မှ ယနေ့အထိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများမှ သင်တန်းတက်ရောက်အောင်မြင်ခဲ့သူ စုစုပေါင်း(၃၈၄၈၉)ဦးရှိခဲ့ပြီး၊ သင်ကြားပို့ချခဲ့သော ပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ (၅၃၀၈)ဦး ရှိပါကြောင်း၊ ကချင်ပြည်နယ်အတွင်း အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (၄)ကျောင်း ဖွင့်လှစ်ထားရှိပြီး သင်တန်းသူ (၂၄၁၀)ဦး တက်ရောက် အောင်မြင်ခဲ့ပြီး၊ အသက်မွေးဝမ်းကျောင်းပြုသူ (၅၆)ဦး ရှိပါကြောင်း။

အလေးအနက်ဆောင်ရွက်

အထက်ပါ ရှင်းလင်းချက်ကိုကြည့်ခြင်းအားဖြင့် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ နေထိုင်ရာဒေသများအတွက် ကူညီဆောင်ရွက်ရန် မည်သည့် အစီအစဉ် ရှိပါသနည်းဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်က မည်မျှအထိ အလေးအနက်ဆောင်ရွက်ခဲ့သည်ကို သိရှိနိုင်မည်ဖြစ်ပါကြောင်း။

တိုးတက်ဖွံ့ဖြိုးမှု နှေးကွေးလျက်ရှိသည့် တိုင်းရင်းသားလူမျိုး (သို့မဟုတ်) ဒေသများသို့ နိုင်ငံတော်က လေ့လာစုံစမ်းရေးအဖွဲ့စေလွှတ်ပြီး တိုင်းရင်းသားလူမျိုး (သို့မဟုတ်) နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် ဦးစားပေးဆောင်ရွက်ပေးနိုင်မည်လားဆိုသည့် မေးခွန်းမှာလည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီသည် လုပ်ငန်းကော်မတီ၊ သက်ဆိုင်ရာဒေသကော်မတီနှင့် မြို့နယ်အဆင့်အထိ မြို့နယ်အဆင့်လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်၍ သီးခြားလေ့လာရန် မလိုတော့ဘဲ ဆင့်ကဲဆင့်ကဲတင်ပြချက်ဖြင့် သိရှိဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်တွင် တည်ဆောက်ခဲ့ပြီးသော အသေးစားရေအားလျှပ်စစ်စီမံကိန်းနှင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ (၃၄)ရုံ၊ အလတ်စားနှင့် အကြီးစားရေအားလျှပ်စစ် စီမံကိန်းနှင့် ရေအားလျှပ်စစ် ဓာတ်အားပေး (၁၆)ရုံရှိပါကြောင်း၊ နိုင်ငံတော်၌ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ပေးနိုင်ရန်ရည်ရွယ်၍ ၂၀၀၁ခုနှစ်မှစတင်ပြီး အနှစ် (၃၀) လျှပ်စစ် မဟာဗျူဟာ နှစ်ရှည်စီမံကိန်းရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ လျှပ်စစ်စီမံကိန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာန ကိုယ်တိုင်ဆောင်ရွက်သောနည်းလမ်း၊ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများကို လုပ်ကိုင်ခွင့်ပေး၍ ဆောင်ရွက်သောနည်းလမ်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြု၍ ဆောင်ရွက်သောနည်းလမ်းဟူ၍ နည်းလမ်း(၃)ခုဖြင့် ဆောင်ရွက်ပါကြောင်း၊ ဆောင်ရွက်ရာတွင် ကနဦးကတင်ပြခဲ့သော ရေအားလျှပ်စစ်စီမံကိန်းများ၏ လုပ်ငန်းအစီအစဉ်အတိုင်း ဆောင်ရွက်လျက်ရှိပြီး ၎င်းအတိုင်း တည်ဆောက်ဆဲနှင့် ဆောင်ရွက်ဆဲစီမံကိန်း၊ စူးစမ်းလေ့လာတိုင်းတာဆဲ စီမံကိန်းများ စုစုပေါင်း (၆၈)ခု ရှိပြီး စုစုပေါင်း လျှပ်စစ်စက်တပ်ဆင်အား မဂ္ဂါဝပ် (၄၅၀၀၀)ကျော် ရှိပါကြောင်း။

ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်းမေးသော မချမ်းဘောမြို့နယ်ရှိ ထာခချောင်းရေအားလျှပ်စစ်စီမံကိန်းမှာ နိုင်ငံတော်အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့မှ ခွင့်ပြုချက်ရရှိပြီးသော စီမံကိန်းဖြစ်ပြီး စီမံကိန်းတည်ဆောက်ရန် ဖြစ်နိုင်စွမ်း ရှိ မရှိ စူးစမ်းလေ့လာဆဲကာလ ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီတစ်ခုက အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းဖြစ်ပါကြောင်း၊ စူးစမ်းလေ့လာမှုကာလပြီးဆုံး၍ လျှပ်စစ်စီမံကိန်းအဖြစ်ဆောင်ရွက်ရန် ဖြစ်နိုင်စွမ်းရှိသည်ဆိုလျှင် ဆက်လက်ဆောင်ရွက်မည့် အသေးစားရေအားလျှပ်စစ်စီမံကိန်းဖြစ်ပါကြောင်း။

လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ၂၀၀၈ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၈၈)၊ ဇယား(၂)၊ စာမျက်နှာ(၁၈၉)၊ စာပိုဒ် (၄)(က)တွင် "ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးမှအပ၊ မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသော အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးတွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိကြောင်း" ဖော်ပြထားပါကြောင်း၊ သို့ဖြစ်၍ ဒေသန္တရသုံး အသေးစားလျှပ်စစ်စီမံကိန်းများကို ပြည်နယ်အစိုးရ၏ စီမံခန့်ခွဲမှုဖြင့် ပုဂ္ဂလိကများ၊ သမဝါယမအသင်းများကလည်း ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရှိကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ (သတင်းစဉ်)

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းအတွဲ စုစုပေါင်း ၁၃၆၀၈ တွဲ ရောင်းချရ

နေပြည်တော် မတ် ၂၃

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၂၂ရက် နံနက်ပိုင်းတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူကြသည်။

ရတနာပြပွဲတွင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က စုစုပေါင်း ကျောက်စိမ်း ဈေးအများဆုံးဝယ်ယူသူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ M/S DERONG JADE Co., Ltd. မှ Mr. Gao Jian Ping အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုတို့ကို ပေးအပ်သည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၀ ရက်မှ စတင်ကျင်းပခဲ့ရာ မတ် ၂၂ရက်နေ့အထိ ကျောက်စိမ်းအတွဲ စုစုပေါင်း ၁၃၆၀၈တွဲ ရောင်းချရကြောင်း သိရှိရသည်။

နေပြည်တော်၌ ဒုတိယအကြိမ်ကျင်းပခဲ့သည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၀ ရက်မှ စတင်ကျင်းပခဲ့ရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည် စုစုပေါင်း ၈၇၁၉ဦးတို့ လာရောက်၍ စိတ်အားထက်သန်စွာ အပြိုင်အဆိုင် ဝယ်ယူအားပေးခဲ့ကြပြီး ပြပွဲဗဟိုကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ပြပွဲကိစ္စရပ်များ နေ့စဉ် ကြီးကြပ်ဆောင်ရွက်ပေးခဲ့၍ ညနေ ၃နာရီတွင် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းစိန်၏ အမျိုးသားပညာရည်မြင့်မားရေးနှင့်စပ်လျဉ်းသည့်မေးခွန်းကို ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပြန်လည်ဖြေကြား

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း မေးမြန်းချက်ကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်က **အမျိုးသားပညာရည်မြင့်မားရေးအတွက် ပညာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ သိရှိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

ဦးစားပေး

အဆိုပါ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက **ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသား ပညာရည်မြင့်မားရေးအတွက် အောက်ပါကဏ္ဍများတွင် ဦးစားပေးဆောင်ရွက်နေပါကြောင်း။**

ပထမအချက်အနေဖြင့် မြန်မာနိုင်ငံ၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ အခြေခံပညာနှင့် အဆင့်မြင့်ပညာရပ်များ သင်ယူခွင့်ရရှိရေး (Accessibility)နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြမှာဖြစ်ပါကြောင်း၊ အခြေခံပညာကဏ္ဍတွင် အခြေခံပညာကျောင်းပေါင်း ၄၀၈၀၀ကျော် ဖွင့်လှစ်ပေးထားသဖြင့် ယခင်ကထက် (၁ဒသမ၂)ဆကျော် တိုးတက်လာပါကြောင်း၊ ကျေးရွာ (၅)ရွာလျှင် (၃)ကျောင်းနှုန်း ဖွင့်လှစ်ထားပြီး ပျမ်းမျှအကွာအဝေးအနေဖြင့် ၁ဒသမ၄ မိုင်ခန့်သာရှိပါသဖြင့် အခြေခံပညာကို ကျောင်းနေအရွယ်ကလေးအားလုံး အခက်အခဲမရှိ လွယ်ကူစွာ တက်ရောက်သင်ယူနိုင်မှုအခွင့်အလမ်းများကို ဖွင့်လှစ်ပေးထားပြီး ဖြစ်ပါကြောင်း။

တစ်ပြေးညီရရှိ

အဆင့်မြင့် ပညာကဏ္ဍအနေဖြင့် တစ်နိုင်ငံလုံးတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်စုစုပေါင်း (၁၆၁)ခု တည်ထောင်ပေးထားပါကြောင်း၊ ၁၉၈၈ ခုနှစ်ထက်(၅)ဆ တိုးတက်လာပါကြောင်း၊ ပညာရေးဝန်ကြီးဌာနတွင် တက္ကသိုလ် ဆရာ၊ ဆရာမ (၁၂၀၀၀) ကျော် ရှိပါကြောင်း၊ ၁၉၈၈ ခုနှစ်ကထက် (၂)ဆ တိုးတက်လာပါကြောင်း၊ ကျောင်းသား ဦးရေမှာ ယခု(၅ဒသမ၀၅)သိန်းရှိသဖြင့် ၁၉၈၈ ခုနှစ်ကထက် (၄ဒသမ၅)ဆ ရှိသဖြင့် နိုင်ငံတစ်ဝှမ်းလုံးရှိ အဆင့်မြင့်ပညာ သင်ကြားလိုသူအားလုံးအတွက် အဆင့်မြင့်ပညာ သင်ယူနိုင်မှုအခွင့်အလမ်းများ တစ်ပြေးညီရရှိနေပြီဖြစ်ကြောင်း တင်ပြအပ်ပါကြောင်း။

ဒုတိယအချက်ဖြစ်သည့် အခြေခံနှင့် အဆင့်မြင့်ပညာကဏ္ဍတွင် နိုင်ငံတကာ အဆင့်မီအရည်အသွေးပြည့်ဝရေး (Quality) နှင့်ပတ်သက်၍ ဆက်လက်ရှင်းလင်း တင်ပြသွားမှာဖြစ်ပါကြောင်း၊ အခြေခံပညာကဏ္ဍတွင် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများအဖြစ် အဆင့်မြှင့်တင်ရေးဆွဲပြီး လေ့ကျင့် သင်ကြားပေးလျက်ရှိပါကြောင်း၊ ပညာရေးတက္ကသိုလ် (၂)ခုနှင့် ပညာရေးကောလိပ်(၂၀) ဖွင့်လှစ်ထားပြီး အရည်အသွေးပြည့်မီသော ဆရာ၊ ဆရာမများကို မွေးထုတ်ပေးလျက်ရှိပါကြောင်း။ ထို့အပြင် အခြေခံပညာ ဆရာ၊ဆရာမများ၏ အရည်အသွေး ပိုမိုမြင့်မားစေရေးအတွက် ဘာသာရပ်သင်ကြားမှုမ်းမံသင်တန်းများနှင့် ဉာဏ်သစ်လောင်းသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခြင်း၊ မဟာပညာရေးဘွဲ့နှင့် ပညာရေးပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခြင်းဖြင့် ဆရာ ဆရာမများ၏ အရည်အသွေးကို မြှင့်တင်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ပါရဂူဘွဲ့ရ တက္ကသိုလ် ဆရာ၊ ဆရာမ (၅၆)ဦး ကိုလည်း အထက်တန်းကျောင်းအုပ်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခဲ့ပြီး အရည်အသွေးမြှင့်တင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အခြေခံပညာကျောင်းများ၏ သင်ကြားရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများကို ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ပညာရေးမှူးများအား အခြေခံပညာကျောင်းအုပ်ချုပ်မှု မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ကြီးကြပ်မှုဖြင့် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်၊ ကောလိပ်များသို့ (၃)လတစ်ကြိမ် ကွင်းဆင်းစစ်ဆေး ကြပ်မတ်ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

ပူးပေါင်းဆောင်ရွက်

အဆင့်မြင့်ပညာ ကဏ္ဍအနေဖြင့် နိုင်ငံတကာအဆင့်မီ ပထမဘွဲ့၊ မဟာဘွဲ့ သင်တန်းများ၊ မဟာသုတေသနဘွဲ့ သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ နိုင်ငံခြားပညာသင် စေလွှတ်ခြင်း၊ နိုင်ငံခြားတက္ကသိုလ်များနှင့် ချိတ်ဆက်၍ နိုင်ငံခြားပါမောက္ခများက မြန်မာနိုင်ငံတက္ကသိုလ်များတွင် ဆွေးနွေးပို့ချခြင်း၊ ပါရဂူဘွဲ့ကျမ်းများကို ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်း၊ သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် သုတေသနဂျာနယ်များကို တက္ကသိုလ်အလိုက်နှင့် တက္ကသိုလ်များစုပေါင်း၍ ထုတ်ဝေခြင်း၊ ခေတ်မီသုတေသနသုံး စက်ပစ္စည်းများ တပ်ဆင်ထားသည့် သုတေသန center များဖွင့်လှစ်ထားရှိခြင်းများ ပြုလုပ်လျက်ရှိပါကြောင်း။ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာ အဆင့်မီရေးအတွက် နှစ်စဉ် ပြန်လည်နှိုင်းယှဉ် စိစစ်၍ အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း။ ဘွဲ့ကြိုတန်းအားလုံးတွင်လည်း project (သို့) Term paper (သို့) Thesis များ ပြုစုစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအနေဖြင့် အခြေခံပညာကဏ္ဍတွင် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော UNICEF, UNESCO အဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် JICA, KOICA စသော အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

အဆင့်မြင့်ပညာရေးကဏ္ဍအနေဖြင့် ASEAN Universities Network (AUN) တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်း၊ အိန္ဒိယနိုင်ငံနှင့်ပူးပေါင်း၍ မြန်မာ-အိန္ဒိယ စီးပွားရေးစွမ်းဆောင်မှု ပညာဖွံ့ဖြိုးမှုသင်တန်းဌာနနှင့် မြန်မာ-အိန္ဒိယ အင်္ဂလိပ်စာ လေ့ကျင့်သင်ကြားရေးဗဟိုဌာနတို့ကို တည်ထောင်ပြီး သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိခြင်း၊ ကိုရီးယားနိုင်ငံ KOICA အဖွဲ့နှင့်ပူးပေါင်း၍ Asia Research Centre ထူထောင်၍ ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့၏ ဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန (Centre for History Tradition) ကို ဖွင့်လှစ်၍ အာဆီယံနိုင်ငံများရှိ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များသို့ ပညာသင်များစေလွှတ်ခြင်း၊ ဧည့်ပါမောက္ခများ အပြန်အလှန် စေလွှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

လေ့ကျင့်သင်ကြား

တတိယအချက်အနေဖြင့် အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် ရွေးချယ်သင်ယူမှု အခွင့်အလမ်းများ အပြည့်အဝရရှိရေး (Diversity)နှင့် ပတ်သက်၍ အလယ်တန်းအဆင့်တွင် အသက်မွေးပညာ အခြေခံများကို ထည့်သွင်းသင်ကြားပေးလျက်ရှိပြီး အထက်တန်းအဆင့်တွင် ရွေးချယ်သင်ယူခွင့်ရှိသည့် ဘာသာတွဲများဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် ၁၉၈၈ ခုနှစ်တွင် သင်ကြားရေးအစီအစဉ်ပေါင်း (၇၉)ခုသာရှိခဲ့ရာမှ ၂၀၀၁ ခုနှစ်တွင် (၂၁၅)ခုအထိ သင်ကြားပေးနိုင်ခဲ့သဖြင့် (၂ဒသမ၇) ဆကျော် တိုးတက်လာခဲ့ပါကြောင်း။

ဘာသာရပ်နယ်ပယ် အသီးသီးတွင် မဟာသုတေသနဘွဲ့သင်တန်းများနှင့် ပါရဂူသင်တန်းများကို တိုးချဲ့သင်ကြားပေးလျက်ရှိပါကြောင်း၊ ခေတ်နှင့်အညီ တိုးတက်လာသော ပညာရပ်များဖြစ်သည့် နာနိုနည်းပညာရပ် (Nano Technology)၊ ဇီဝနည်းပညာဘာသာရပ် (Bio Technology)၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ပညာဆိုင်ရာဘာသာရပ် (Renewable Energy) တို့ကိုထည့်သွင်း သင်ကြားပေးခြင်းဖြင့် ဘာသာရပ်နယ်ပယ်စုံကို လေ့လာသင်ယူမှု အခွင့်အလမ်းများ အပြည့်အဝရရှိနေပြီဖြစ်ပါကြောင်း။

အထက်ပါပညာရပ်ဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံသားတိုင်းအတွက် အဓိကမရှိမဖြစ်လိုအပ်သော ငယ်စဉ်ကပင် ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ် ထွန်းကားပြန့်ပွားရေးအတွက် ဘာသာရပ်သင်ခန်းစာများကို ထည့်သွင်းသင်ကြားပေးလျက်ရှိသည့်အပြင် အခြေခံပညာအဆင့်၌ ကျောင်းစုဝေးပွဲများ ပြုလုပ်ပေးခြင်း၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် နေ့ကြီးရက်ကြီး အထိမ်းအမှတ် အခမ်းအနားများ၌ ဆရာ၊ ဆရာမများက ဟောပြောပညာပေးခြင်း၊ ကျောင်းသားများအား စာပေအနုပညာ ပြပွဲပြိုင်ပွဲများ ကျင်းပပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်၏ အမျိုးသားပညာ မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထက်တွင်တင်ပြခဲ့သည့် သင်ကြားမှု သင်ယူမှု အခွင့်အလမ်း အပြည့်အဝရရှိရေး၊ အရည်အသွေးပိုမိုမြင့်မားရေး၊ သင်ယူလိုသူ၏ ဆန္ဒ၊ ဝါသနာ၊ ဒေသလိုအပ်ချက်နှင့်အညီ ထားရှိသည်သာမက နိုင်ငံသားတိုင်းအတွက် အသက်တမျှအရေးကြီးသည့် လိုအပ်ချက်ဖြစ်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေး အစီအစဉ်များကို စနစ်တကျချမှတ်ကာ ကွက်ပြည့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။ **(သတင်းစဉ်)**

ဒေါပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်၏ ရန်ကုန်မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးအောင်သိန်းလင်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့်က **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရန်ကုန်မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်ပတ်သက်၍ သိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

အဆိုပါ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိလမ်းများမှာ မူလက ကတ္တရာကိုအခြေခံ၍ ခင်းထားသည့်လမ်းများသာ ဖြစ်ခဲ့ပါကြောင်း၊ ကတ္တရာလမ်းများအနေဖြင့် မိုးရာသီ မိုးတွင်းကာလများတွင် ရေအစိုဓာတ်ကြောင့် ကတ္တရာစေးကပ်မှုလျော့ကျစေပြီး လမ်းသားမျက်နှာပြင် ပျက်စီးမှုများ ဖြစ်ပေါ်လေ့ရှိပါကြောင်း၊ ပျက်စီးမှုများပြုပြင်ရန်အတွက် ကတ္တရာနှင့် ကျောက်ရောနှော၍ အပူပေးသည့် (Hot Mixed) (Hot Roll)စနစ်များဖြင့် လမ်းသားပြုပြင်ထိန်းသိမ်းခြင်းကို ဆောင်ရွက်ရပါကြောင်း၊ (Hot Mixed) (Hot Roll)စနစ်သည် အပူနှင့် မီးခိုးများထွက်စေသဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေပါကြောင်း၊ ရန်ကုန်မြို့တွင် နှစ်စဉ် (၄)လခန့် မိုးရေချိန်လက်မ ၉၀ မှ ၁၀၀ အထိ ရွာသွန်းသဖြင့် တစ်နှစ်လျှင် (၄)လခန့် ကတ္တရာလမ်းပြုပြင်ခြင်း၊ ခင်းကျင်းခြင်းကို မဆောင်ရွက်နိုင်ဘဲ မိုးတွင်းကာလများတွင် လမ်းပေါက်ဖာခြင်းသာ ဆောင်ရွက်နိုင်ပြီး ကျန် (၈)လတာကာလတွင်သာ လမ်းခင်းခြင်းကို ဆောင်ရွက်နိုင်သဖြင့် မြို့တွင်းကတ္တရာလမ်းများအနေဖြင့် ပျက်လိုက်၊ ပြင်လိုက်ဖြင့်သာ သံသရာလည်လျက်ရှိပါကြောင်း။

အောင်မြင်စွာဖွင့်လှစ်

အထက်ပါအခြေအနေတွင် နိုင်ငံတော်အကြီးအကဲက ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိလမ်းများကို ကွန်ကရစ်လမ်းများအဖြစ် ပြောင်းလဲခင်းကျင်းသွားရန်နှင့် ကွန်ကရစ်များခင်းရန်အတွက် ဘိလပ်မြေများရရှိရန် ဘိလပ်မြေစက်ရုံကို မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပြည်ညောင်ဒေသတွင် တည်ဆောက်ရန် လမ်းညွှန်ခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ တစ်နေ့တန် (၅၀၀)ကျ ဘိလပ်မြေစက်ရုံကိုတည်ဆောက်ခဲ့ရာ ၂၀၁၀ခုနှစ် ဧပြီလ ၂၉ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး ဘိလပ်မြေများ ထုတ်လုပ်နိုင်ခဲ့ပါကြောင်း။

ရန်ကုန်မြို့တော်အတွင်း ဘိလပ်မြေဖြင့် ကွန်ကရစ်လမ်းများ စတင်ခင်းကျင်းရန်နှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ပါကြောင်း-

(က) မြို့တော်နယ်နိမိတ်အတွင်း ကတ္တရာမခင်းရသေးသည့် မြေသားလမ်း၊ ကျောက်ချောလမ်း၊ ဂဝံလမ်းများကို ကတ္တရာလမ်းများအဖြစ် ဦးစားပေးခင်းကျင်းရန်၊

(ခ) ကွန်ကရစ်လမ်းခင်းကျင်းရာတွင် မြေသားလမ်း၊ ကျောက်ချောလမ်းများ အများအပြားရှိနေသည့် ဆင်ခြေဖုံးမြို့နယ်များတွင် ဦးစားပေးခင်းကျင်းရန်၊

(ဂ) လူသုံးများသည့် အဓိကလမ်းများကို ပထမဦးစားပေးခင်းကျင်းပြီးမှ လမ်းသွယ်များကို ဆက်လက်ခင်းကျင်းရန်၊

(ဃ) မြို့နယ်အားလုံးတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖြန့်ခွဲခင်းကျင်းရန်နှင့် တစ်ကြိမ်လျှင် တစ်ရပ်ကွက်၊ တစ်လမ်းနှုန်းပါဝင်အောင် ထည့်သွင်းခင်းကျင်းသွားရန်။

ကွန်ကရစ်လမ်းများ စမ်းသပ်ခင်းကျင်းခြင်းကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် လမ်း(၉)လမ်း၊ စုစုပေါင်း ပေအရှည် (၇၉၂၅)ပေ (၁ဒသမ၅)မိုင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်းပေါင်း (၂၀၈)လမ်း၊ စုစုပေါင်း ပေအရှည် (၂၁၇၂၁၅)ပေ (၄၁ဒသမ၁၃)မိုင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေး နှစ်တွင် ယနေ့အထိ (၂၇၁၆)လမ်း ဆောင်ရွက်ခဲ့ရာတွင် ၂၀၁၀ ခုနှစ် အောက်တိုဘာလကုန်အထိ ကွန်ကရစ်လမ်း (၅၅၉)လမ်း၊ ဒီဇင်ဘာလကုန်တွင် (၁၂၆၄)လမ်း၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီလကုန်တွင် (၁၅၄၉)လမ်း၊ ဖေဖော်ဝါရီလကုန်တွင် (၁၇၇၂)လမ်း၊ မတ်လ (၁၇)ရက်နေ့အထိ (၁၉၁၉)လမ်း ပြီးစီးပြီး ဆောင်ရွက်ဆဲလမ်း (၇၉၇)လမ်းဖြစ်ပါကြောင်း။

မြို့နယ်အသီးသီးတွင် ဆောင်ရွက်ခဲ့သည့် လမ်းပေါင်း (၂၇၁၆)လမ်းမှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် လမ်း(၁၂၀)လမ်း (၂၄၅၀၅၀ ပေ) (၄၆ဒသမ၄၁)မိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် လမ်း(၉၀)လမ်း (၁၀၃၅၃၀ ပေ) (၁၉ဒသမ၆၀)မိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် လမ်း(၆၄)လမ်း၊ (၈၉၁၁၀ ပေ) (၁၆ဒသမ၈၇)မိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် လမ်း(၉၃)လမ်း (၁၇၉၀၅၅ ပေ) (၃၃ဒသမ၉၁)မိုင်၊ တောင်ဥက္ကလာပမြို့နယ်တွင် လမ်း(၂၀၆)လမ်း (၁၄၇၂၀၅ ပေ) (၂၇ဒသမ၈၇)မိုင်၊ မြောက်ဥက္ကလာပမြို့နယ်တွင် လမ်း(၁၁၅)လမ်း (၉၃၇၂၅ ပေ) (၁၇ဒသမ၇၅)မိုင်၊ သဃ်န်းကျွန်းမြို့နယ်တွင် လမ်း(၁၁၅)လမ်း (၁၁၈၆၆၀ ပေ) (၂၂ဒသမ၄၇)မိုင်၊ ကျောက်တံတား မြို့နယ်တွင် လမ်း (၃)လမ်း (၂၅၅၀ ပေ) (၀ဒသမ၄၈)မိုင်၊ ပန်းဘဲတန်း မြို့နယ်တွင် လမ်း(၉)လမ်း (၇၆၅၀ ပေ) (၁ဒသမ၄၄)မိုင်၊ လသာမြို့နယ်တွင် လမ်း(၄)လမ်း (၂၉၁၅ ပေ) (၀ဒသမ၅၅)မိုင်၊ လမ်းမတော်မြို့နယ်တွင် လမ်း(၃)လမ်း (၃၉၃၀ ပေ) (၀ဒသမ၇၄)မိုင်၊ ဒဂုံမြို့နယ်တွင် လမ်း(၇)လမ်း (၆၀၂၅ ပေ) (၁ဒသမ၁၄)မိုင်၊ ဗဟန်းမြို့နယ်တွင် လမ်း (၂၉)လမ်း (၁၆၉၄၀ ပေ) (၃ဒသမ၂၀)မိုင်၊ စမ်းချောင်းမြို့နယ်တွင် လမ်း (၄၆)လမ်း (၁၅၂၆၅ ပေ) (၂ဒသမ၈၉)မိုင်၊ အလုံမြို့နယ်တွင် လမ်း (၅)လမ်း (၂၁၁၀ ပေ) (၀ဒသမ၃၉)မိုင်၊ ကြည့်မြင်တိုင်မြို့နယ်တွင် လမ်း(၁၃၈)လမ်း (၆၉၀၉၀ ပေ) (၁၃ဒသမ၀၈)မိုင်၊ တာမွေမြို့နယ်တွင် လမ်း (၄၇)လမ်း (၃၄၃၂၀ ပေ) (၆ဒသမ၅)မိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် လမ်း(၄၈)လမ်း (၂၇၈၈၅ ပေ) (၅ဒသမ၂၈)မိုင်၊ ပုဇွန်တောင်မြို့နယ်တွင် လမ်း (၁၅)လမ်း (၇၃၇၀ ပေ) (၁ဒသမ၃၉)မိုင်၊ ဗိုလ်တထောင်မြို့နယ်တွင် လမ်း(၇)လမ်း (၄၆၇၅ ပေ) (၀ဒသမ၈၈)မိုင်၊ သာကေတ မြို့နယ်တွင် လမ်း (၃၀၄)လမ်း (၁၉၄၅၀၅ ပေ) (၃၆ဒသမ၈၃)မိုင်၊ ဒေါပုံမြို့နယ်တွင် လမ်း (၁၀၂)လမ်း (၅၃၃၃၅ ပေ) (၁၀ဒသမ၁၀)မိုင်၊ ရန်ကင်းမြို့နယ်တွင် လမ်း(၅၉)လမ်း (၃၆၇၈၅ ပေ) (၆ဒသမ၉၆)မိုင်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် လမ်း(၂၅)လမ်း (၃၈၀၂၀ ပေ) (၇ဒသမ၂၀)မိုင်၊ ဒလမြို့နယ်တွင် လမ်း (၁၄၃)လမ်း (၂၀၆၃၁၀ ပေ) (၃၉ဒသမ၀၇)မိုင်၊ ကမာရွတ်မြို့နယ်တွင် လမ်း (၂၆)လမ်း (၁၅၈၉၀ ပေ) (၃)မိုင်၊ လှိုင်မြို့နယ်တွင် လမ်း (၄၇)လမ်း (၂၈၃၇၀ ပေ) (၅ဒသမ၃၇)မိုင်၊ မရမ်းကုန်းမြို့နယ်တွင် လမ်း (၁၄၇)လမ်း (၁၂၈၀၃၀ ပေ) (၂၄ဒသမ၂၄)မိုင်၊ အင်းစိန်မြို့နယ်တွင် လမ်း(၁၀၈)လမ်း (၁၃၆၀၄၅ ပေ) (၂၅ဒသမ၇၆)မိုင်၊ မင်္ဂလာဒုံမြို့နယ်တွင် လမ်း(၁၂၈)လမ်း (၂၃၅၂၇၀ ပေ) (၄၄ဒသမ၅၅)မိုင်၊ လှိုင်သာယာမြို့နယ်တွင် လမ်း(၁၁၄)လမ်း (၂၀၅၃၃၅ ပေ) (၃၈ဒသမ၉၂)မိုင်၊ ရွှေပြည်သာမြို့နယ်တွင် လမ်း (၃၂၆)လမ်း (၄၉၂၅၄၀ ပေ) (၉၃ဒသမ၂၈)မိုင်တို့ဖြစ်ပါကြောင်း။

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်း (၂၀၈)လမ်းသာ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုနှစ်တွင် ကွန်ကရစ်လမ်း (၂၇၀၀)ကျော် ဆောင်ရွက်နိုင်ခဲ့သဖြင့် ယမန်နှစ်ကထက် (၁၃)ဆခန့် တိုးတက်၍ လမ်းမိုင်အားဖြင့် (၅၇၀ဒသမ၂၃)မိုင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဤသို့ အမြောက်အမြား တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ခြင်းမှာ ကွန်ကရစ်ဖျော်စက် (၆)လုံးကို ဒေါပုံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ အင်းစိန်တို့တွင် တည်ဆောက်၍ ကွန်ကရစ်သယ်ယာဉ် (၃၃)စီး၊ လက်ဖျော်ကွန်ကရစ် Mixer (၁၈၀)လုံးဖြင့် တစ်ပြိုင်တည်းဖြန့်ခွဲ၍ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အချိန်တိုအတွင်း လမ်းအမြောက်အမြား ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်းတွင် အောက်ဖော်ပြပါ ကတ္တရာလမ်းမကြီးများကိုလည်း ကွန်ကရစ်ဖြင့် ထပ်ပိုးလွှာတင်ခြင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း-

စဉ်	လမ်းအမည်	ပေအရှည်
(က)	ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်း	၈၅၀ပေ × ၃၆ပေ
(ခ)	တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း (တာမွေငါးခွဆုံမှ အာသောကခုံးတံတားအထိ)	၄၅၀၀ပေ × ၇၂ပေ
(ဂ)	တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း (ဗညားဒလလမ်းမှ သမိန်ဗရမ်းလမ်းအထိ)	၂၈၅၀ပေ × ၇၂ပေ
(ဃ)	မရမ်းကုန်းမြို့နယ်၊ အုတ်ပုံဆိပ်လမ်း (အုတ်ပုံဆိပ်လမ်းမှ ကမ္ဘာအေးစေတီလမ်းအထိ)	၁၆၀၀ပေ × ၆၀ပေ
(င)	သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း (ဝေဇယန္တာပွိုင့်မှ ဦးစံဖေလမ်းအထိ)	၆၀၀၀ပေ × ၇၂ပေ
(စ)	ကမာရွတ်မြို့နယ်၊ ဟံသာဝတီလမ်း (ဟံသာဝတီလမ်းမှ ဗဟိုလမ်းအထိ)	၂၈၀၀ပေ × ၄၂ပေ
(ဆ)	မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း (ဦးအောင်မြတ်လမ်းမှ စက်ရုံလမ်းအထိ)	၁၂၀၀ပေ × ၄၈ပေ
(ဇ)	ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါလမ်း (လှည်းတန်းခုံးတံတားမှ ကမာရွတ်ချောင်းအထိ)	၃၁၀၀ပေ × ၄၄ပေ
(ဈ)	ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း (ကမ်းနားလမ်းမှ မဟာဗန္ဓုလလမ်းအထိ)	၁၇၀၀ပေ × ၇၂ပေ
(ည)	ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မောင်းမကန်ကမ်းသာလမ်း (ရောဝဏ်လမ်းမှ အမှတ်(၂)လမ်းအထိ)	၁၁၈၀၀ပေ × ၄၈ပေ
(ဋ)	သာကေတမြို့နယ်၊ ကမာကြည်လမ်း (ကမာကြည်တံတားနှင့် ရောဝဏ်အပိုင်းကြား)	၁၄၀၀ပေ × ၄၈ပေ

စာမျက်နှာ ၇ ကော်လံ ၁ သို့

24-3 (06).pmd 1 3/24/2011, 2:51 AM



ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း မေးမြန်းချက်ကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ဆောင်ရွက်ဆဲလမ်း (၇၉၇)လမ်းကိုလည်း အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် နေ့စဉ် ဘိလပ်မြေအိတ် (၅၀၀၀)မှ (၉၀၀၀)ကြား အသုံးပြုပြီး မြို့နယ်အသီးသီးရှိ ဆောင်ရွက်ဆဲလမ်းများအား အမြန်ပြီးပြတ်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်ရက်လျှင်ရရှိသည့် ဘိလပ်မြေအိတ် (၉၀၀၀)မှ တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ် (၃၀၀၀)ခန့် အသုံးပြုရသဖြင့် လမ်းခင်းခြင်းလုပ်ငန်းများအတွက် တစ်ရက်လျှင် အိတ် (၆၀၀၀) ခန့် အသုံးပြုပါကြောင်း၊ တွက်ချက်မှုစံနှုန်းများအရ အဆိုပါဘိလပ်မြေအိတ် (၆၀၀၀) အသုံးပြုပါက အကျယ် (၁၂)ပေ၊ ထု (၆)လက်မ၊ အလျား (၁)ပေရှိ လမ်းပေ (၆၀၀၀)ခန့် ခင်းနိုင်မည်ဖြစ်ပါကြောင်း။

တစ်ပြိုင်တည်းဆောင်ရွက်

စာရင်းဇယားများ မိမိတို့စစ်ဆေးတွေ့ရှိချက်အရ မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဆက်လက်ကွန်ကရစ်ခင်းကျင်းရန် စုစုပေါင်းမြေသားလမ်း (၄၇၇၃) လမ်း ကျန်နေသေးကြောင်း စိစစ်တွေ့ရှိရပါကြောင်း၊ အဆိုပါလမ်းများတွင် မြို့သစ် (၆)မြို့နယ်မှ မြေသားလမ်း (၃၄၃၅)လမ်းပါဝင်ပါကြောင်း၊ စည်ပင်သာယာနယ်နိမိတ် တစ်ခုလုံး ကွန်ကရစ်လမ်းခင်းရန် ကျန်ကတ္တရာခင်းလမ်းများကိုပါ ကွန်ကရစ်ခင်းမည်ဆိုပါက ကတ္တရာလမ်း (၂၀၉၇)လမ်းနှင့် ကတ္တရာကွန်ကရစ် (၁၈၂၂)လမ်းကိုပါ ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်းများကို ကွန်ကရစ်ခင်းရန်အတွက်ရှိပြီး တစ်စီးလျှင် (၅)ကုဗမီတာ သယ်နိုင်သည့် ဘိလပ်မြေသယ်ယာဉ် (၃၃)စီး အပြင် နောက်ထပ်တစ်စီးလျှင် (၁၀)ကုဗမီတာသယ်ဆောင်နိုင်မည့် ကွန်ကရစ်သယ်ယာဉ် (၂၅)စီး ဝယ်ယူရောက်ရှိပြီးဖြစ်ပါကြောင်း၊ လမ်းအမြောက်အမြား တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ရာတွင် အစပိုင်းနှေးကွေးသော်လည်း ရွေးကောက်ပွဲမတိုင်မီ ပြီးစီးမှုမှာ (၅၅၉)လမ်းသာရှိပြီး ရွေးကောက်ပွဲလွန်ကာလ ပြီးစီးမှုမှာ (၁၉၁၉) လမ်းပြီးစီးသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တော်ကို နိုင်ငံတကာအဆင့်မီစေရန်နှင့် လူနေမှုအဆင့်အတန်းများ မြင့်မားတိုးတက်စေရန်ရည်သန်၍ အထက်တင်ပြပါ ကွန်ကရစ်လမ်းပေါင်း (၂၇၁၆)လမ်းကို မြို့နယ်အားလုံးသို့ တစ်ပြေးညီ ခင်းကျင်းဆောင်ရွက်ပေးမှုကြောင့် ပြည်သူများအနေဖြင့် လှိုက်လှိုက်လှဲလှဲ ကြည်နူးဝမ်းမြောက်ကြသည်ကို သိရပါကြောင်း၊ ထိုကဲ့သို့ ကွန်ကရစ်လမ်းများကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအတွင်း ခင်းကျင်းပေးမှုကြောင့် အောက်ပါအကျိုးကျေးဇူးများ မလွဲမသွေ ခံစားကြရပါကြောင်း-

(က) ယခင်ကာလများက လမ်းဟုပင် သတ်မှတ်၍မရအောင် မြေသားလမ်းကျဉ်းများဖြစ်၍ အနေ့ယာဉ်ဆိုက်ကား၊ အငှားကားများပင် မဝင်ခဲ့သည့်လမ်းများမှာ ယနေ့ကာလတွင် ကွန်ကရစ်လမ်းများအဖြစ် ပေါ်ထွန်းလာသဖြင့် ယာဉ်များ၊ ဆိုက်ကားများ အချိန်မရွေး ဝင်/ထွက် သွားလာနိုင်ခြင်း။

(ခ) ကွန်ကရစ်လမ်းများ မခင်းမီကာလက ရေဝပ်နေရာများဖြစ်၍ ရဟန်းရှင်လူ ကျောင်းသား ကျောင်းသူများ သွားလာမှု အဆင်မပြေဖြစ်နေရာမှ ယခုကဲ့သို့ ကွန်ကရစ်များ ခင်းပေးမှုကြောင့် သွားလာမှုအဆင်ပြေလာခြင်း။

(ဂ) လမ်းများကောင်းမွန်မှုမရှိ၍ လူနာဆေးရုံပို့ရာတွင်လည်းကောင်း၊ နာရေးကိစ္စများ ဆောင်ရွက်ရာတွင်လည်းကောင်း ယာဉ်၊ ဆိုက်ကားများ ဝင်ရောက်နိုင်မှုမရှိ၍ လူဖြင့်ထမ်း၍ သယ်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရသော်လည်း ယခုအခါ ကွန်ကရစ်လမ်းများ ပီပြင်လာမှုကြောင့် အဆိုပါကိစ္စရပ်များ အဆင်ပြေချောမောစွာ ဆောင်ရွက်လာနိုင်ခြင်း။

(ဃ) မီးဘေးအန္တရာယ်ကျရောက်ပါက ကွန်ကရစ်လမ်းများရှိနေခြင်းကြောင့် မီးသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ အခြားယာဉ်များ လွယ်ကူစွာ ဝင်ရောက်ဆောင်ရွက်နိုင်ခြင်း။

(င) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအတွင်း ကွန်ကရစ်လမ်းများ လက်ယှက်ထိုးပေါ်ပေါက်လာသဖြင့် ယခင်က ရေဝပ်၍ သွေးလွန်တုပ်ကွေးခြင် ပေါက်ပွားပြီး သွေးလွန်တုပ်ကွေးရောဂါ ထူပြောနေရာမှ ယခုအခါ ရေဝပ်ဇရိယာများပပျောက်ပြီး အနံ့အသက်များပျောက်၍ လေကောင်းလေသန့်များ ရရှိသဖြင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှုန်း အထူးကျဆင်းလာခြင်း။ သာဓကအားဖြင့် -

(၁) အရှေ့ပိုင်းခရိုင်အတွင်းရှိ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(အရှေ့)၊ ဒေါပုံမြို့နယ်တို့တွင် ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှု လုံးဝမရှိခြင်း။

(၂) အနောက်ပိုင်းခရိုင်အတွင်းရှိ အလုံ၊ ဗဟန်း၊ ဒဂုံ၊ ကြည့်မြင်တိုင်၊ ကျောက်တံတား၊ လသာ၊ စမ်းချောင်း၊ ဆိပ်ကမ်းမြို့နယ်တို့တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု လုံးဝမရှိခြင်း။

(၃) မြောက်ပိုင်းခရိုင်အတွင်းရှိ လှိုင်သာယာ၊ မှော်ဘီ၊ ထန်းတပင်၊ မင်္ဂလာဒုံမြို့နယ်တို့တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု လုံးဝမရှိခြင်း။

(၄) တောင်ပိုင်းခရိုင်အတွင်းရှိ ဒလ၊ ကော့မှူး၊ ဆိပ်ကြီးခနောင်တို၊ ခရမ်း၊ ကွမ်းခြံကုန်း၊ ကျောက်တန်း၊သုံးခွ၊ တွံတေး၊ ကိုကိုးကျွန်းမြို့နယ်တို့တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှု လုံးဝမရှိခြင်း။

(စ) ကွန်ကရစ်လမ်းများဖြစ်၍ လမ်းပျက်စီးမှုနည်းပါးပြီး နှစ်ရှည်အသုံးပြုနိုင်ခြင်း။

(ဆ) ရပ်ကွက်များအတွင်း ကွန်ကရစ်လမ်းများကြောင့် ယာဉ်ဝင်/ထွက် သွားလာမှု ကောင်းမွန်လာပြီး အိမ်ခြံမြေဈေးများ မြင့်တက်လာပြီး လူမှုဘဝဖူလုံ မြင့်မားလာခြင်း၊ ပိုင်ဆိုင်မှုအတွက် အာမခံချက်ရှိလာခြင်း။

(ဇ) ကွန်ကရစ်လမ်းများဖြစ်ပေါ်လာ၍ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များမှအစ ကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ လမ်းလျှောက်လေ့ကျင့်ခြင်းများ ပြုလုပ်လာခြင်းတို့ကြောင့် ကျန်းမာရေးများ တိုးတက်ကောင်းမွန်လာခြင်း။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တော်ကို စိမ်းလန်းသာယာသော မြို့တော်၊ သန့်ရှင်းသာယာသော မြို့တော်၊ ကျန်းမာသန့်ရှင်းသော မြို့တော်၊ လုံခြုံစိတ်ချရသော မြို့တော်အဖြစ် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်နေသကဲ့သို့ အဓိကကျသည့် နေ့စဉ် မဖြစ်မနေအသုံးပြုရသည့် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်လမ်းများကို ကွန်ကရစ်လမ်းများအဖြစ် အဆင့်ဆင့် အစီအမံရှိရှိ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အတွက် နှစ်ရှည် ကြာရှည်ခံမည့်လမ်းများအပေါ် ရေရှည်အကျိုးစီးပွားများ ဖြစ်ထွန်းပေါ်ပေါက်လာမည်ဖြစ်ရာ အနာဂတ်မဝေးတော့သည့် ကာလတွင် ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများအတွက် လူနေမှုအဆင့်အတန်းများ မြင့်မားသည်ထက် မြင့်မားလာပြီး နိုင်ငံတကာအဆင့်မီ မြို့တော်အဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်မည်ဟု သုံးသပ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ အထူးခွင့်ပြုချက်ဖြင့် မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်တိုး၏ မြန်မာနိုင်ငံ၏ အခွန်ရငွေနှင့် GDP အချိုးနှင့် စပ်လျဉ်းသည့် မေးခွန်းကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌ၏ အထူးခွင့်ပြုချက်ဖြင့် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက ထပ်တိုးမေးခွန်းကို မေးမြန်းသည်။ ဦးမောင်တိုးက **မတ်လ ၂၁ ရက်နေ့ အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး၌ အခွန်အခများနှင့်စပ်လျဉ်းသည့်မေးခွန်းအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အခွန်ရငွေနှင့် GDP အချိုးမှာ (၃ ဒသမ ၂)ရာခိုင်နှုန်းသာရှိပြီး အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် အခွန်ကောက်ခံရရှိမှု အနည်းဆုံးနိုင်ငံဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းအခြေအနေနှင့်စပ်လျဉ်းပြီး မူလမေးမြန်းထားသော မေးခွန်းအပေါ် ဝန်ကြီး၏ ပြန်လည်ဖြေကြားမှုနှင့် ဆက်လက်သုံးသပ်ဆောင်ရွက်ရန် ကိစ္စများကို ရှင်းလင်းဖြေကြားပေးစေလိုပါကြောင်း** မေးမြန်းသည်။

အဆိုပါ မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက **လက်ရှိစနစ်အရ တစ်ဦးချင်းပုဂ္ဂိုလ်နှင့် ကုမ္ပဏီများအပေါ် အမြတ်ခွန်နှင့် ဝင်ငွေခွန်ကောက်ခံနေမှုများ၊ သွင်းကုန်လုပ်ငန်းစဉ်များ၌ ကောက်ခံနေသော (၃ ဒသမ ၅)ရာခိုင်နှုန်း အခွန်ကောက်ခံမှုဆိုင်ရာများကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံတွင် အခွန်ရငွေနှင့် GDP အချိုး (၃ ဒသမ ၂)ရာခိုင်နှုန်းအထိ လျော့နည်းရရှိနေရခြင်းမှာ ယေဘုယျအားဖြင့် အချက် (၅)ချက်ကြောင့်ဖြစ်ကြောင်း၊ ၎င်းအချက်များမှာ အခွန်ဆိုင်ရာကင်းလွတ်ခွင့်၊ သက်သာခွင့်များ ခွင့်ပြုခြင်း၊ အခွန်ထမ်းများက အခွန်ဥပဒေများအပေါ် လိုက်နာမှုအားနည်းခြင်း၊ အခွန်ဥပဒေများအတိုင်း ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာဌာနအဖွဲ့အစည်းများက ပံ့ပိုးကူညီမှုအားနည်းခြင်း၊ အခွန်ဥပဒေများအတိုင်း ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ ဌာနအဖွဲ့အစည်းများက ပံ့ပိုးကူညီမှုအားနည်းခြင်း၊ စာရင်းကိုင်များ၊ စာရင်းစစ်အဖွဲ့များက ဆိုင်ရာဥပဒေများ၊ စံများနှင့်အညီ ဆောင်ရွက်နိုင်မှုအားနည်းခြင်း၊ အခွန်ဆိုင်ရာဥပဒေများ ခေတ်နှင့်အညီ ပြုပြင်ရန်လိုအပ်ခြင်းတို့ ဖြစ်ပါကြောင်း**ဖြင့် ရှင်းလင်းဆွေးနွေးသည်။ (သတင်းစဉ်)

● *ကျော့ဖုံးမှ*

ရေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရောက်ရှိ နေရာယူသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၃၃) ဦး ရှိသည့်အနက် (၂၂၀) တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၈ ဒသမ ၆၅) ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် ကြယ်ပွင့်ပြမေးခွန်းများဖြစ်သော ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၏ **“ချင်းပြည်နယ်ရှိ ရေဇွာမြို့နယ်ခွဲကို မြို့နယ်အဆင့်သို့ တိုးမြှင့်ပေးရန်”** နှင့်စပ်လျဉ်းသည့်မေးခွန်းနှင့် မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **“ဂန့်ဂေါခရိုင်မှ ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ ဆက်သွယ်သော မော်တော်ကားလမ်းများ ပြုပြင်တည်ဆောက်ပေးရေး”**နှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်တို့က ပြန်လည်ဖြေကြားကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ပြည်ပနိုင်ငံ လွှတ်တော်အကြီးအကဲများထံမှပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို သိရှိမှတ်တမ်းတင်နိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် မှတ်တမ်းတင်ကြောင်းကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန် ကော်မတီများ၊ ပူးပေါင်းကော်မတီများ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယအစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင်ပါဝင်မည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

အဆိုပါအမည်စာရင်းကို အမျိုးသားလွှတ်တော်က သဘောတူသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါက်တာဗညားအောင်မိုး၏ **“တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်သည့်တန်ဖိုးရရှိရေးအတွက် နိုင်ငံတော်က ကူညီဆောင်ရွက်ပေးရန်”** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ဆောင်ရွက်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့်စပ်လျဉ်း၍ လွှတ်တော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပပြီးစီးကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

ပထမအကြိမ် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ အစည်းအဝေးများဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၃

ပထမအကြိမ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများ၏ အစည်းအဝေးများကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမရှိ ကော်မတီရုံးခန်းများ၌ ဆက်လက်ကျင်းပကြသည်။ အစည်းအဝေးများသို့ သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကော်မတီက ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များ၊ ကော်မတီ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

“စစ်တွေမြို့ သောက်သုံးရေပေးရေး စီမံကိန်း” နှင့်စပ်လျဉ်းသည့်မေးခွန်း၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း (ခ) ဦးအင်ထုဖုန်ဆန်း၏ **“တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသည့်ဒေသများ”** နှင့်စပ်လျဉ်းသည့်မေးခွန်းနှင့် **“ထာခချောင်းရေတံခွန်မှ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး”**နှင့်စပ်လျဉ်းသည့်မေးခွန်း၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်၏ **“အမျိုးသားပညာရည်မြင့်မားရေး”** နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့် ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့်၏ **“ရန်ကုန်မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ရေး”** နှင့်စပ်လျဉ်းသည့် မေးခွန်းများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များဖြစ်ကြသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းတို့က ပြန်လည်ဖြေကြားကြသည်။

အဆုံးအဖြတ်ရယူ

ဆက်လက်၍ ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူထားပြီးဖြစ်သည့် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **“အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ပေးရေး”** အဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပြည်ပနိုင်ငံ လွှတ်တော်အကြီးအကဲများထံမှ ပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို သိရှိမှတ်တမ်းတင်နိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စရပ်များကို လေ့လာတင်ပြစေရန် လွှတ်တော်ကော်မတီများ၊ ပူးပေါင်းကော်မတီများ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးပြီး လွှတ်တော်၏ သဘောတူညီချက်ကို ရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

တင်ပြ

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် ပါဝင်မည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြသည်။

အဆိုပါအမည်စာရင်းကို ပြည်သူ့လွှတ်တော်က သဘောတူသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ကြောင်း ကြေညာသည်။

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့သော ရွေးချယ်တင်မြှောက်ခြင်း၊ ဖွဲ့စည်းအတည်ပြုခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ ဆွေးနွေးခြင်းတို့နှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌ၏ အထူးခွင့်ပြုချက်ဖြင့် မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၏ **“မြန်မာနိုင်ငံ၏ အခွန်ရငွေနှင့် GDP အချိုး”**နှင့်စပ်လျဉ်းသည့် မေးခွန်းကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ညနေ ၃ နာရီ မိနစ် ၄၀ တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

24-3 (07).pmd 1 3/24/2011, 2:51 AM

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်၏ ချင်းပြည်နယ်ရှိ ရေဇွာမြို့နယ်ခွဲကို မြို့နယ်အဆင့်သို့ တိုးမြှင့်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်းကို ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး ပြန်လည်ဖြေကြား

ပြန်လည် ဖြေကြား

ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး မေးမြန်းချက်ကို ပြန်လည် ဖြေကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်က **ရေဇွာမြို့ကို ယခင်အစိုးရလက်ထက်ကပင် မြို့နယ်အဆင့်ပေးရန် အစီအစဉ်ရှိသည်ကို ကြားသိရပါကြောင်း၊ ချင်းပြည်နယ် မတူပီမြို့နယ်ရှိ ရေဇွာမြို့နယ်ခွဲသည် ၂၀၀၂ ခုနှစ် ဧပြီလတွင် မြို့နယ်ခွဲအဆင့်သို့ စတင်တိုးမြှင့်ခြင်းခံခဲ့ရပါကြောင်း၊ နိုင်ငံတော်အစိုးရအပေါ်လည်း ဒေသခံလူထုကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ အနီးပတ်ဝန်းကျင်တွင် ကျေးရွာ (၁၆)ရွာရှိပြီး လူဦးရေ (၁၅၀၀၀)ခန့်နှင့် အိမ်ခြေပေါင်း(၁၆၀၀)ခန့်ရှိပါကြောင်း၊ ဌာနဆိုင်ရာရုံးများ၊ အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ စာတိုက်နှင့်ကြေးနန်းရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး (က-အဆင့်)၊ (၁၂၆)ကီလိုဝပ် ဓာတ်အားပေးစက်ရုံတို့ကို ဖွင့်လှစ်ထားပါကြောင်း၊ မြို့ပေါ်၌ အိမ်ခြေပေါင်း (၄၀၀)ခန့်နှင့် လူဦးရေ (၂၀၀၀)ခန့်ရှိပါကြောင်း၊ ယင်းမြို့သည် ချင်းပြည်နယ်၏အလယ်ဗဟိုကျသော နေရာ၌တည်ရှိပြီး မြောက်ဘက်ဟားခါးမြို့မှ(၁၀၅)မိုင်၊ အနောက်မြောက်ဘက် ထန်တလန်မြို့မှ မိုင်(၁၀၀)၊ အရှေ့ဘက် ဂန့်ဂေါမြို့မှ (၁၀၅)မိုင်၊ တောင်ဘက် မတူပီမြို့မှ (၆၆)မိုင်နှင့် အနောက်ဘက် အိန္ဒိယနယ်စပ်မှ (၄၅)မိုင်ခန့် အသီးသီး ကွာဝေးပါကြောင်း၊ သို့ဖြစ်၍ ရေဇွာမြို့နယ်ခွဲအား မြို့နယ်အဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

ပြင်ဆင်ဖွဲ့စည်း

အဆိုပါ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦးက မြို့နယ်ခွဲများ ဖွဲ့စည်းမှုနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ အနည်းငယ်တင်ပြလိုပါကြောင်း၊ ၁၉၀၇ ခုနှစ် မြို့များအက်ဥပဒေ၊ ကျေးရွာ အက်ဥပဒေများအရ မြို့နယ်ခွဲ ပြင်ဆင်ဖွဲ့စည်းခြင်းကို ဆောင်ရွက်ပါကြောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီး နောက်တွင် ဝန်ကြီးအဖွဲ့သည် သက်ဆိုင်ရာပြည်သူ့ကောင်စီ အဆင့်ဆင့်နှင့် ညှိနှိုင်း၍ မြို့နယ်ခွဲဖွဲ့စည်းမှုကို ဆုံးဖြတ်ခဲ့ပါကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သဘောတူညီချက်နှင့် အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်၊ သဘောတူညီချက်ရရှိပြီးမှသာ ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မြို့နယ်၊ မြို့နယ်ခွဲများ တရားဝင်ဖွဲ့စည်းမှုကို ဆောင်ရွက်ရပါကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတစ်ဝန်း နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်လျက်ရှိရာ တရားဥပဒေ လေးစားစောင့်ထိန်းမှုအပေါ် အခြေခံသည့် ခိုင်မာသော အုပ်ချုပ်ရေးစနစ်ထူထောင်ရန်၊ ခေတ်မီအုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များကို ပြည်သူများအတွက် ပြည့်ပြည့်ဝဝ ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးတို့ကို ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းတွင် ယနေ့အထိ မြို့နယ်ခွဲပေါင်း (၈၂)ခုကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းတို့အနက် ချင်းပြည်နယ်တွင်လည်း ကျီခါး၊ ရိခေါဒါရ်၊ ရေဇွာမြို့နယ်ခွဲ(၃)ခုအား ထည့်သွင်းဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါကြောင်း။

မြို့နယ်ခွဲ

မြို့နယ်ခွဲတစ်ခု ဖွဲ့စည်းတည်ဆောက်မည်ဆိုပါက ဝန်ကြီးဌာန(၁၁) ခု အောက်ရှိ ဦးစီးဌာန(၁၅)ခုမှ ဝန်ထမ်းအင်အား(၁၉၂)ဦးဖြင့် ဖွဲ့စည်းပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သာမန်မြို့ကြီးများတွင် ဖွဲ့စည်းပေးသည့်အတိုင်း (က-အဆင့်)ရဲစခန်းအား အင်အား(၆၉)ဦးနှင့် ဖွဲ့စည်းထားရှိပါကြောင်း၊ မြို့နယ်ခွဲတစ်ခု၏ အင်္ဂါရပ်များနှင့် ပြည့်စုံစေရန် ပညာရေးကဏ္ဍတွင် အခြေခံပညာမူလတန်းကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းများကို အဆင့်ဆင့် တိုးချဲ့ဖွဲ့စည်းထားရှိပါကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးဌာနခွဲ၊ ကျန်းမာရေးဌာနမှ တိုက်နယ်ဆေးရုံ (၁၆)ခုတင်ဆံ့ဆေးရုံအဆင့်သို့ အဆင့်ဆင့်တိုးမြှင့်ပေးလျက်ရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့က ပထမအဆင့် မြေသားလမ်း၊ ဒုတိယအဆင့် ကျောက်ခင်းလမ်းနှင့် တတိယအဆင့် ကတ္တရာလမ်းအဆင့်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါကြောင်း၊ လျှပ်စစ်ကဏ္ဍတွင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကေဗွီအေဓာတ်အားလိုင်းများဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားမရရှိသေးသည့်ဒေသများကိုလည်း ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် စာကြည့်တိုက်၊ ဂြိုဟ်တုစလောင်း၊ ကြေးနန်းရုံး၊ စာတိုက်၊ တယ်လီဖုန်း၊ ရုပ်သံထပ်ဆင့်လွှင့်စက်များ တိုးမြှင့်ဆောင်ရွက်ပေးပါကြောင်း။

မြို့နယ်ခွဲအုပ်ချုပ်ရေးနှင့်တရားစီရင်ရေးအနေဖြင့် မြို့နယ်ခွဲအုပ်ချုပ်ရေး အာဏာကို မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးအား အပ်နှင်းထားပါကြောင်း၊ တရားရုံးချုပ်သည် တရားစီရင်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အလို့ငှာ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၁၃ အရ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများအား တရားရေးဝန်ထမ်းအဖြစ်သတ်မှတ်၍ တာဝန်ထမ်းဆောင်ရာ မြို့နယ်ခွဲအသီးသီးတွင် ရာဘက်ရာဇဝတ် တရားသူကြီးအဖြစ် ခန့်ထားပါကြောင်း၊ တရားစီရင်ရေး တာဝန်များကို ထမ်းဆောင်နိုင်ရန် ရာဘက်ရာဇဝတ် တရားသူကြီးအဖြစ်ခန့်အပ်ထားသော မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများအား ၎င်းတို့ တာဝန်ထမ်းဆောင်ရန် မြို့နယ်ခွဲနှင့်သတ်မှတ်ထားသော ကျေးရွာအုပ်စုများ၏ နယ်နိမိတ်အတွင်း၌ ကျင့်သုံးနိုင်ရန်အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၂ (၁)(က)အရ ပထမတန်း ရာဇဝတ် တရားသူကြီးအာဏာကို အပ်နှင်းပေးပါကြောင်း။

အဆင့်အတန်းတူညီ

နိုင်ငံတော်အစိုးရက မြို့နယ်ခွဲများ တည်ဆောက်ရာတွင် ပကတိအရှိတရားအရ မြို့နယ်များ၏ အဆင့်အတန်းနှင့် တူညီမှုရရှိအောင် ထည့်သွင်းဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ပါကြောင်း။

ယခုအခါ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာတည်ပြီဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၂)၊ ပုဒ်မ ၅၄ တွင် **"သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် (သို့မဟုတ်) ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန်(သို့မဟုတ်) အမည်ပြောင်းလဲရန် ပေါ်ပေါက်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်"ဟု သတ်မှတ်ထားရှိပါကြောင်း။**

ရှင်းလင်းဖြေကြား

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၀၉(က)တွင် မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍လည်းကောင်း၊ မြို့နယ်(၃၃၀) ထက် ပိုမိုလာပါက အသစ်ဖွဲ့စည်းသည့် မြို့နယ်ကို တစ်ဆက်တစ်စပ်တည်းဖြစ်သော သင့်လျော်သည့်မြို့နယ်တစ်ခုခုနှင့် ပူးပေါင်း၍လည်းကောင်း ဥပဒေနှင့်အညီ မဲဆန္ဒနယ်သတ်မှတ်၍ ရွေးကောက်တင်မြှောက်သည့် (၃၃၀) ထက်မပိုသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ပြည်သူ့လွှတ်တော် ဖွဲ့စည်းရမည်ဟု ပါရှိပါကြောင်း၊ သို့ပါ၍ နိုင်ငံတော်အနေဖြင့် လက်ရှိမြို့နယ်ခွဲများကို မြို့နယ်အဆင့်သို့တိုးမြှင့်ရန် ဖြစ်နိုင်ခြေနည်းပါးပါကြောင်း၊ မြို့နယ်ခွဲများကိုသာ အဓိကဖွဲ့စည်းလျက်ရှိပြီး မြို့နယ်ခွဲများအနေဖြင့် မြို့နယ်များနည်းတူ လုပ်ပိုင်ခွင့်များရရှိပါကြောင်း၊ ထို့ကြောင့် လတ်တလော အခြေအနေအရ ရေဇွာမြို့ကိုလည်း မြို့နယ်အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ **(သတင်းစဉ်)**

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ၏ ဂန့်ဂေါခရိုင်မှ ရန်ကုန်မြို့နှင့်မန္တလေးမြို့များသို့ ဆက်သွယ်သော မော်တော်ကားလမ်းများ ပြုပြင်တည်ဆောက်ပေးရေးနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြန်လည်ဖြေကြား

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက **ဂန့်ဂေါခရိုင်သည် မကွေးတိုင်းဒေသကြီး အနောက်မြောက်ဘက်ရှိ ဝေးလံခေါင်ဖျားသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ ပုံတောင်၊ ပုံညာတောင်တန်းနှင့် ချင်းတောင်တန်းကြား မြစ်သာမြစ်ဝှမ်းတွင် တည်ရှိပါကြောင်း၊ ဂန့်ဂေါခရိုင်တွင် ရန်ကုန်-မန္တလေးနှင့် ဆက်သွယ်ရန် အဓိက လမ်း(၃)ခုရှိပါကြောင်း၊ ၎င်းတို့မှာ ဂန့်ဂေါ-ပုလဲ ကားလမ်း (၈၄)မိုင်၊ ကျောက်ထု-ပေါက်-ပခုက္ကူ-ဆိပ်ဖြူကားလမ်း (၁၄၂)မိုင်၊ ဆော-ဆိပ်ဖြူကားလမ်း (၆၉)မိုင် ဖြစ်ပါကြောင်း၊ ခရိုင်အနေဖြင့် သစ်ထုတ်လုပ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး ဝန်လေးသစ်တင်ယာဉ် (၁၀)ဘီးကားကြီးများ ဖြတ်သန်းမောင်းနှင်ခြင်း၊ မိုးရွာသွန်းမှုများခြင်းတို့ကြောင့် လမ်းများပျက်စီးလျက်ရှိပါကြောင်း။**

ပျက်စီးမှုများပြား

ဂန့်ဂေါ-ပုလဲကားလမ်းကို ဂန့်ဂေါခရိုင်အပြင် ချင်းပြည်နယ် ဟားခါးမြို့နယ်ကပါ အသုံးပြုရပြီး မိုးရာသီကာလရောက်လျှင် မုံရွာ-ကလေး-ယာကြီးလမ်းပျက်သဖြင့် ကလေးခရိုင်ကပါ အသုံးပြုရပါကြောင်း၊ လမ်းမိုင် (၈၄) မိုင်သာရှိသော်လည်း တောင်ပေါ်လမ်း၊ ပုံတောင်၊ ပုံညာတောင်ကြောဖြတ်လမ်းဖြစ်သဖြင့် လမ်းအလွန်ဆိုးပြီး လမ်းတံတားများ၏ ပျက်စီးမှုအလွန်များပြားပါကြောင်း။

ကျောက်ထု-ပေါက်-ပခုက္ကူ-ဆိပ်ဖြူကားလမ်းသည် မင်းတပ်ခရိုင်ကပါ အသုံးပြုရသောလမ်းဖြစ်ပြီး ၎င်းကားလမ်းပေါ်တွင် ပေါက်မြို့နယ်၌ ရေပြာတံတားနှင့် အုန်းတောတံတား၊ ဆိပ်ဖြူမြို့နယ်တွင် ယောချောင်းဖြတ်ရသော ကံတွင်းတံတား စုစုပေါင်း တံတား (၃)ခုရှိပြီး ၂၀၁၀ ခုနှစ် အောက်တိုဘာ၌ ဖြစ်ပွားခဲ့သော မုန်တိုင်းနှင့် ရေကြီးမှုကြောင့် တံတားများအားလုံး ပျက်စီး၍ ရေမျောပါသွားရာ ယခုကာလအထိ ပြန်လည်ပြင်ဆင်တည်ဆောက်ပေးနိုင်ခြင်း မရှိ၍ မိုးရာသီတွင် ကျောက်ထု-ပေါက်-ပခုက္ကူ -ဆိပ်ဖြူ ကားလမ်းပိတ်သွားမည်ဖြစ်ကာ ပေါက်မြို့နယ် ပြည်သူလူထု သွားလာရေးအတွက် အခက်အခဲရှိမည်ဖြစ်ပါကြောင်း။

ဆော-ဆိပ်ဖြူကားလမ်းသည် ကန်ပက်လက်မြို့နယ်ကပါ အသုံးပြုရသောလမ်းဖြစ်ပြီး (၆၉)မိုင်သာရှိသော်လည်း လမ်းဆိုးသဖြင့် ယာဉ်များမောင်းနှင်သွားလာရန် ခက်ခဲနေပါကြောင်း။

စတင်ပြင်ဆင်

အထက်တင်ပြပါ လမ်းတံတားများသည် ဂန့်ဂေါခရိုင် ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များနှင့် ချင်းပြည်နယ် ဟားခါးမြို့နယ်၊ မင်းတပ်ခရိုင်နှင့် ကန်ပက်လက်မြို့နယ်များအတွက် အဓိကကျသော လမ်းများဖြစ်ပြီး အမှန်တကယ်လည်း အခက်အခဲဖြစ်နေပါသဖြင့် လမ်း၊ တံတားပျက်စီးမှုများအား ပြင်ဆင်ပေးရန်နှင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ မရှိနှင့် ရှိပါက မည်သည့်ကာလတွင် စတင်ပြင်ဆင်၍ မည်သည့်ကာလတွင် အပြီးဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းဖြင့် မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ မေးမြန်းသည့် လမ်းပိုင်းကို (၂)ပိုင်းခွဲပြီး ရှင်းလင်းဖြေကြားမည်ဖြစ်ပါကြောင်း၊ ပထမလမ်းပိုင်းအဖြစ် ပုလဲ-ဂန့်ဂေါလမ်းကို ရှင်းလင်းမည်ဖြစ်ပါကြောင်း၊ ပုလဲ-ဂန့်ဂေါလမ်းသည် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို အဓိက ဆက်သွယ်သောလမ်းမကြီး (၁)လမ်းဖြစ်ပြီး ချင်းပြည်နယ်၏ အဓိကဝင်ပေါက်လည်း ဖြစ်ပါကြောင်း။

ဤလမ်းသည် မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးလမ်းမကြီးပေါ်တွင် တည်ရှိပြီး မုံရွာမြို့မှတစ်ဆင့် အခြားမြို့များနှင့်လည်း တိုက်ရိုက်ဆက်သွယ်ထားသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းသည် ၁၉၇၄ ခုနှစ်မှ စတင်၍ (၁၂) ပေ အကျယ် ကတ္တရာလမ်းအဆင့်ထိ ဆောင်ရွက်ပြီးခဲ့သည့်လမ်းမကြီးဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အင်ဂျင်နီယာမှူးကြီးများက တိုက်ရိုက်ကြီးကြပ်၍ ဂန့်ဂေါခရိုင်နှင့်မုံရွာခရိုင် အင်ဂျင်နီယာမှူးတို့က ဤလမ်း တိုးတက် ပြုပြင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက် ရှိပါကြောင်း။

တောင်စဉ် တောင်တန်းထူထပ်သည့် ပုံတောင်၊ ပုံညာဒေသကို ဖြတ်သန်းဖောက်လုပ်ထားသည့်အတွက် အကွေ့အကောက် အတက်အဆင်းများပြားသည့် လမ်းဖြစ်ပြီး မိုးရွာသွန်းသည့်ပမာဏလည်း များပြားသည့်အတွက် ပျက်စီးခဲ့ရခြင်း ဖြစ်ပါကြောင်း၊ လမ်းပျက်စီးမှုများကို ဆန်းစစ်ကြည့်လျှင် မိုးဒဏ်ကြောင့် တောင်ပြိုပိတ်ဆို့ခြင်း၊ လမ်းနှုတ်ခမ်းသားများပဲ့ခြင်း၊ လမ်းမျက်နှာပြင် ရေတိုက်စားခြင်းစသည့် အပေါ်ယံပျက်စီးမှုများသာဖြစ်ပေါ်ခဲ့ပြီး လမ်းအလွှာထုများ အဓိကပျက်စီးရခြင်းသည် သတ်မှတ်ခံနိုင်ဝန်ထက် ကျော်လွန်သော ယာဉ်များကို အသုံးပြုသွားလာခဲ့၍ ပျက်စီးခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

မကွေးတိုင်းဒေသကြီး၏အနောက်ခြမ်း ဂန့်ဂေါဒေသမှ ပြည်ပပို့ကုန်များကို ဤလမ်းမကြီးတစ်လျှောက်ဖြတ်ပြီး အခြားဒေသများသို့ ပို့ဆောင်လျက်ရှိပါကြောင်း၊ ယင်းပို့ကုန်များကို မြေသားခံနိုင်အား လျော့နည်းချိန် မိုးတွင်းကာလရောက်မှသာ ယာဉ်ကြီးပေါင်းများစွာဖြင့် သတ်မှတ်ဝန်ထက် ပိုမိုတင်ဆောင်ပြီး အခေါက်ပေါင်းများစွာသယ်ဆောင် အသုံးပြုလျက်ရှိသည်ကို ကိုယ်စားလှယ်တော်ကြီး တွေ့မြင်သိရှိပြီးဖြစ်ပါကြောင်း၊ ဤလမ်းများသည် နိုင်ငံသူ နိုင်ငံသားပိုင်သော လမ်းများဖြစ်ပြီး ဒေသခံပြည်သူများကလည်း တန်ပိုတင်ဆောင်သည့် ယာဉ်ကြီးများကို ဝိုင်းဝန်းကြပ်မတ်ခြင်း၊ လမ်းအသုံးပြုသူများကလည်း လမ်းမကြီးဆိုင်ရာ ဥပဒေစည်းကမ်းများကိုလိုက်နာပြီး မျိုးချစ်စိတ်အရင်းခံ အသုံးပြုမှုသာ လမ်း၊ တံတားများ သက်တမ်းပြည့်ဝစွာ သွားလာ အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

ပိုမိုဆောင်ရွက်

ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း နှစ်စဉ်လမ်းများချဲ့ခြင်း၊ အတက်အဆင်း မတ်စောက်သည့်လမ်းအပိုင်းများ ဖြေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ချင်းပြည်နယ်သို့ သွားလာရေးအတွက် ဂန့်ဂေါခရိုင်သည် အဓိကကျသည့် ဒေသတစ်ခုဖြစ်ပြီး လမ်းထိန်းသိမ်း ပြုပြင်ခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန်အတွက် ယခင်နှစ်က ကတ္တရာ (၁၆၂)တန် ခွဲဝေပေးခဲ့ပြီး ယခု ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာတန် (၄၈၀) ခွဲဝေပေးခဲ့ရာ ယခင်နှစ်ကထက် (၃)ဆပိုမို ပေးထားသည့်အတွက် လမ်းများလည်း ပိုမိုကောင်းမွန်လာတော့မည့် အခြေအနေရောက်လာပြီဖြစ်ပါကြောင်း၊ လမ်း သားအဆင့်မြှင့်တင်ရန် တန်(၄၀)ခံ လမ်းလွှာပုံစံအား သုတေသနပြုပုံထုတ်ပြီးဖြစ်၍ နှစ်စဉ်အပိုင်းလိုက် အဆင့်မြှင့် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

ဆက်လက်ပြီး ဒုတိယလမ်းပိုင်းဖြစ်သော ကျောက်ထု-ပေါက်-ပခုက္ကူ-ဆိပ်ဖြူ လမ်းပိုင်းကို ရှင်းလင်းဖြေကြားမည်ဖြစ်ပါကြောင်း၊ ကျောက်ထု-ပေါက်-ပခုက္ကူ-ဆိပ်ဖြူလမ်း (၁၄၂)မိုင်သည် လမ်းကွန်ရက် (၃)လမ်းဆက်သွယ်ထားသည့်လမ်း ဖြစ်ပါကြောင်း၊ ၎င်းလမ်းများသည် ဆိပ်ဖြူ-ပေါက်-ကျောက်ထုလမ်း (၈၄)မိုင် (၃)ဖာလုံ၊ ပခုက္ကူ-ပေါက်-ကျောက်ထုလမ်း (၇၉)မိုင်၊ ဆိပ်ဖြူ-ပခုက္ကူလမ်း (၅၉)မိုင်တို့ဖြစ်ပါကြောင်း။

ပခုက္ကူ-ပေါက်-ကျောက်ထုလမ်းပေါ်တွင် ပေါက်တံတား အမှတ်(၁) အရှည်ပေ (၁၃၈၀)ရှိ အုန်းတော တံတားနှင့် ပေါက်တံတားအမှတ်(၂) အရှည်ပေ (၁၄၉၀)ရှိ ရေပြာတံတားတို့တည်ရှိပါကြောင်း၊ ဆိပ်ဖြူ-ပခုက္ကူ လမ်းပေါ်တွင် ကံတွင်း (ယောချောင်း) တံတားအရှည်ပေ (၅၂၀) တည်ရှိပါကြောင်း။

၂၀၁၀ ခုနှစ် အောက်တိုဘာတွင် ဖြစ်ပွားခဲ့သည့် ဂီရိမုန်တိုင်းဒဏ်ကြောင့် တံတား(၃)စင်းစလုံး ရေတိုက်စားပျက်စီးခဲ့ပြီး သွားလာမှုခက်ခဲခဲ့ပါကြောင်း။

ဖွင့်လှစ်မည်

ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးအတွက် တံတားများ အမြန်ဆုံးပြန်လည်တည်ဆောက်ရန် တံတားတည်ဆောက်ရေးအထူးအဖွဲ့များကို တာဝန်ပေးဆောင်ရွက်ခဲ့ရာ အမှတ်(၁) ပေါက်တံတား (အုန်းတော)ကို တံတားအထူးအဖွဲ့(၄)က တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ယခုအခါ (၂၅)ရာခိုင်နှုန်းကျော် ပြီးစီးခဲ့ပြီး မိုးရာသီမတိုင်မီပြီးစီးရန် စီမံချက်ချဆောင်ရွက်လျက်ရှိပါကြောင်း၊ အမှတ်(၂) ပေါက်တံတား(ရေပြာ)ကို တံတားအထူးအဖွဲ့ (၁၃)က တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင်

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦး ခင် မောင် မြင့် မေး မြန်း ချက် ကို ပြန်လည်ဖြေကြားစဉ်။

(သတင်းစဉ်)

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၇)ဦးက ဆွေးနွေးကြပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေး

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ယခင်လွှတ်တော်အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **"အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေး"** အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၇)ဦးက ဆွေးနွေးကြသည်။

ထူထောင်ပေးခဲ့

ရွှေဦးစွာ မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်က မြန်မာနိုင်ငံ၏ စီးပွားရေးဦးတည်ချက်ဖြစ်သည့် "စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" ဦးတည်ချက်ကို ဆောင်ရွက်ရာ၌ စက်မှုလက်မှုကုန်ထုတ်လုပ်မှုသည် အရေးကြီးသော စီးပွားရေးကဏ္ဍဖြစ်သဖြင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ (SMEs) များ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာပြည်တစ်ဝန်း၌ စက်မှုဇုန် (၁၈)ဇုန်နှင့် ဇုန်ခွဲပေါင်း (၂၈)ခုကို ထူထောင်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ပြန်လည်ရှင်းလင်း

ဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီး ဌာန ဝန်ကြီး ဦးလှထွန်း ပြန်လည်ရှင်းလင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာ့စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို နိုင်ငံတော်အစိုးရက ဖွဲ့စည်းပေးခဲ့ပြီးနောက် တစ်နိုင်ငံလုံးတွင် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ (၄၀၀၀၀)ခန့်ရှိလာကြောင်း၊ ရာခိုင်နှုန်းအားဖြင့် (၇၄ ဒသမ ၃၁)ခန့် ရှိသည်ဟု သိရပါကြောင်း၊ အမျိုးအစားအားဖြင့် စားသောက်ကုန်၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးပစ္စည်းများ၊ ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်း၊ ဆောက်လုပ်ရေးပစ္စည်း၊ စိုက်ပျိုးရေးကိရိယာ၊ စက်အပိုပစ္စည်းကိရိယာများ၊ လျှပ်စစ်ပစ္စည်းများ စသည်ဖြင့် ထုတ်လုပ်လျက်ရှိသည်ကို တွေ့ရမှာဖြစ်ပါကြောင်း။

ထုတ်လုပ်မှုစွမ်းအားအရ အုပ်စုသုံးခုခွဲခြားနိုင်ပါကြောင်း၊ ပထမအုပ်စုသည် နည်းပညာမြင့်မားပြီး ရန်ကုန်၊ မန္တလေးစသော စက်မှုဇုန်များ၌သာ တည်ရှိလျက် ခေတ်မီစက်ကိရိယာများတပ်ဆင်ထားပါကြောင်း၊ ဒုတိယအုပ်စုများသည် လယ်ယာအခြေခံသည့် (Agro Base)စက်မှုလုပ်ငန်းများဖြစ်ပါကြောင်း၊ အသင့်အတင့် ခေတ်မီသော နည်းပညာများသုံးစွဲပြီး မြန်မာပြည်အနှံ့ တည်ရှိပါကြောင်း၊ တတိယအုပ်စုသည် ရိုးရာနည်းပညာသာအသုံးပြုသော လက်မှုအခြေခံလုပ်ငန်းများဖြစ်ပါကြောင်း၊ ယင်းတို့သည် သွင်းကုန်အစားထိုးလုပ်ငန်းများဖြစ်ပြီး ပို့ကုန်လုပ်ငန်းအနေဖြင့် ငါး၊ ပုစွန်များကို ပြုပြင်ထုပ်ပိုး၍လည်းကောင်း၊ သစ်အချောထည်များပြုလုပ်၍လည်းကောင်း၊ သီးနှံမျိုးစုံကို ကုန်ကြမ်းမှကုန်ချောပြုပြင်၍ လည်းကောင်း နိုင်ငံခြားငွေ ရှာဖွေပေးလျက်ရှိပါကြောင်း။

"စက်မှုစွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့"ဟူသော အမျိုးသားရေး ရည်မှန်းချက် ပြဋ္ဌာန်းပြီးဖြစ်သကဲ့သို့ မကြာမီပေါ်ထွန်းလာမည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၌လည်း "မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန" အသစ်တစ်ခုကို စက်မှုကဏ္ဍ ပိုမိုတိုးတက်စေရန် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရသည် "ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေ"၊ "မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ"များ ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိလုပ်ငန်းအသုံးပြုရန်လိုအပ်သော မြေ၊ ရေ၊ စွမ်းအင်စွမ်းအား၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးစသည်များ၊ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များ၊ ပုံသေငွေရင်းနှင့် လည့်ပတ်ငွေရင်းအတွက် ချေးငွေများ၊ မိမိလုပ်ငန်းအတွက် လိုအပ်သည့် ပြည်တွင်း၊ ပြည်ပ ကုန်ကြမ်း၊ စက်နှင့်စက်အရန်ပစ္စည်းများ၊ ထိုကုန်ပစ္စည်း ပိုမိုထုတ်လုပ်ရေးနှင့် အရည်အသွေးပိုမိုကောင်းမွန်ရေးအတွက် ပြည်တွင်း၊ ပြည်ပ နည်းပညာများလိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများထံသို့ လျှောက်ထားနိုင်ခွင့်ရှိပါကြောင်း။

ချေးငွေထုတ်ပေး

စက်မှုလုပ်ငန်းရှင်များ အလွယ်တကူငွေချေးယူနိုင်ရန်အတွက် "မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်"အား ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ ကျပ်သန်းပေါင်း လေးသောင်းကျော် (၄၃ ဘီလီယံ)ခန့် ချေးငွေထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

လက်ရှိအခြေအနေ၌ စက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် မိမိလုပ်ငန်းတိုးတက်အောင် ဆောင်ရွက်လိုသူတိုင်း နိုင်ငံပိုင် မြန်မာ့စီးပွားရေးဘဏ်များမှလည်းကောင်း၊ ပုဂ္ဂလိကဘဏ်များမှလည်းကောင်း ဘဏ်မှပြဋ္ဌာန်းထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ငွေချေးယူနိုင်သော အခွင့်အရေးရရှိပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်ငွေကြေး အခြေအနေကောင်းလာသည်နှင့်အမျှ စက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလုပ်ငန်းရှင်များသို့ ချေးငွေများ ပိုမိုချေးငှားရန်ရှိကြောင်းလည်း သိရှိရပါကြောင်း။

ကြိုးပမ်း

ထို့ကြောင့် ဦးစိုးဝင်း၏အဆိုသည် နိုင်ငံတော်အစိုးရက ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းဖြစ်ခြင်းကြောင့် အဆိုအဖြစ် ဆက်လက်တင်သွင်းရန် မလိုအပ်တော့ဟု ယူဆပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၌ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ (Manufacturing Sector) ဖွံ့ဖြိုးရေးသည် အင်မတန်အရေးကြီးပါကြောင်း၊ အမျိုးသားစီးပွားရေး၏ ပြည်တွင်းစုစုပေါင်းကုန်ထုတ်လုပ်မှု GDP တွင် ယင်းကုန်ထုတ်လုပ်မှုများ၏ ပါဝင်မှုအတိုင်းအတာ မြင့်မားသော နိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးသည့်နိုင်ငံများ ဖြစ်ကြပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိတို့နိုင်ငံစီးပွားရေး ဖွံ့ဖြိုးမှုအတွက် သမားရိုးကျ လယ်ယာစီးပွားရေးမှ ကုန်ထုတ်လုပ်မှုစီးပွားရေးကို ကူးပြောင်းရေးသို့ ကြိုးပမ်းကြရမှာ ဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် အခြေခံအားဖြင့် လယ်ယာစီးပွားရေးအခြေခံသော နိုင်ငံဖြစ်သည့်အလျောက် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးမှုအတွက် လယ်ယာစီးပွားရေးမှ ကုန်ထုတ်လုပ်မှုစီးပွားရေးကို တဖြည်းဖြည်းနှင့် တိုးတက်ပြောင်းလဲ သွားကြရမှာဖြစ်ပါကြောင်း။

အခြား CLMV နိုင်ငံများနှင့် နှိုင်းယှဉ်သည့်အခါ မြန်မာနိုင်ငံ SMEs များတွင် ရင်းနှီးမြှုပ်နှံမှုသည် အခြားနိုင်ငံများထက် နည်းပါးနေသည်ကို တွေ့ကြရပါကြောင်း၊ မြန်မာနိုင်ငံ၏ SMEs များသည် မိသားစုပိုင် အရင်းအနှီးအနည်းငယ်ဖြင့်သာ လုပ်ကိုင်နေကြရပြီး အခြားသော CLMV နိုင်ငံများနှင့်ယှဉ်လျှင် စက်မှုကဏ္ဍ၌ ဘဏ္ဍာငွေအရင်းအနှီးရနိုင်ခြေ အခွင့်အလမ်းများ နည်းပါးပါကြောင်း။

ဥပမာ ကမ္ဘောဒီးယားနှင့် လာအိုတို့၌ ကာလတို၊ ကာလရှည် ချေးငွေရယူနိုင်ကြပါကြောင်း၊ ဗီယက်နမ်နှင့် လာအို၌ အပေါင်ပစ္စည်းမပါဘဲ ငွေရယူနိုင်ပါကြောင်း၊ ကြိုတင်ပေးစနစ် (Factoring) ဖြင့်လည်း ငွေရယူနိုင်ပါကြောင်း၊ လာအို၌ မရွှေ့ပြောင်းနိုင်သောပစ္စည်းသာမက ကုန်ပစ္စည်း (Inventory) များကိုပါ အပေါင်ထားချေးယူနိုင်ကြပါကြောင်း။

လိုအပ်ချက်များရှိ

မြန်မာပြည်၌ ယင်းသို့ ဘဏ္ဍာငွေချေးယူနိုင်ခွင့်များ မရှိပါကြောင်း၊ ကာလတို ချေးငွေများသာရှိပြီး ငွေချေးရာတွင်လည်း မရွှေ့မပြောင်းနိုင်သော အပေါင်ပစ္စည်းကို ကာလပေါက်ဈေးတန်ဖိုး၏ (၃၀)ရာခိုင်နှုန်းမျှသာ ချေးယူနိုင်ပါကြောင်း၊ ယင်းသို့ ချေးငွေအနည်းငယ် ချေးယူနိုင်ရန်အတွက်ပင် ကန့်သတ်ချက်များရှိနေပါကြောင်း။

ကာလတိုချေးငွေဆိုသည်မှာ လုပ်ငန်းလည်ပတ်စရိတ် (Working Capital)အတွက်သာဖြစ်ပြီး လုပ်ငန်းဖွံ့ဖြိုးရေးအတွက် လိုအပ်သော အရင်းအနှီးအမျိုးအစားများမှာ ကာလရှည် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက် အမျိုးအစားဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ SMEs များဦးရေမှာ ၂၀၀၄ ခုနှစ် စာရင်းဇယားအရ ၄၃၄၃၅ ရှိပြီး အရွယ်အစားအရ အသေးစားလုပ်ငန်းများ (လုပ်သား ၅၀ ဦးအောက်)သည် ၇၈ ရာခိုင်နှုန်းရှိပါကြောင်း၊ အလုပ်အကိုင်ရရှိမှု ၆၁ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှု ၄၁ ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံမှု ၄၅ ရာခိုင်နှုန်း အသီးသီးရှိနေ၍ မြန်မာ့စီးပွားရေးတိုးတက်မှုအတွက် အရေးပါသည့်ကဏ္ဍမှ ပါဝင်နေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် SMEs များအတွက် လိုအပ်သည့် ကာလတို၊ ကာလရှည်၊ အထူးသဖြင့် ဖွံ့ဖြိုးရေးရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သည့် ဘဏ္ဍာရေးအစီအစဉ်များကို နိုင်ငံတော်မှ လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဦးစိုးဝင်း တင်သွင်းသည့်အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

အရေးပါ

ယင်းနောက် ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် (ခ) ဦးနိုင်လှမောင်က နိုင်ငံတော်ရှိ ပြည်သူများ၏ စားဝတ်နေမှု လိုအပ်ချက်များကို ဖြည့်ဆည်းထုတ်လုပ်ပေးသော စက်မှုကုန်ထုတ်လုပ်ငန်းသည် နိုင်ငံတော်အတွက် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ပါကြောင်း။

အကြီးစားစက်မှုလုပ်ငန်းများသည် နိုင်ငံတော်၏ ရန်ပုံငွေလျာထားသတ်မှတ်ချက်မှ သုံးစွဲရရှိသဖြင့် အခက်အခဲများ မရှိလှသော်လည်း အလတ်စား၊ အသေးစား စက်မှုလုပ်ငန်းများတွင် အများအားဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များပီပီ မိမိတို့၏ ကိုယ်ပိုင်အရင်းအနှီးငွေများနှင့် စိုက်ထုတ်လုပ်ကိုင်ကြရပါသဖြင့် အခါအားလျော်စွာ ငွေပင်ငွေရင်း မလုံလောက်မှုများ ဖြစ်ပေါ်လာသည့်အခါ ထုတ်လုပ်မှုရပ်ဆိုင်းရ၍ ကုန်ထုတ်လုပ်မှု လျော့နည်းရပါကြောင်း၊ ကုန်ထုတ်လုပ်မှု လျော့နည်း ကျဆင်းလာသည်နှင့်အမျှ ကုန်ပစ္စည်း ရှားပါးမှုနှင့် ရင်ဆိုင်ရတတ်ပြီး ကုန်ဈေးနှုန်းလည်း မြင့်တက်လာတတ်ပါသဖြင့် စားသုံးသူ ပြည်သူများအတွက်လည်း ထိခိုက်နစ်နာကြရမည်ဖြစ်ပါကြောင်း။

ထုတ်လုပ်နိုင်

အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ဘဏ္ဍာရေးဆိုင်ရာ ငွေကြေးမလည်ပတ်သော ကာလများတွင် ၎င်းတို့အား ဘဏ္ဍာရေးပိုင်းဆိုင်ရာ လိုငွေများကို ထောက်ပံ့ချေးငှားပေးခြင်းအားဖြင့် ၎င်းတို့၏ လုပ်ငန်းပုံမှန်လည်ပတ်ပြီး ကုန်ထုတ်လုပ်မှု ချောမောစွာ ထုတ်လုပ်နိုင်ကြမည်ဖြစ်ပါကြောင်း။

စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အရေးကြီးဆုံးအချက် (၇)ချက် (7 M) လိုအပ်သည်ဟု လေ့လာမှတ်သားဖူးပါကြောင်း၊ အဆိုပါ M(၇)လုံးမှာ Men, Money, Material, Method, Machine, Management နှင့် Market တို့ ဖြစ်ပါကြောင်း။

အဆိုပါ M (၇)လုံးအနက် Men, Material, Machine နှင့် Money တို့မှာ ငွေကြေးနှင့်ပတ်သက် ဆက်စပ်နေပါသဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် ငွေကြေးလိုအပ်ချက်အပိုင်းသည် အလွန်အရေးကြီးပါကြောင်း။

အသေးစား၊ အလတ်စား စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သောငွေကြေးများကို ထောက်ပံ့ပေးခြင်းအားဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်း ချောမွေ့အဆင်ပြေသကဲ့သို့ ကုန်ဈေးနှုန်းကိုပါ ထိန်းသိမ်းရာ ရောက်စေမည်ဖြစ်ပါသဖြင့် ဦးစိုးဝင်းတင်ပြသော အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က ဦးစိုးဝင်း၏အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးရလျှင် ယနေ့ခေတ်စားနေသည့် Small and Medium size enterprise များကို အားပေးရေးကိစ္စဖြစ်ပါကြောင်း။

"လုပ်ငန်းငယ်၊ လုပ်ငန်းလတ်များသည် အရွယ်အစားသေးကြ၍ ၎င်းတို့ကိုယ်၎င်း ပြုပြင်ပြောင်းလဲရလွယ်သည်၊ ထို့ကြောင့် လုပ်ငန်းကြီးများမလုပ်နိုင်သည့် လက်ကျန်စီးပွားရေး အခွင့်အလမ်းများကို အမိအရ ဆုပ်ကိုင်ထုတ်လုပ်ရောင်းချနိုင်သည်၊ အရင်းနည်း၍ ကိုယ်ပိုင်လုပ်ငန်းကလေးများအဖြစ် ထူထောင်၍ကောင်းသည်၊ ထို့ကြောင့် လုပ်ငန်းသစ်များ၊ အလုပ်အကိုင်သစ်များ ဖြစ်ပေါ်တိုးပွားစေသည်" ဟု ဆိုကြပါကြောင်း။

သို့သော် ၎င်းတို့ကို မျက်နှာသာပေးပြီး အခွန်နှင့် စည်းမျဉ်းလျှော့ချကင်းလွတ်ခွင့်နှင့် ဘဏ္ဍာငွေကြေးထောက်ပံ့ပေးမှုများ ပြုသည့်အခါ အချောင်လိုက်ပြဿနာ ဝင်လာတတ်ပြီး SMEs ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုအတွက် ကြီးကြပ်စောင့်ကြည့် အရေးယူရေး လုပ်ငန်းအဖွဲ့အစည်းများ နောက်ဆက်တွဲ လိုအပ်လာတတ်ပါကြောင်း။

အဆိုပြု တင်ပြချက်၌ အတိုးမဲ့ချေးငွေဆိုသည်ကို ကြားရပါကြောင်း၊ ဈေးကွက်စီးပွားရေး၌ မည်သည့်အရာမျှ အလကားမရပါကြောင်း၊ ပြည်သူ့ဘဏ္ဍာသည် ပြည်သူများလုပ်အားကရသည့်

စာမျက်နှာ ၁၀ ကော်လံ ၁သို့

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦး ခင် မောင် မြင့် မေး မြန်း ချက် ကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

(၉၀)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီး မတ်လ (၃၁)ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါကြောင်း။

ကံတွင်း(ယောချောင်း) တံတားသည် သံကူကွန်ကရစ်တံတားကြီးဖြစ်သည့်အတွက် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပြီး ဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးအတွက် ယင်းနေရာတွင် ယာယီဘေလီရေနိမ့်တံတားကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ (၂၅)ရက်တွင် ဆောင်ရွက်ပြီးဖြစ်၍ ဆိပ်ဖြူ-ပခုက္ကူ ဆက်သွယ်သွားလာမှုတွင် လွယ်ကူချောမွေ့လျက်ရှိပြီး မိုးရာသီဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးအတွက် ကံတွင်းတံတားဟောင်းမှ ဒေါင်းသာ (ယောချောင်း) မီးရထားတံတား၊ ယင်းတံတားမှ မြစ်ခြေ-ဝါဇီလမ်းသို့ လမ်းသစ် (၅)မိုင် ဖောက်လုပ်ခြင်းအား စက်၊ ယာဉ်၊ ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိပြီး မြစ်ခြေမှ တစ်ဆင့် ပခုက္ကူသို့ လွယ်ကူစွာသွားလာနိုင်မည်ဖြစ်ပါကြောင်း၊ ဒေါင်းသာ တံတားပေါ်တွင်လည်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါကြောင်း။

အခက်အခဲမရှိ

ထို့ကြောင့် တံတားကြီး (၃)စင်းကို လာမည့်မိုးရာသီမတိုင်မီ အချိန်မီပြီးစီးရန် စီမံချက်ချဆောင်ရွက်လျက်ရှိသည့်အတွက် အခက်အခဲမရှိ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပါကြောင်းကို ကိုယ်စားလှယ်တော်ကြီးမှတစ်ဆင့် ဒေသခံပြည်သူများသို့ ပြောကြားပေးစေလိုပါကြောင်း၊ တစ်ဆက်တည်း တင်ပြရလျှင် ပခုက္ကူ-ပေါက်-ကျောက်ထုလမ်းသည် လမ်းအရှည်(၇၉)မိုင်ရှိပြီး (၁၂)ပေအကျယ် ကတ္တရာလမ်းအဖြစ် ၂၀၀၃ ခုနှစ် နိုဝင်ဘာတွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဆိပ်ဖြူ-ပေါက်-ကျောက်ထုလမ်းသည် လမ်းအရှည်(၈၄)မိုင် (၃)ဖာလုံရှိပြီး ရာသီမရွေးသွားလာနိုင်သည့် လမ်းဖြစ်ပါကြောင်း၊ လမ်းအမျိုးအစားအနေဖြင့်ဖော်ပြရလျှင် ကတ္တရာလမ်း (၄၇)မိုင် (၃)ဖာလုံ၊ ကျောက်လမ်း (၃၇)မိုင် စုစုပေါင်း (၈၄)မိုင် (၃)ဖာလုံဖြစ်ပါကြောင်း။

ဆိပ်ဖြူ-ပခုက္ကူလမ်းသည် လမ်းအရှည်(၅၉)မိုင်ရှိပြီး (၁၂)ပေအကျယ် ကတ္တရာလမ်းအဖြစ် ၁၉၉၉ ခုနှစ် ဧပြီတွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ဆိပ်ဖြူ-ဆောလမ်း လမ်းအရှည်(၆၉)မိုင် (၂)ဖာလုံရှိသည့် လမ်းကို တင်ပြသွားမည်ဖြစ်ပြီး လမ်းအမျိုးအစားအနေဖြင့် ကတ္တရာလမ်း (၁၀)မိုင် (၂)ဖာလုံ၊ ကျောက်လမ်း (၅၉)မိုင် စုစုပေါင်း (၆၉)မိုင် (၂)ဖာလုံဖြစ်ပြီး ရာသီမရွေး သွားလာနိုင်သည့်လမ်းဖြစ်ပါကြောင်း၊ ချင်းတောင်တန်း၏ ရေဝေ၊ ရေလဲ ဧရိယာများမှ ရှာသွန်းသည့်မိုးရေများ စုစည်းပြီး ဧရာဝတီမြစ်အတွင်း စီးဝင်သည့် ချောင်းကြီး၊ ချောင်းငယ်များသည် ဤလမ်းကို ဖြတ်သန်းစီးဆင်းသွားသည့်အတွက် တံတားကြီး၊ တံတားငယ်များ ပေါများပြီး သစ်သားတံတားများနှင့် ရေကျော်များကြောင့် ဆက်သွယ်သွားလာမှု ခက်ခဲခဲ့ရခြင်းဖြစ်ပါကြောင်း။

အတည်ပြု

ယခုအခါတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ တံတားအားလုံးကို သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပေ(၅၀) အောက် တံတားများကို ပထမဦးစားပေးအဖြစ်လည်းကောင်း၊ ပေ(၅၀)နှင့်အထက် ပေ(၁၀၀) အောက် တံတားများကို ဒုတိယဦးစားပေးအဖြစ် လည်းကောင်း၊ ပေ(၁၀၀)နှင့်အထက် ပေ(၁၈၀)အောက်တံတားများကို တတိယ ဦးစားပေးအဖြစ်လည်းကောင်း ဦးစားပေးအဆင့်အလိုက် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ပေ(၁၈၀)နှင့်အထက်တံတားများ ဆောင်ရွက်ရန်ရှိပါကလည်း နိုင်ငံတော်အစိုးရထံ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ထပ်မံတင်ပြ

၂၀၁၁ ခုနှစ် ဇန်နဝါရီ (၄)ရက်တွင် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ ပုသိမ်-မုံရွာကားလမ်းမကြီးအား အရှည်မိုင် (၄၅၀) (၅)ဖာလုံနှင့် (၁၂)ပေအကျယ် ကတ္တရာလမ်းမကြီးအဖြစ် ဖောက်လုပ် ဖွင့်လှစ်ပြီးဖြစ်သည့်အတွက် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ဂန့်ဂေါခရိုင်တို့မှ ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့များသို့ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်ကိုလည်း ထပ်မံတင်ပြလိုပါကြောင်း။

လမ်းများနှင့် တံတားများကို နိုင်ငံတော်က နှစ်စဉ်ငွေကုန်ကြေးကျ မြောက်မြားစွာကျခံပြီး ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း ကတ္တရာလမ်းများကို (၁၀)နှစ် သက်တမ်းခံစေရန်နှင့် သံကူကွန်ကရစ်တံတားများကိုလည်း နှစ် (၁၀၀)ခံစေရန် ရည်မှန်းချက်ထားပြီး ခက်ခက်ခဲခဲနှင့် အပင်ပန်းခံ တည်ဆောက်ပေးခဲ့ပါကြောင်း။

ယင်းသို့ရည်မှန်းချက်ထားပြီး ဆောင်ရွက်ခဲ့သော်ငြားလည်း အဆိုပါလမ်းနှင့်တံတားများပေါ်တွင် ဖြတ်သန်းသွားလာအသုံးပြုနေသော ကုန်တင်ယာဉ်ကြီးများသည် မိမိအကျိုးကိုသာရှေးရှုပြီး စည်းကမ်းမဲ့စွာ သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်ခြင်း၊ ပုဂ္ဂလိက သစ်တင်ယာဉ်ကြီးများကလည်း တာဝန်မဲ့စွာ သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်ခြင်းတို့ကြောင့် (၁၀)နှစ်ခံမည့် လမ်းများသည် (၂)နှစ်၊ (၃)နှစ်အတွင်း ကြေမွပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း။

ဤလမ်းများ၊ တံတားများ သက်တမ်းပြည့် ခိုင်မြဲနိုင်ရေးသည် ဆောက်လုပ်ရေးဝန်ကြီးဌာန တစ်ခုတည်း၌ပင် တာဝန်ရှိခြင်းမဟုတ်ဘဲ မျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံသားအားလုံးတွင် တာဝန်ရှိပါကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ဒေသခံပြည်သူများကလည်း မျိုးချစ်စိတ်ရှိစွာဖြင့် ကားလမ်းပေါ်တွင် တန်ပိုယာဉ်မမောင်းရေး၊ သံဘီးတပ်နွားလှည်း မမောင်းရေးတို့ကို ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပေးကြရေး ကိုယ်စားလှယ်တော်ကြီးမှတစ်ဆင့် စည်းရုံးပြောကြားပေးပါရန် မေတ္တာရပ်ခံ မှာကြားလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့်တင်ပြရလျှင် ဆောက်လုပ်ရေးဝန်ကြီးဌာနက တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်း လမ်းမိုင်ပေါင်း (၂၁၃၆၁)မိုင် (၂)ဖာလုံ၏ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုလမ်းမကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ချင်းဆက်လမ်းများကို နှစ်စဉ် ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မကွေးတိုင်းဒေသကြီး အနောက်ဘက်ခြမ်း၊ ချင်းပြည်နယ်၏ ဝင်ပေါက်လမ်းမကြီးများဖြတ်သန်းရာ ဂန့်ဂေါဒေသရှိ လမ်း၊ တံတားများ တိုးတက်ကောင်းမွန်ရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

အခွန်ဖြစ်ပြီး ဘဏ်ကငွေဆိုသည်မှာ ပြည်သူအချို့၏ ခြိုးခြံစုဆောင်းမှုကလာသည့် ငွေဖြစ်ပါကြောင်း၊ ထို့ကြောင့် အတိုးမဲ့ချေးပါ၊ အလကားပေးပါ ဆိုသည်မျိုးမှာ မဖြစ်သင့်ပါကြောင်း။

ဤမျှခေတ်စားလာသည့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများအား ဘဏ္ဍာရေးထောက်ပံ့ပေးရေးကို နိုင်ငံတော်ကလည်း မျက်ခြည်ပြတ်ခံပြီး လက်ပိုက်ကြည့်နေခဲ့မှာ မဟုတ်ပါကြောင်း၊ ဤအဆိုသည် ဆက်လက်အရေးယူဆောင်ရွက်ရန် မလိုအပ်ပါဟု ယူဆပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်(ခ) ခိုင်မောင်ရည်က ယခုအဆိုတွင် ပါဝင်သော အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများဟုဆိုရာတွင် နိုင်ငံအတွင်း လက်ရှိလုပ်ကိုင်လျက်ရှိသော လုပ်ငန်းပမာဏအလိုက် လူဦးရေ၊ ရင်းနှီးမြှုပ်နှံမှု ငွေကြေး၊ ကုန်ထုတ်လုပ်မှုပမာဏ စသည်တို့ကို အခြေခံသည့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းအားလုံး ပါဝင်လိမ့်မည်ဖြစ်ပါကြောင်း။

နိုင်ငံအသီးသီးတွင် ပုံသဏ္ဌာန်အမျိုးမျိုး၊ တည်ဆောက်မှုအမျိုးမျိုးဖြင့် မိမိနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်ရန် စီးပွားရေးပုံဖော်မှုများကို ပိုမိုလုပ်ဆောင်လျက်ရှိနေပါကြောင်း၊ စီးပွားရေးလုပ်ငန်းများကို အခြေခံအားဖြင့် ထုတ်လုပ်မှုကဏ္ဍ (Manufacturing)၊ ထုတ်လုပ်မှုမဟုတ်သောကဏ္ဍ (Non-Manufacturing)နှင့် ဝန်ဆောင်မှုကဏ္ဍ (Services) အဖြစ် ခွဲခြားသုံးသပ်ကြသည်ကို တွေ့ရှိရပါကြောင်း၊ ထိုလုပ်ငန်းများမှ လုပ်ငန်းပမာဏအပေါ်မူတည်၍ အသေးစား၊ အလတ်စားနှင့် အကြီးစားတို့ကို ထပ်မံခွဲခြားပါကြောင်း။

နိုင်ငံတိုင်းတွင် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်နေကြသည်ကို တွေ့နေရပါကြောင်း၊ မိမိနိုင်ငံအခြေအနေ၊ ကမ္ဘာ့ရပ်ဝန်းအခြေအနေတို့နှင့်ကိုက်ညီအောင် ဆောင်ရွက်ကြရသည်ကိုလည်း တွေ့ရပါကြောင်း၊ အခွန်ဝန်ထုပ်ဝန်ပိုး(Tax Burden)၊ ဘဏ္ဍာရေးသုံးစွဲခွင့် (Access to Financing)၊ လုပ်ငန်းများအပေါ် နည်းပညာသက်ရောက်မှု (The Impact of Technology on Small Business)၊ စက်ပစ္စည်းကိရိယာများ ခေတ်မီရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဆောင်ရွက်ချက်များအတွက် မျှတသောအခွင့်အလမ်းများကို အာမခံပေးခြင်းတို့ကို လိုက်လျောညီထွေ ကျင့်သုံးနိုင်ရန်လိုပါကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်သော အဖွဲ့အစည်းများပေါ်ပေါက်လျက် အသီးသီးလည်ပတ်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ငွေကြေးထောက်ပံ့မှုအစီအစဉ်များကိုလည်း နည်းမျိုးစုံဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရှိနေရပါကြောင်း။

စီးပွားရေးလုပ်ငန်းများအား အပြည့်အဝ မဖြစ်မနေထောက်ပံ့ရန်မဟုတ်ဘဲ အကျိုးရှိထိရောက်သော ငွေကြေးအကူအညီပေးရေး အစီအစဉ်တစ်ရပ်အဖြစ် တိတိကျကျ ပေါ်ပေါက်လာရန် ဝိုင်းဝန်းအကောင်အထည်ဖော်ပေးစေလိုပါကြောင်းနှင့် ဦးစိုးဝင်း၏ အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လုက မိမိတို့နိုင်ငံသည် အာဆီယံအသင်းဝင် တစ်နိုင်ငံဖြစ်ပြီး ငါးနှစ်ကြာသည့်အခါ၌ AFTA ခေါ် Asean Free Trade Area အတွင်း ပါဝင်လာတော့မည်ဖြစ်ပါကြောင်း၊ အာဆီယံ (၁၀)နိုင်ငံအတွင်း၌ လွတ်လွတ်လပ်လပ် အကောက်ခွန်မဲ့ ကူးသန်းရောင်းဝယ်နိုင်တော့မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဤအိမ်နီးချင်းအာဆီယံနိုင်ငံများက ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်ရန် ပြင်ဆင်ချိန် ငါးနှစ်နီးပါးရပါကြောင်း၊ မိမိတို့၏ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ စံချိန်စံညွှန်းမီမီဖြင့် ရပ်တည်ထုတ်လုပ်နိုင်ပါမှ ဒေသတွင်း၌ ပြိုင်ဆိုင်နိုင်စွမ်းရှိမည်ဖြစ်ပါကြောင်း။

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နေ့က ထုတ်ပြန်ကြေညာလိုက်သည့် အထူးစီးပွားရေးဇုန်ဥပဒေနှင့်အညီ အထူးစီးပွားရေးဇုန်၌ လာရောက်ရင်းနှီးမြှုပ်နှံကြမည့် နိုင်ငံခြားကုမ္ပဏီများ၏ ပစ္စည်းများနှင့်လည်း ယှဉ်ပြိုင်ရရန် ရှိနေပါကြောင်း၊ ယင်းနိုင်ငံခြားကုမ္ပဏီများသည် မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်၌ ထုတ်လုပ်ကြခြင်းဖြစ်၍ အခွန်အခ လွတ်ကင်းခွင့်အချို့ကိုလည်း ရရှိထားမည်ဖြစ်ရာ ပြည်တွင်းဖြစ်ကုန်ပစ္စည်းများထက် ယှဉ်ပြိုင်နိုင်စွမ်းအား ပိုမိုသာလွန်နိုင်ပါကြောင်း၊ ဤသို့အခြေအနေမျိုးတွင် အရည်အသွေးကောင်း၊ နိုင်ငံတကာစံချိန်မီ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် မိမိတို့၏ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို နိုင်ငံတော်နှင့် ပုဂ္ဂလိကဘဏ်များက ငွေရေးကြေးရေးအရ အတိုးမဲ့ဖြစ်စေ၊ အတိုးနှုန်းနည်းနည်းဖြင့်ဖြစ်စေ ကူညီထောက်ပံ့ရန် လိုအပ်ပါကြောင်း၊ ခေတ်မီနည်းပညာများ တိုးတက်ရရှိရေးကိုလည်း နိုင်ငံတော်အစိုးရက အားပေးကူညီစေလိုပါကြောင်း။

လာမည့် ၅ နှစ်အတွင်း၌ မိမိတို့နိုင်ငံသည် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို ငွေကြေးတောင့်တောင့်တင်းတင်းဖြင့် ကမ္ဘာ့အဆင့်မီလုပ်ငန်းများအဖြစ် မထူထောင်ထားနိုင်လျှင် အမျိုးသားစီးပွားရေးတစ်ရပ်လုံး နစ်နာထိခိုက်နိုင်သည့်အတွက် ဦးစိုးဝင်းတင်ပြသော အဆိုကို ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦးက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် စက်မှုလက်မှုနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍကို အခြေခံလျက်ရှိရာ စက်မှုလက်မှုနှင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် အကြီးစားစီးပွားရေးလုပ်ငန်းကြီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများပါ သဟဇာတမျှတအောင် ဖွံ့ဖြိုးတိုးတက်ရန်လိုပါကြောင်း၊ ထိုသို့ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို ချေးငွေပံ့ပိုးပေးခြင်းသည် အဓိကကျပါကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များမှနေ၍ တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း စသောလုပ်ငန်းကဏ္ဍအသီးသီးသို့ ချေးငွေများ စိစစ်ထုတ်ပေးသကဲ့သို့ စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများသို့ ငွေထုတ်ချေးပေးလျက်ရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ လက်ရှိဘဏ်များမှ ထုတ်ချေးပေးလျက်ရှိသည့် စက်မှုလက်မှုလုပ်ငန်းများမှာ အများအားဖြင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများသာဖြစ်ပြီး စုစုပေါင်းချေးငွေ၏ ၂၀ ရာခိုင်နှုန်းခန့်မှာ ထိုလုပ်ငန်းများအတွက်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

လေ့လာသိရှိ

နိုင်ငံတော်အနေဖြင့် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်များသို့ ဘဏ္ဍာငွေများ ဖြည့်ဆည်းပေးလျက်ရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများသို့ ငွေထုတ်ချေးရာတွင် အခြားကဏ္ဍများသို့ ငွေထုတ်ချေးခြင်းထက် သက်သာသောအတိုးနှုန်းထားဖြင့် ထုတ်ချေးရန် နိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်များအားလုံးသို့ ညွှန်ကြားထားပြီး ဘဏ်များအားလုံးကလည်း ညွှန်ကြားချက်နှင့်အညီ အသေးစား အလတ်စားစက်မှုလုပ်ငန်းများသို့ ချေးငွေထုတ်ပေးလျက်ရှိသည်ကို လေ့လာသိရှိရပါကြောင်း။

ထိုသို့ ထုတ်ယူရာတွင် နိုင်ငံတော်ဘဏ္ဍာငွေကို အကျိုးရှိစွာအသုံးချနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အချို့မှာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အဓိကမထားဘဲ ချေးငွေရရှိရေးသာ အဓိကထား၍ ဆောင်ရွက်ကြသည့်အတွက် ဘဏ်များမှ တရားလိုပြု၍ ဥပဒေအရ ဆောင်ရွက်ရသည်များလည်း ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိရာ ချေးငွေများအား ကျယ်ကျယ်ပြန့်ပြန့် ထုတ်ချေးပေးခြင်းကြောင့် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုခြင်း၊ ပြည်ပသွင်းကုန်အစားထိုး စက်မှုပစ္စည်းများ ထုတ်လုပ်နိုင်ခြင်း၊ နိုင်ငံခြားသုံးငွေ ချွေတာစုဆောင်းနိုင်ခြင်း၊ ကုန်ချောပစ္စည်းများထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်သဖြင့် နိုင်ငံခြားသုံးငွေရရှိနိုင်ခြင်း၊ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း စသော အကျိုးကျေးဇူးများရရှိနိုင်သည်ကို တွေ့ရပါကြောင်း။

အားပေးဆောင်ရွက်

နိုင်ငံတော်အနေဖြင့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်သာသောဘဏ်အတိုးနှုန်းဖြင့် ငွေထုတ်ချေးပေးခြင်း၊ နည်းပညာတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲမှုအတတ်ပညာများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ ဝယ်လိုအားနှိုးဆွပေးခြင်းအပြင် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ကို ဖွဲ့စည်းပြီး အားပေးဆောင်ရွက်လျက်ရှိသည်ကိုလည်း တွေ့ရပါကြောင်း။

ထို့ကြောင့် ဦးစိုးဝင်းတင်ပြခဲ့သည့်အဆိုနှင့်ပတ်သက်၍ ပြောကြားရလျှင် နိုင်ငံတော်အတွင်းရှိ ဘဏ်များအနေဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းကဏ္ဍပေါင်းစုံနှင့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများသို့ ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်ကို တွေ့ရှိရမှာဖြစ်ပါကြောင်း။

ယင်းကြောင့် ဦးစိုးဝင်းတင်ပြခဲ့သည့် အဆိုသည် ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သည့်အတွက် ထပ်မံဆွေးနွေးရန် မလိုအပ်တော့ပါဟု ယူဆပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက မြန်မာနိုင်ငံသည် အာဆီယံအသေးစားနှင့် အလတ်စားလုပ်ငန်းများ အေဂျင်စီဆိုင်ရာ လုပ်ငန်းအဖွဲ့ (ASEAN SMEWG) ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ စက်မှုဇုန် (၁၈) ဇုန်၊ ဇုန်ခွဲပေါင်း (၂၈) ခုရှိပြီး အဆိုပါ စက်မှုဇုန်များတွင် ၂၀၁၀-၂၀၁၁ ခု ဖေဖော်ဝါရီလကုန်အထိ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေများနှင့်အညီ စက်မှုမှတ်ပုံတင်ထားသော လုပ်ငန်းအရေအတွက် (၄၃၅၀၄)ရှိပြီး ယင်းအနက် အကြီးစားလုပ်ငန်း (၄၁၈၆)ခု (၉ ဒသမ ၆၂) ရာခိုင်နှုန်း၊ အလတ်စားလုပ်ငန်း (၆၉၉၂) ခု (၁၆ ဒသမ ၀၇) ရာခိုင်နှုန်းနှင့် အသေးစားလုပ်ငန်း (၃၂၃၂၆) ခု (၇၄ ဒသမ ၃၁) ရာခိုင်နှုန်းတို့ဖြစ်ပါကြောင်း။

သတ်မှတ်

စက်မှုလက်မှုလုပ်ငန်းများအတွက် လိုအပ်သောချေးငွေကို လက်ရှိအခြေအနေတွင် နိုင်ငံပိုင်ဘဏ်များဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှလည်းကောင်း၊ ပုဂ္ဂလိကဘဏ်များမှလည်းကောင်း ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ ထိုသို့ထုတ်ချေးရာတွင် ချေးငွေအပေါ် အတိုးနှုန်းကို တစ်နှစ်လျှင် ၁၇ ရာခိုင်နှုန်း၊ အထူးစီမံကိန်းချေးငွေအတွက်ဖြစ်ပါက အတိုးနှုန်းကို တစ်နှစ်လျှင် ၁၅ ရာခိုင်နှုန်း သတ်မှတ်ပါကြောင်း။

မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ် (၁၉) ဘဏ်အနက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံပိုင်ဘဏ်ဖြစ်သော မြန်မာ့စီးပွားရေးဘဏ်လက်အောက်ရှိ စက်မှုလက်မှုချေးငွေဌာနတို့သည် အဓိကအားဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချေးငွေထုတ်ချေးရန် တာဝန်ယူဆောင်ရွက်လျက်ရှိသော ဘဏ်များဖြစ်ပြီး ၎င်းဘဏ် နှစ်ဘဏ်မှ စုစုပေါင်း ချေးငွေပမာဏ၏ ၅၅ ရာခိုင်နှုန်းကို စက်မှုကဏ္ဍသို့ ထုတ်ချေးထားပါကြောင်း၊ လက်ရှိထုတ်ချေးပေးလျက်ရှိသော စက်မှုလက်မှုလုပ်ငန်းအမျိုးအစားများမှာ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးလုပ်ငန်း၊ ကားဘော်ဒီထုတ်လုပ်ရေးနှင့် သံရည်ကျို၊ သံနန်းဆွဲလုပ်ငန်း၊ လယ်ယာသုံးပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ ချည်မျှင်စက်၊ ရက်ကန်းစက်နှင့် ဝါကြိတ်စက်လုပ်ငန်း၊ ဆီကြိတ်လုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း၊ စက္ကူစက်လုပ်ငန်း၊ ဆပ်ပြာစက်လုပ်ငန်း၊ သစ်ခွဲစက်လုပ်ငန်း၊ CNG ဓာတ်ငွေ့သုံးယာဉ် ပြောင်းလဲခြင်းလုပ်ငန်းများဖြစ်ပါကြောင်း။

စိစစ်ထုတ်ချေး

၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေအရ ချေးငွေများထုတ်ချေးရာ၌ အာမခံဖြင့်ထုတ်ချေးခြင်းနှင့် အာမခံမဲ့ဖြင့် ထုတ်ချေးခြင်းတို့ကို ပြုလုပ်နိုင်ပါကြောင်း၊ ၂၀၀၃ ခုနှစ်နောက်ပိုင်းတွင် ဘဏ်များအနေဖြင့် စွန့်စားရမှုနှင့် ဆုံးရှုံးမှုများမှ ကာကွယ်နိုင်ရန် အာမခံရှိမှသာ ချေးငွေများကိုထုတ်ချေးပါကြောင်း၊ အထူးသဖြင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို အာမခံပစ္စည်းအဖြစ် ထားရှိပြီး ထုတ်ချေးပါကြောင်း၊ ဘဏ်ချေးငွေများမှာ အများပြည်သူအပ်နှံငွေ (Public Deposits) မှ ထုတ်ချေးရသဖြင့် ခိုင်မာစိတ်ချရသော ချေးငွေများကိုသာ စိစစ်ထုတ်ချေးခြင်းဖြစ်ပါကြောင်း။

သို့ရာတွင် စက်မှုကုန်ထုတ်လုပ်ငန်းများကို အထောက်အကူပြုနိုင်စေရန်အတွက် အချို့ကိစ္စများတွင် သတ်မှတ်ချက်များကိုလျှော့ပေါ့ပြီး ချေးငွေထုတ်ချေးမှုများရှိခဲ့ပါကြောင်း၊ ဥပမာ- မော်တော်ယာဉ်၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ လောင်စာသုံးစွဲရာ၌ လည်ပတ်မှုစရိတ် (Running Cost) များပြားခြင်းကြောင့် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ (CNG) လောင်စာအသုံးပြု၍ စက်ပစ္စည်းဆိုင်ရာ ပြုပြင်တပ်ဆင်မှုများ ပြုလုပ်နိုင်ရန် မော်တော်ယာဉ်စာအုပ်များကိုသာ အာမခံရယူပြီး ချေးငွေများထုတ်ချေးပေးခဲ့ပါကြောင်း။

ထို့ပြင် ပြည်တွင်းစက်မှုလုပ်ငန်းတိုးမြှင့်လာရေး အထောက်အကူပြုနိုင်ရန်အတွက် ရေနံချောင်းစက်မှုဇုန်ရှိ ရွှေနဂါးစက်မှုလက်မှုလုပ်ငန်းအနေဖြင့် ပြည်ပသွင်းကုန် အစားထိုးလုပ်ငန်းဖြစ်သည့် မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်သော မော်တော်ဆိုင်ကယ်များကို အာမခံပစ္စည်းအဖြစ်ရယူ၍ ချေးငွေများ ထုတ်ချေးပေးခဲ့ပါကြောင်း။

ညှိနှိုင်းဆောင်ရွက်

အသေးစားနှင့်အလတ်စားလုပ်ငန်းများအတွက် ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အထိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်တို့မှ ချေးငွေ ကျပ် ၁၂၅ ဒသမ ၄ ဘီလီယံ ထုတ်ချေးပေးခဲ့ပါကြောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်နှင့် ပံ့ပိုးမှုရရှိစေရန် ရည်ရွယ်ပြီး မန္တလေး၊ မုံရွာနှင့် တောင်ကြီးစက်မှုဇုန်တို့၌ တစ်နှစ်လျှင် တန် ၁၀၀၀ အထိ ထုတ်လုပ်နိုင်သည့် သံရည်ကျိုအလုပ်ရုံနှင့် စက်ပစ္စည်းများထူထောင်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

ယင်းသို့ ညှိနှိုင်းဆောင်ရွက်ပေးမှုအပေါ် အခြေခံပြီး စက်မှုဇုန် သုံးဇုန်အတွက် စက်အမယ်ပစ္စည်းပေါင်း (၄၈၉) မျိုး၊ တန်ဖိုး အမေရိကန်ဒေါ်လာ ငါးသန်းကျော်ကို ၂၀၀၆ ခုနှစ်အတွင်း နိုင်ငံတော်၏ဘဏ္ဍာငွေဖြင့် ကြိုတင်စိုက်ထုတ်ဝယ်ယူပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

လက်ရှိအခြေအနေ၌ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များအနေဖြင့် ဘဏ်လုပ်ငန်း တည်ငြိမ်ခိုင်မာမှုရှိအောင် ကြိုးပမ်းတည်ဆောက်လျက်ရှိကြသကဲ့သို့ စက်မှုလက်မှုလုပ်ငန်းများအပါအဝင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် စီးပွားရေးလုပ်ငန်းများကို ဘဏ်များ၏ ချေးငှားနိုင်သည့် ရန်ပုံငွေ (Loanable Fund)အပေါ်မူတည်ပြီး ဦးစားပေးထုတ်ချေးလျက်ရှိပါကြောင်း။

ကိုယ်စားလှယ်တော်ကြီးအနေဖြင့် ယခုကဲ့သို့ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအတွက် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေး အဆိုပြုခြင်းကို **ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအနေဖြင့် နိုင်ငံတော်အစိုးရ၏ အားပေးထောက်ပံ့မှုဖြင့် သွင်းကုန်အစားထိုးလုပ်ငန်းများကို လတ်တလောဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ပသို့တင်ပို့နိုင်မည့် အဆင့်သို့လည်း ရောက်ရှိနေပြီဖြစ်ပါကြောင်း။**

တွေ့မြင်ရ

အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ လည်ပတ်နိုင်စေရန် အစိုးရဘဏ်များသာမက ပုဂ္ဂလိကဘဏ်များပါ တိုးချဲ့ဖွင့်လှစ်ပြီး ချေးငွေများအာမခံဖြင့် စနစ်တကျ ထုတ်ချေးပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ပေးနေခြင်းသည် "၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ"အရ စနစ်တကျဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်က စနစ်တကျ ဆောင်ရွက်ပေးခဲ့သဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကို မျက်ဝါးထင်ထင် တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် မကြာမီပေါ်ပေါက်လာမည့် အစိုးရသစ်တွင် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန အသစ်တစ်ခုကိုပါ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်သည့်အတွက် ကိုယ်စားလှယ်တော်ကြီးတင်သွင်းသော စက်မှုလုပ်ငန်းများအတွက် တရားဝင်ငွေချေးခွင့်ဥပဒေတစ်ရပ် ပြဋ္ဌာန်းရေးအဆိုသည် သီးခြားထပ်မံအဆိုပြုဆွေးနွေးရန် မလိုအပ်သောကိစ္စဖြစ်၍ သုံးသပ်ဆောင်ရွက်နိုင်ပါရန် ပြန်ကြားအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

၎င်းနောက် လွှတ်တော်ဥက္ကဋ္ဌက စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏အဆိုအပေါ် ဆွေးနွေးသူ (၇)ဦးနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးတို့က ပြည့်စုံစွာ ရှင်းလင်းဆွေးနွေးပြီးဖြစ်ပါကြောင်း၊ ဆွေးနွေးချက်များမှာ စေတနာပါပြီး စိတ်ဝင်စားဖွယ်ကောင်းလှပါကြောင်း၊ အမှန်စင်စစ် မိမိတို့နိုင်ငံ၏ GDP တိုးတက်ရန်မှာ ယနေ့ဆွေးနွေးသွားသည့် SMEs များအပါအဝင်ဖြစ်သည့် Production ပိုင်းသည် အဓိကကျလှပါကြောင်း၊ SMEs များအတွက် ဘဏ္ဍာရေးဆိုင်ရာထောက်ပံ့မှုကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေသည်ကိုလည်း သိရှိကြရပါကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ကလည်း ဤအဆိုသည် သီးခြားထပ်မံ အဆိုပြုဆွေးနွေးရန် မလိုသည့်ကိစ္စဖြစ်၍ ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်ပါရန် ရှင်းလင်းဆွေးနွေးသွားပါကြောင်း၊ ယနေ့ ရှင်းလင်းဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အဆိုရှင်၏ ဆန္ဒသဘောထားကို သိလိုပါကြောင်း ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် အဆိုရှင် ဦးစိုးဝင်းက မိမိ၏အဆိုကို လိုအပ်လျှင်လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ပါရန် လွှတ်တော်က မှတ်တမ်းတင်ထားပေးစေလိုပါကြောင်း တင်ပြသည်။

၎င်းနောက် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ၎င်းအဆိုသည် ဆက်လက်ဆွေးနွေးရန်မလိုအပ်တော့ကြောင်း လွှတ်တော်ကသဘောတူသည့်အတွက် ဦးစိုးဝင်း၏အဆိုကို ဆက်လက်ဆွေးနွေးရန် မလိုအပ်တော့ဘဲ မှတ်တမ်းတင်ထားရန် ဖြစ်ကြောင်း လွှတ်တော်က အတည်ပြုဆုံးဖြတ် ကြေညာသည်။ **(သတင်းစဉ်)**

ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ကင်မ်ဟေးယွန်အား ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် မတ် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချိုဗြောင်ဂျေ၏နေရာတွင် မစ္စတာ ကင်မ်ဟေးယွန်အား ခန့်အပ်ရန်အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူလိုက်ပြီးဖြစ်သည်။

ထမ်းဆောင်ခဲ့

မစ္စတာကင်မ်ဟေးယွန်သည် ၁၉၅၇ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၁၉၈၀ ခုနှစ်တွင် ဆိုးလ်အမျိုးသားတက္ကသိုလ်မှ ဘာသာဗေဒဆိုင်ရာအထူးပြုဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးဘာသာရပ်ဖြင့် မဟာဘွဲ့ကိုလည်းကောင်း၊ ၁၉၈၈ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဘလူမင်တန်၊ အင်ဒီယာနာတက္ကသိုလ်မှ အရှေ့အာရှရေးရာ လေ့လာမှုဘာသာရပ်ဖြင့် မဟာဘွဲ့ကို လည်းကောင်း ရရှိခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့သည်။ မစ္စတာကင်မ်ဟေးယွန်သည် အမေရိကန်ပြည်ထောင်စု ဆီရယ်တဲလ်မြို့၊ ကိုရီးယားသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး၌ ကောင်စစ်ဝန်အဖြစ်လည်းကောင်း၊ ထရီနီဒတ်နှင့် တိုဘာဂိုသမ္မတနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးတို့တွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် သံမှူးကြီးအဖြစ်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးမူဝါဒဆိုင်ရာ စီမံကိန်းဌာနနှင့် ဘက်ပေါင်းစုံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဌာနတို့တွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုဆောင်ရွက်ရေး အကြီးတန်းအရာရှိအဖြစ်လည်းကောင်း၊ သမ္မတရုံးတွင် အကြီးတန်းလက်ထောက်အတွင်းဝန်အဖြစ်လည်းကောင်း တာဝန်များအသီးသီး ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန လွတ်လပ်သောကုန်သွယ်မှုဒေသစေ့စပ်ညှိနှိုင်းရေးဌာန (FTA Negotiations, MOFAT) ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာကင်မ်ဟေးယွန်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားတစ်ဦးရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် မတ် ၂၃

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ ယနေ့မွန်းတည့်မှ နောက် ငါးရက်အတွင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြစ်ဝကျွန်းပေါ် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း တိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီ ၃၅မိုင်အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ယနေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၏ အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၄)ဦးကဆွေးနွေးပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းက ပြန်လည်ရှင်းလင်းဆွေးနွေး

ရှင်းလင်း ဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း ပြန်လည် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ယခင်လွှတ်တော် အစည်းအဝေးများက လက်ခံဆွေးနွေးရန် အတည်ပြုထားသည့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇) မှ ဒေါက်တာဗညားအောင်မိုး၏ **"တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်သည့်တန်ဖိုးရရှိရေးအတွက် နိုင်ငံတော်က ကူညီဆောင်ရွက်ပေးရန်"** အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးကြသည်။

လေ့လာသုံးသပ်

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဝဏ္ဏကျော်ထင် ဦးဝင်းမြင့်က ဆွေးနွေးရာ မိမိသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသူဖြစ်ပါကြောင်း၊ ဒေါက်တာဗညားအောင်မိုး၏အဆို ပထမအချက်ဖြစ်သည့် စိုက်ပျိုးထွက်ကုန်များဈေးကျလျှင် တောင်သူလယ်သမားများမနစ်နာစေရန်နှင့် စိုက်ပျိုးထုတ်လုပ်မှု စရိတ်ကာမိစေရန် စိုက်ပျိုးရေးကုန်ပစ္စည်းများ၏ ဈေးနှုန်းကို သင့်တင့်သည့်ဈေးနှုန်းသို့ အရောက်ဆွဲတင်ပေးရန်ကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးရလျှင် **မိမိ၏ အတွေ့အကြုံအရ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသော နိုင်ငံများတွင် သီးနှံကုန်စည်များ၏ ဈေးနှုန်းကို အစိုးရများက တိုက်ရိုက်ဝင်ရောက်စွက်ဖက်ဆွဲတင်၊ ဆွဲချလုပ်လေ့ မရှိသကဲ့သို့ ဈေးကွက်အတွင်းတွင် Supply and Demand ဆိုသည့် ရောင်းလိုအားနှင့် ဝယ်လိုအား သဘောတရားအရ ဖြစ်ပေါ်နေသည့် ဈေးကွက်ပေါက်ဈေးကို အစိုးရကရော၊ ပုဂ္ဂလိကများကပါ တိုက်ရိုက်ဝင်ရောက်ပြီး သတ်မှတ်ပြဋ္ဌာန်းထိန်းချုပ်၍မရပါကြောင်း၊ သို့သော် ပစ္စည်းအား၊ ငွေအားဖြင့် မတရားဈေးကစား ခြယ်လှယ်ပြီး ဆွဲတင်ဆွဲချမှုမျိုးဖြစ်စဉ်များ ဈေးကွက်အတွင်း ပေါ်ပေါက်လာသည့် အခါမျိုးတွင်သာ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများနှင့် ကုန်သည်အသင်းအဖွဲ့များက အုပ်ချုပ်ရေးနည်းလမ်းနှင့်ဥပဒေအရ ပူးပေါင်းထိန်းကျောင်းမှုမျိုးသာ ပြုလုပ်လေ့ရှိသည်ကိုတွေ့ရပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများကိုလေ့လာကြည့်ပါက အရေးကြီးသည့် ကုန်စည်များကို အရန်ရိက္ခာသိုလှောင်မှုစနစ် (Buffer Stock System) ထားရှိပြီး ဈေးနှုန်းအဆမတန်မြင့်တက်လာလျှင် အဆိုပါရိက္ခာမှ ထုတ်ရောင်းပြီး ဈေးအလွန်ကျနေပါက လယ်သမားများ မနစ်နာစေရန်အတွက် ထုတ်လုပ်မှုစရိတ်ကာမိပြီး သင့်တင့်သည့် အမြတ်ဖြင့် ဝယ်ယူသည်မျိုး ရှိပါကြောင်း၊ အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်းကို ထားပြီး လယ်သမားများမနစ်နာစေရအောင် လုပ်ဆောင်ပေးခြင်းမျိုးလည်း ရှိပါကြောင်း၊ သို့သော် လက်ရှိဈေးကွက်စီးပွားရေးစနစ်၊ လက်ရှိ နိုင်ငံတကာဈေးကွက်အခြေအနေများနှင့် ဆီလျော်မည့်နည်းလမ်းကို မိမိနိုင်ငံအနေအထားနှင့် ကိုက်ညီအောင် လေ့လာသုံးသပ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။**

ဆန်စပါးအပါအဝင် စားသောက်ကုန်များ၏ဈေးနှုန်းနှင့်ပတ်သက်၍ ၂၀၀၇-၂၀၀၈ ခုနှစ် နောက်ပိုင်းတွင် လယ်ယာကုန်စည်များ၏ကမ္ဘာ့ဝယ်လိုအား မြင့်တက်နေသကဲ့သို့ ဈေးနှုန်းများလည်း ယခင်ကထက် ပိုမိုရရှိလာပါကြောင်း၊ အဓိကပို့ကုန်များ ဈေးနှုန်း မြင့်တက်လာမှုကြောင့် မိမိတို့နိုင်ငံအနေဖြင့် ဆန်နှင့်ပဲမျိုးစုံကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့တင်ပို့နိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် လယ်သမားများ၊ ကုန်သည်ပွဲစားများနှင့် တင်ပို့သူများအားလုံး အကျိုးဖြစ်ထွန်းခဲ့ပါကြောင်း၊ ပြည်ပဈေးနှုန်းတက်လာခြင်းသည် လယ်သမားအတွက် ပိုမိုစိုက်ပျိုးလာအောင် ဆွဲဆောင်မှုတစ်ရပ်ဖြစ်သော်လည်း တက်သင့်သည်ထက်ပိုတက်ပါက စားသုံးသူပြည်သူများကို ထိခိုက်သည့်အတွက် ဝိုင်းဝန်းထိန်းသိမ်းရခြင်းမျိုးလည်းရှိပါကြောင်း၊ လက်ငင်းကာလများတွင် အဓိကလယ်ယာပို့ကုန်ဖြစ်သည့် ပဲမျိုးစုံနှင့်ဆန်တိုးချဲ့တင်ပို့နိုင်ခြင်းသည် **Public Private Partnership** ပုံစံဖြင့် ဝိုင်းဝန်း ကြိုးစားခဲ့ခြင်းကြောင့်လည်း ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပို့ကုန်တိုးချဲ့တင်ပို့နိုင်မှု စီးပွားရေးတိုးတက်မှုပုံစံ (**Export Led Economic Growth Model**)ဖြစ်သည့်အတွက် ပို့ကုန်တိုးချဲ့နိုင်လေလေ တိုင်းပြည်၏ စီးပွားရေး တိုးတက်လေဖြစ်ပါကြောင်း၊ ထို့ကြောင့် ပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေးအတွက် **Public Private Partnership** ကို ဆက်လက်တိုးချဲ့ဆောင်ရွက်မည်ဆိုပါက အထူးအကျိုးရှိမည်ဖြစ်ပါကြောင်း။

ပူးပေါင်းကြိုးစား

အဆိုဒုတိယအချက်တွင် စိုက်ပျိုးထုတ်လုပ်ထားသည့်ကုန်စည်များ ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းကောင်းရရန်အတွက် အစိုးရမှကူညီပေးရန်ဟု ဖော်ပြထားပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်အရ ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများ၊ ပြည်တွင်းရှိ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုန်သည်အသင်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နေသကဲ့သို့ ကုန်စည်ပြပွဲများနှင့်တွေ့ဆုံဆွေးနွေးပွဲများကိုလည်း ဦးဆောင်ကျင်းပပြုလုပ်ပေးခြင်းအားဖြင့် ကုန်သည်လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းများရရှိအောင် နိုင်ငံတော်က ကူညီဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များက ဈေးကွက်ထိုးဖောက်နိုင်ရေး ကြိုးစားသကဲ့သို့ ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ပေးမည့် တောင်သူလယ်သမားများ၊ နယ်ကုန်သည်ပွဲစားများနှင့် ကုန်သည်ကြီးများက ဈေးကွက်ဝင်သီးနှံများကို ဈေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်အောင် ကြိုးစားပေးရန် လိုအပ်ပါကြောင်း၊ ယခုဆိုလျှင် အဓိကလယ်ယာပို့ကုန်နှစ်မျိုးဖြစ်သည့် ဆန်နှင့်ပဲမျိုးစုံအရည်အသွေး တိုးတက်လာစေရန် အထူးပြုကုမ္ပဏီကြီးများဖွဲ့စည်း၍ Public Private Partnership အစီအစဉ်ဖြင့် လယ်သမားများကို ပံ့ပိုးဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် ယင်းအဆိုသည်လည်း အစိုးရ၏ကူညီမှုသက်သက်ဖြင့် ရည်မှန်းချက်ကို ရောက်ရှိနိုင်မည်မဟုတ်ဘဲ အစိုးရဌာနဆိုင်ရာရော၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများကပါ အားလုံးဝိုင်းဝန်း ပူးပေါင်းကြိုးစား ဆောင်ရွက်ကြရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း။

ဒေါက်တာဗညားအောင်မိုး၏ အဆိုနှစ်ရပ်စလုံးသည် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုမထိခိုက်ရေး၊ ထိုက်သင့်သည့်ဈေးနှုန်းရရှိရေး၊ ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းရရှိရေးတို့အတွက် ဆွေးနွေးထားပါကြောင်း၊ ယခုအခါ အစိုးရဌာနများ၊ ကုန်သည်/စက်မှုအသင်းချုပ်နှင့်ညီနောင်အသင်းများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ အားလုံးပူးပေါင်း၍ သီးနှံအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနေချိန်လည်း ဖြစ်ပါကြောင်း၊ ဆက်လက်၍ Public Private Partnership အနေဖြင့် လက်တွဲကြိုးပမ်း ဆောင်ရွက်နေပြီ ဖြစ်သည့်အတွက် ယင်းအဆိုနှစ်ရပ်သည် ဆောင်ရွက်ပြီးဖြစ်ပါ၍ ထပ်မံအဆိုပြုရန် မလိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ) ကိုပေါက်က ဆွေးနွေးရာ **ကမ္ဘာ့ဈေးကွက်တွင်ဈေးကောင်းရရှိရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရလျှင် ဈေးကွက်စီးပွားရေးစနစ်တွင် ဈေးနှုန်းကို ဈေးကွက်ကပြဋ္ဌာန်းသည့်အတွက် မိမိတို့နိုင်ငံက စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် ကမ္ဘာ့ဈေးကွက်တွင် အခြားနိုင်ငံများမှ သီးနှံများနှင့် ဝင်ရောက်ယှဉ်ပြိုင်ပြီး ဈေးကွက်ရမှသာ ဈေးကောင်းရရေးကို ဆက်လက်ကြိုးစားနိုင်မည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် မိရိုးဖလာလုပ်ငန်းဖြစ်သော ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းနှင့် ဆန်စက်လုပ်ငန်းကိုလုပ်ကိုင်နေသူဖြစ်သဖြင့် ယခုအခါတွင် ဆန်စပါးထုတ်လုပ်ရာ၌ အရည်အသွေးပြည့်ဝသည့် ဆန်စပါးများရရှိရေးအတွက် ခေတ်မီကြိတ်ခွဲရေးစက်ပစ္စည်းများနှင့်နည်းစနစ်များကို ပြောင်းလဲသုံးစွဲလာကြသည်ကို လက်တွေ့သိရှိရပါကြောင်း၊ ကုန်ကြမ်းဖြစ်သောစပါးကိုလည်း မျိုးကောင်း မျိုးသန့်များရရှိအောင် ဈေးကောင်းပေး၍ ရွေးချယ်ဝယ်ယူလာကြသဖြင့် တောင်သူလယ်သမားများသည်လည်း မိရိုးဖလာစပါးမျိုးများ စိုက်ပျိုးနေရာမှ ဈေးကောင်းရသည့် စပါးမျိုးများကို ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ပါကြောင်း၊မျိုးကောင်းစပါးများကိုကြိတ်ခွဲခြင်းဖြင့် အရည်အသွေး မြင့်မားကောင်းမွန်သော ကုန်ချော (ဆန်ချော)များရရှိလာခြင်းကြောင့် ပြည်ပဈေးကွက်တွင် အခြားနိုင်ငံများနည်းတူ ဝင်ရောက်ယှဉ်ပြိုင်ရောင်းချနိုင်ပါကြောင်း၊ ကုန်ချောတွင်ဈေးကောင်းရပါက ကုန်ကြမ်းဖြစ်သောစပါးတွင်လည်း ဈေးကောင်းရမည်မှာ အမှန်မလွဲဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စပါးနည်းတူ အခြားသီးနှံများကိုလည်း အရည်အသွေးကောင်း စိုက်ပျိုးထုတ်လုပ်နိုင်မှ ဈေးကွက်တွင် ဈေးကောင်းရနိုင်မည်ဖြစ်ပါကြောင်း။**

ပြဋ္ဌာန်းထား

အဆိုဒုတိယအချက်နှင့်ပတ်သက်၍ ဆွေးနွေးရလျှင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃(ခ)အရ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထားပြီး ယင်းပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံတော်ကဆက်လက်ဆောင်ရွက်မည့် အစီအစဉ်ရှိပြီးကိစ္စဖြစ်သည့်အတွက် ယင်းအဆိုကို သီးခြားဆွေးနွေးအကောင်အထည်ဖော်ရန် မလိုဟုယူဆပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံက ဆွေးနွေးရာ စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှု ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးနည်းလမ်းကောင်းများ၊ ပစ္စည်းကိရိယာများ၊ စိုက်ပျိုးရန်မြေနေရာများ၊ လုံလောက်သောငွေအရင်းအနှီးနှင့်လုပ်အား (အလုပ်သမား)စသည့် အချက်များနှင့် ပြည့်စုံရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးထုတ်လုပ်ရာမှ မိမိတို့သုံးစွဲရမည့် ငွေမရရှိပါက အခြားအလုပ်အကိုင်များပြောင်းလဲလုပ်ကိုင်လာကြသည့်အတွက် စိုက်ပျိုးရေး ထုတ်ကုန်ကျဆင်းနိုင်ပါကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများ စားဝတ်နေရေးဖူလုံရန်၊ စိုက်ပျိုးထုတ်ကုန်တိုး၍ ထုတ်လုပ်နိုင်ရန်နှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးရန် လိုအပ်ပါသဖြင့် ဒေါက်တာဗညားအောင်မိုး တင်သွင်းသည့် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်သိန်းက ဆွေးနွေးရာ တောင်သူလယ်သမားများ ဝင်ငွေတိုးလာလျှင် အရင်းအနှီးတိုးလာမည်ဖြစ်သည့်အတွက် စိုက်ပျိုးထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်မည်ဆိုပါက တိုင်းပြည်ဝင်ငွေတိုးလာမည်ဖြစ်ကြောင်း၊ နိုင်ငံခြားပို့ကုန်ပိုလာလျှင် နိုင်ငံခြားဝင်ငွေပိုလာမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားလူတန်းစားသည် မြန်မာနိုင်ငံ၏ အဓိကလူဦးရေဖြစ်၍ ၎င်းတို့ ဝင်ငွေတိုးလာလျှင် အခြားစီးပွားရေးကဏ္ဍများတွင်လည်း ဝင်ငွေတိုးပွားလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများ၏ ဘဝဖူလုံရန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည့်အခါ တောင်သူလယ်သမားများ၏အရေးကို ထည့်သွင်းစဉ်းစားပေးစေလိုပါကြောင်းနှင့် အဆိုကိုထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းက ဆွေးနွေးရာတွင် အဆိုနှင့်ပတ်သက်ပြီး **စိုက်ပျိုးထုတ်လုပ်မှုအပိုင်း တိုးတက်မြင့်မားရေး တာဝန်ယူဆောင်ရွက်နေသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကုန်သွယ်မှုအပိုင်းကို တာဝန်ယူဆောင်ရွက်ပေးနေသည့် စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့ နှစ်ဌာနက ရှင်းလင်းဖြေကြားမှုသာ ပြည့်စုံမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနနှစ်ခု၏ ဖြေကြားချက်ကို မိမိကတစ်ပေါင်းတည်း ဖြေကြားသွားမည်ဖြစ်ပါကြောင်း။**

အလေးထားဆောင်ရွက်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပေးပို့ဖြေကြားချက်အနေဖြင့် ယင်းဝန်ကြီးဌာန၏ ရည်မှန်းချက်သည် စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်လာသည်နှင့်အမျှ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ယင်းရည်မှန်းချက်ကို နည်းလမ်း (၂) ခုဖြင့်ဆောင်ရွက်လျက်ရှိပြီး ပထမနည်းလမ်းသည် စိုက်ဧကတိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် ဒုတိယနည်းလမ်းသည် တစ်ဧက၏အထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ စိုက်ဧကတိုးတက်ရေး ကန့်သတ်ချက်ရှိသော်လည်း တည်ဆဲအစိုးရ တာဝန်ယူသည့်ကာလတွင် ဧကပေါင်း(၁၉ ဒသမ ၈၈)သန်း တိုးချဲ့ဖော်ထုတ် စိုက်ပျိုးခဲ့ပါကြောင်း၊ ဒုတိယနည်းလမ်းဖြစ်သည့် တစ်ဧက၏အထွက်နှုန်းတိုးတက်ရေးအတွက် သီးနှံအလိုက်အထွက်နှုန်းကောင်းသော မျိုးသစ်များကိုသုတေသနပြုလုပ်ပြီး သုတေသနဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့က တောင်သူများစိုက်ပျိုးရန် သင့်တော်သည်ဟုအတည်ပြုသောမျိုးသစ်များ ဖြန့်ဖြူးပြောင်းလဲစိုက်ပျိုးစေပါကြောင်း၊ အတည်ပြုစိုက်ပျိုးလျက်ရှိသော မျိုးကောင်းမျိုးသန့်များအား နှစ်စဉ်ထုတ်လုပ်ပေးပါကြောင်း၊ ရေသွင်းစိုက်ပျိုးဧရိယာများတိုးတက်စေရန် ရေလှောင်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးအစီအမံများ၊ ရေသောက်စနစ်များ တည်ဆောက်ပေးထားပါကြောင်း၊ တည်ဆဲအစိုးရ တာဝန်ယူသည့်ကာလတွင် သီးနှံစိုက်ဧကအား (၁၂၀)ရာခိုင်နှုန်းမှ (၁၇၂)ရာခိုင်နှုန်းအထိ တိုးတက်အောင်ဆောင်ရွက်ပေးမှုကြောင့် တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်မြင့်မားမှုကို ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ မျိုးသစ်များကို သုတေသနပြုထုတ်လုပ်ပေးမှုများကြောင့် အထွက်တိုးမှုများ ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ဥပမာ-မူလစိုက်ပျိုးနေသောဝါမျိုးသည် တစ်ဧကပိဿာ (၃၅၀) ထွက်ရာမှ ငွေချည်(၆) ဝါမျိုး ပြောင်းလဲစိုက်ပျိုးစေသည့်အတွက် ပိဿာ(၁၆၀၀)ကျော်အထိ ထွက်ရှိလာစေပြီး ဝင်ငွေတိုးစေခဲ့ပါကြောင်း၊ သို့ရာတွင်ဈေးကွက်၌ ယခင်ဝါတစ်ပိဿာ ကျပ်(၁၀၀၀)ကျော်ဝယ်နေရာမှ တစ်ပိဿာကျပ်(၅၀၀)ခန့်ဖြင့် ဈေးနှိမ်ဝယ်ယူမည်ဆိုသော သတင်းများရရှိခဲ့ပါကြောင်း၊ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဝါတောင်သူများ၏ စိုက်ပျိုးလိုစိတ် မြှင့်တင်အားပေးနိုင်ရန် ဝါတစ်ပိဿာကျပ်(၁၀၀၀)ပေး၍ ဝယ်ယူပေးခဲ့ပါကြောင်း၊ အလားတူ အမှတ်(၁)စက်မှုဝန်ကြီးဌာနကလည်း ဝယ်ယူပေးခဲ့ပါကြောင်း၊ ယခုအချိန်တွင် ဝါတစ်ပိဿာရောင်းဈေးသည် ပျမ်းမျှ တစ်ပိဿာကျပ်(၁၂၀၀)ဝန်းကျင်နှင့်ဈေးကွက်အတွင်း ရောင်းချနေပြီ ဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူများ၏လူမှုစီးပွားရေး တိုးတက်ရေးအတွက် ဆောင်ရွက်ပေးရာတွင် ဈေးကွက်ဝင်သီးနှံများစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသောသီးနှံများ ပိုမိုတိုးတက်ထုတ်လုပ်ရေး၊ စိုက်စရိတ်ကျဆင်းရေး၊ အလေအလွင့်နည်းပါးရေး၊ တောင်သူများ၏ စိုက်ပျိုးလိုစိတ်ကို မြှင့်တင်ပေးရေးတို့နှင့် စပ်လျဉ်း၍ အလေးထားဆောင်ရွက်လျက်ရှိသည်ကို သက်ဆိုင်ရာဌာနကိုယ်စား ဖြေကြားအပ်ပါကြောင်း။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဦးဗညားအောင်မိုး(ခ) ဒေါက်တာဗညားအောင်မိုး၏အဆိုများကို ကုန်သွယ်မှုရှုထောင့်မှ ဆက်လက်ရှင်းလင်းဆွေးနွေးတင်ပြမည်ဖြစ်ပါကြောင်း၊ ဦးဗညားအောင်မိုး၏ အဆိုပထမအချက် ဖြစ်သည့် "စိုက်ပျိုးရေးထွက်ကုန်များဈေးကျလျှင် တောင်သူလယ်သမားများနှင့် လယ်၊ ယာ၊ ခြံ၊ မြေ အလုပ်သမားများ မနစ်နာစေရန်အတွက် စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှု မထိခိုက်စေရန် စိုက်ပျိုးရေးကုန်ပစ္စည်းများ၏ ဈေးနှုန်းကို သင့်တင့်သည့် ဈေးနှုန်းသို့ အရောက်ဆွဲတင်ပေးရန်" ဖော်ပြချက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြရလျှင် ပထမအချက်အနေဖြင့် စိုက်ပျိုးရေးထွက်ကုန် အပါအဝင် မည်သည့်ကုန်ပစ္စည်းမဆို ဈေးကွက်စီးပွားရေးစနစ်တွင် ဈေးကွက်ပေါက်ဈေးကို ဈေးကွက်ကသာပြဋ္ဌာန်းပြီး ရောင်းလိုအား၊ ဝယ်လိုအားအပေါ်မူတည်၍ ပြောင်းလဲနေခြင်း၊ ဒုတိယအချက်အနေဖြင့် ဈေးကွက် စီးပွားရေးစနစ်ကျင့်သုံးသော နိုင်ငံများတွင် ဈေးကွက်အတွင်းရှိ ကုန်ပစ္စည်းများ၏ဈေးနှုန်းများကို အစိုးရက ဆွဲတင်ဆွဲချမှု ပြုလုပ်လေ့မရှိခြင်း၊ တတိယအချက်အနေဖြင့် မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် မတိုင်မီ ဆိုရှယ်လစ် စီးပွားရေးစနစ်ကျင့်သုံးခဲ့စဉ်ကသာ ကုန်ပစ္စည်းဈေးနှုန်း သတ်မှတ်ပေးခဲ့သည့်စနစ် ရှိခဲ့သော်လည်း ၁၉၈၈ ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးချိန်မှစ၍ တောင်သူများရော ကုန်သည်များပါ ဈေးကွက် ပေါက်ဈေးအတိုင်း လွတ်လပ်စွာရောင်းဝယ်မှု ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်လာသည်မှာ နှစ်(၂၀)ကျော် အသားကျလာပြီဖြစ်ခြင်း၊ စတုတ္ထအချက်အနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅ အရ နိုင်ငံတော်သည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်သွားမည်ဖြစ်ခြင်း၊ ပဉ္စမအချက်အနေဖြင့် ယခုအခါ ဈေးကွက်စီးပွားရေးစနစ်နှင့်လျော်ညီစွာ အချို့အဖွဲ့အစည်း၊ ကုမ္ပဏီကြီးတို့က သီးနှံပေါ်ချိန် တောင်သူများ ဈေးနှိမ်ခြင်းမခံရအောင် ဝင်ရောက်ဈေးဖွင့်ဝယ်ယူပေးနေခြင်းစသည့်အခြေအနေများကြောင့် စိုက်ပျိုးထုတ်လုပ်သူနှင့်ကုန်သည် လုပ်ငန်းရှင်များ၏ ဈေးကွက်၌ သီးနှံများလွတ်လပ်စွာရောင်းဝယ်နေမှုကို သင့်တင့်သည့်ဈေးနှုန်းသို့အရောက် ဈေးဆွဲတင်ပေးရန် အစိုးရမှဝင်ရောက်စွက်ဖက်ပြုလုပ်ပေးစေလိုသည့် ဦးဗညားအောင်မိုး၏ အဆိုသည် ဈေးကွက်စီးပွားရေးစနစ်၊ လက်တွေ့လုပ်ငန်းသဘောသဘာဝနှင့် ဆီလျော်မှုမရှိသည့် အဆိုဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် ဆောင်ရွက်ရန်မသင့်ပါကြောင်း။

ဦးဗညားအောင်မိုး၏ အဆိုဒုတိယအချက်ဖြစ်သည့် "စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ကမ္ဘာ့ဈေးကွက်မှာ ဈေးကောင်းရရန် အစိုးရမှကူညီဆောင်ရွက်ပေးပါရန်" တင်ပြချက်နှင့်စပ်လျဉ်းပြီး ဆက်လက်ရှင်းလင်းတင်ပြရလျှင် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများကို ကမ္ဘာ့ဈေးကွက်တွင်ဈေးကောင်းရပြီး တောင်သူလယ်သမားတို့ ဝင်ငွေတိုးတက်ရရှိရန်အတွက် မြှင့်တင်ဆောင်ရွက်သင့်သည့် အချက်များမှာ ပထမအချက်အနေဖြင့် မိမိသီးနှံများသည် အခြားနိုင်ငံသီးနှံများနှင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်၍ ဈေးကောင်းရရန်အတွက် အရည်အသွေး၊ စံချိန်စံညွှန်းမြှင့်တင်ထုတ်လုပ်ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊ ဒုတိယအချက်အနေဖြင့် တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတကာဈေးကွက်က ဝယ်လိုအား (Demand) ရှိသည့်သီးနှံကို များများစိုက်ပျိုးထုတ်လုပ်၊ များများရောင်းချလျှင် ဝင်ငွေများများရမည်ဖြစ်၍ ဈေးကွက်ဝင် အရည်အသွေးကောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊ တတိယအချက်အနေဖြင့် တောင်သူလယ်သမားများထုတ်လုပ်သည့်သီးနှံများကို ကုန်သည်လုပ်ငန်းရှင် အပိုင်းကနေ၍ တိုက်ရိုက်စားသုံးသူဈေးကွက်နိုင်ငံ (End User)သို့ ဈေးကွက်ဝေစုရအောင် တိုက်ရိုက်ချိတ်ဆက် ပုံမှန်ရောင်းချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းတို့ လိုအပ်မည်ဖြစ်သည့်အတွက် အစိုးရဌာနများရော ပုဂ္ဂလိကကဏ္ဍကပါ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဝင်ငွေတိုးတက်လာ

တစ်နည်းအားဖြင့် ထုတ်လုပ်မှု (Production) အပိုင်းတွင် အရေအတွက်ရော အရည်အသွေးပါ မြှင့်တင်ကြိုးပမ်းရန်နှင့် ရောင်းချမှု (Marketing) အပိုင်းတွင် ဈေးကွက်ယှဉ်ပြိုင် ထိုးဖောက်နိုင်ရန်၊ ပုံမှန်ဈေးကွက်ဝေစုရရန်နှင့် ဈေးကောင်းရရှိရေး မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ရေရှည်ဖွံ့ဖြိုးရေးမဟာဗျူဟာ လုပ်ငန်းစဉ်အဖြစ် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာအောင် အဓိကလိုအပ်သည့် ဆည်၊ တာတမံ၊ ရေတင်စီမံကိန်းများနှင့် ထွက်ကုန်သီးနှံများ ဈေးကွက်သို့ ပို့ဆောင်နိုင်မည့် လမ်း၊ တံတား အခြေခံအဆောက်အအုံများကို နှစ်ပေါင်း(၂၀)ကျော်အတွင်း အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ တည်ဆောက်ပေးခဲ့မှုကြောင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍများအနက် မြန်မာ့လယ်ယာထွက်ကုန်သီးနှံများ ပြည်ပတင်ပို့မှုသည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၁၂၁ ဒသမ ၂၂)သန်း၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၁၄၀၃ ဒသမ ၁၇) သန်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ (၁၆၅၇ ဒသမ ၅၈)သန်း အသီးသီးတိုးတက်လာသည်ကိုတွေ့ရှိရပါကြောင်း၊ ယင်းတိုးတက်မှုမှာထုတ်လုပ်မှုပမာဏ တိုးတက်ခြင်းနှင့် ဈေးနှုန်းတိုးတက်ရရှိလာခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ယင်းသို့နှစ်စဉ် အရှိန်အဟုန်ဖြင့် တိုးတက်လာမှုသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စိုက်ဧကများတိုးချဲ့ခြင်း၊ သီးထပ်သီးညှပ်များ တိုးချဲ့စိုက်ပျိုးခြင်း၊ အထွက်ကောင်းမျိုးသန့်များ စိုက်ပျိုးလာခြင်း၊ ပန်းတိုင်အထွက်နှုန်းများ လျာထား၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ဒေသခံအာဏာပိုင်အဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ၊ ကုန်သည် လုပ်ငန်းရှင်များအားလုံး ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ ဝင်ငွေတိုးတက်လာခြင်းဖြစ်ပါကြောင်း၊ အကျိုးဆက်အနေဖြင့် တောင်သူလယ်သမားများလည်း အချိုးကျဝင်ငွေတိုးတက်လာပါကြောင်း။

သီးနှံထုတ်လုပ်မှု တိုးတက်လာပြီးသည့်နောက် **"နိုင်ငံတကာဈေးကွက်တွင် ဝေစုခိုင်မာစွာရရှိရေးနှင့် ဈေးကောင်းရရှိရေးနည်းဗျူဟာ လုပ်ငန်းစဉ်များကို"** ဆက်လက်စီမံဆောင်ရွက်ရာ၌ ထုတ်လုပ်မှုအပိုင်း (Production)ကသတ်သတ်၊ တင်ပို့ရောင်းချမှုအပိုင်း (Marketing)က သတ်သတ် ဆောင်ရွက်မည်ဆိုလျှင် ဆက်စပ်ဆောင်ရွက်ရမည့် ထုတ်လုပ်မှုပိုင်းက ဈေးကွက်ဝင်အရည်အသွေးကောင်း သီးနှံထုတ်လုပ်ပေးနိုင်ရန် လိုအပ်သကဲ့သို့ တင်ပို့ရောင်းချရေးအပိုင်း(Marketing)ကလည်း *စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

စာမျက်နှာ ၁၁ မှ

သန့်စင်ချောကြိတ်ခွဲမှု အရည်အသွေး မြှင့်တင်မှု (Milling Quality)၊ တန်ဖိုးမြှင့်ထုတ်လုပ်မှု (Value Added)၊ အဆင့်မီထုပ်ပိုးမှု (Packaging)၊ ဈေးကွက်ရှာဖွေထိုးဖောက်ချိတ်ဆက်နိုင်မှု (Market Penetration) စသည့်အဆင့်များ ပါဝင်ဆောင်ရွက်ရန် လိုအပ်မှုကြောင့် **" ထုတ်လုပ်မှုမှသည် တင်ပို့ရောင်းချသည်အထိ ချိတ်ဆက်စီမံဆောင်ရွက်မှု (Supply Chain Management)"** လိုအပ်သည်ကို တွေ့ရှိရသည့်အတွက် ထုတ်လုပ်သူ တောင်သူလယ်သမား၊ ဒေသခံကုန်သည်၊ ပွဲစား၊ စက်ပိုင်နှင့်တင်ပို့ရောင်းချသူ ကုမ္ပဏီလုပ်ငန်းရှင်တို့ ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး အစိုးရစွက်ဖက် ပါဝင်မှုအနည်းဆုံးနှင့် ဈေးကွက်စီးပွားရေးစနစ်နှင့်လည်းကိုက်ညီသော **"ဆန်စပါး အထူးပြုကုမ္ပဏီများ၊ ပဲမျိုးစုံ အထူးပြုကုမ္ပဏီများ ဖွဲ့စည်းအားပေးမြှင့်တင်မှုကို နိုင်ငံတော်အနေဖြင့် ၂၀၀၉ ခုနှစ်မှစပြီး စီမံကူညီ ဆောင်ရွက် ပေးခဲ့ပါကြောင်း"**။

အထူးပြုကုမ္ပဏီများအနေဖြင့် တောင်သူလယ်သမားများအတွက် ဈေးကွက်တွင် ဝယ်လိုအားရှိပြီး အရည်အသွေးကောင်းသည့်မျိုးများကို ထုတ်လုပ်ဖြန့်ဖြူးပံ့ပိုးခြင်း၊ ဓာတ်မြေသြဇာများ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးခြင်း၊ လယ်ယာသုံးကိရိယာများ ပံ့ပိုးခြင်းနှင့် နိုင်ငံခြားစံချိန်မီ ကြိတ်ခွဲသန့်စင်ချော တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ထုတ်နိုင်သည့်စက်များ တပ်ဆင်ကြိတ်ခွဲခြင်း၊ ပြည်တွင်းပြည်ပ ဈေးကွက်ချိတ်ဆက်ရောင်းဝယ်ပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်နေကြပြီဖြစ်ပါကြောင်း၊ **"ယင်းသို့ နိုင်ငံတော်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးပြုကုမ္ပဏီများ ဖွဲ့စည်းစီမံဆောင်ရွက်ပေးခြင်းသည် ဈေးကွက်စီးပွားရေး စနစ်နှင့်အညီ ဦးဗညားအောင်မိုး တင်ပြသည့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းရရှိရန်အတွက် အခြေခံအကျဆုံး ကူညီစီမံပေးမှုပင် ဖြစ်ပါကြောင်း"**။

လိုက်လျောညီထွေ

အချို့ကလည်း အခြားနိုင်ငံအချို့ကျင့်သုံးလုပ်ဆောင်သည့် ပြည်တွင်းထောက်ပံ့မှုနည်းလမ်း (Domestic Support)၊ ပို့ကုန်သီးနှံအပေါ်ထောက်ပံ့မှုနည်းလမ်း(Export Subsidy)၊ အနိမ့်ဆုံး သတ်မှတ်ပံ့ပိုးဈေးနှုန်း သတ်မှတ်ဝယ်ယူသည့်နည်းလမ်း (Minimum Support Price)၊ သီးနှံအပေါင်ခံငွေထောက်ပံ့မှုနည်းလမ်း (Pledging Programme)များ စဉ်းစားနိုင်ရန် ထောက်ပြခြင်းရှိပါကြောင်း၊ ယင်းနည်းလမ်းများကို ကမ္ဘာ့အခြေအနေ၊ မိမိနိုင်ငံအခြေအနေများနှင့် နှိုင်းယှဉ်လေ့လာသည့်အခါ ပထမအချက်အနေဖြင့် ကမ္ဘာတွင် နိုင်ငံပေါင်း(၁၉၄) နိုင်ငံအနက် နိုင်ငံအနည်းစုသာ ယင်းနည်းလမ်းအချို့ကို ကျင့်သုံးပြီး မိမိတို့နိုင်ငံ၏ငွေကြေး ဓနအင်အား၊ သိုလှောင်နိုင်မှု၊ စီမံခန့်ခွဲနိုင်မှု အခြေအနေအကြောင်းအမျိုးမျိုးကြောင့် နိုင်ငံအများစု မကျင့်သုံးနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ထိုသို့ကျင့်သုံးမှုအပေါ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၏ Agreement on Subsidies Countervailing Measure အထောက်အပံ့များနှင့် ယင်းအထောက်အပံ့များအပေါ် ပြန်လည်အရေးယူဆောင်ရွက်မည့်လုပ်ငန်းသဘောတူညီချက်အရ အစိုးရက တောင်သူလယ်သမားများ၏ သီးနှံဈေးနှုန်းများကို တန်ဖိုးမြှင့်တင်ဝယ်ယူခြင်းအား တားမြစ်ထားပါကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံ အချို့က ကျင့်သုံးနေသည့် ယင်းဆောင်ရွက်နေမှုများကိုပယ်ဖျက်ပေးရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဆွေးနွေးပွဲများတွင် ၂၀၀၁ ခုနှစ်မှစပြီး အဆက်မပြတ် တောင်းဆိုနေသည်ကို တွေ့ရှိရပါကြောင်း၊ တတိယအချက်အနေဖြင့် သီးနှံများအား အနိမ့်ဆုံးပံ့ပိုးသတ်မှတ်ဈေးနှုန်း(Minimum Support Price)သတ်မှတ်ဝယ်ယူပေးသည့် စနစ်ကဲ့သို့သော နည်းလမ်းမျိုးကို မြန်မာနိုင်ငံတွင် ၁၉၉၉-၂၀၀၀ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိဆောင်ရွက်ခဲ့ရာ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက သီးနှံများအား ကြိုတင်ငွေပေးဝယ်ယူပေးခဲ့သည့်စနစ်သည်လည်း မအောင်မြင်ဘဲ ယနေ့အထိ သီးနှံကြွေး ကျပ်သန်း(၃၈၀၀) ခန့်ကျန်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ စတုတ္ထအချက်အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သဘောတူညီချက်အရ ခွင့်ပြုနိုင်သည့် အထောက်အပံ့ပေးခြင်းများတွင် အစိုးရမှ လယ်ယာအခြေခံ အဆောက်အအုံတည်ဆောက် ပေးခြင်း၊ သုတေသနလုပ်ငန်း၊ ပိုးမွှားရောဂါ ကာကွယ်ရေးလုပ်ငန်း၊ စားနပ်ရိက္ခာလုံခြုံမှုလုပ်ငန်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများ ထောက်ပံ့ခြင်းအား လုပ်ဆောင်နိုင်သည်ကိုခွင့်ပြုထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က လက်ရှိဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ၏လူမှုစီးပွားရေးဘဝတိုးတက်ရေး လုပ်ငန်းစဉ်များသည် ကမ္ဘာ့အခြေအနေနှင့် လိုက်လျောညီထွေရှိပြီး အခြေခံကျကျ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နေသောလုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း။

ဤနေရာတွင် ဖြည့်စွက်တင်ပြရလျှင် နိုင်ငံတော်အနေဖြင့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ လယ်ယာသုံးကိရိယာ စသည့်လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သွင်းကုန်ပစ္စည်းများကို အကောက်ခွန်နှုန်းသုညနှင့် အကောက်ခွန်မဲ့ တင်သွင်းခွင့်ပြုထားခြင်းနှင့် ပြည်တွင်းတွင် ဓာတ်မြေသြဇာ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းနေခြင်းသည်လည်း စိုက်ပျိုးထုတ်လုပ်စရိတ် လျော့နည်းသက်သာစေပြီး တောင်သူလယ်သမားများ၏ ဝင်ငွေမထိခိုက်ရေး အစိုးရက တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီနေသော ဝန်ဆောင်မှုလုပ်ငန်းပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားတိုးတက်ရေးတို့အတွက် ကူညီပံ့ပိုးဆောင်ရွက်နေမှု လုပ်ငန်းများစွာရှိပြီး ယင်းလုပ်ငန်းများသည် ဦးဗညားအောင်မိုး တင်ပြသည့် သီးနှံဈေးကောင်းရရေးအတွက် နိုင်ငံတော်မှ ကူညီစီစဉ်ပေးမှုများဖြစ်ပါကြောင်း၊ လက်တွေ့နယ်ပယ်တွင် အခြေခံကျပြီး ပြုပြင်ကြိုးပမ်းရမည့် ဆောင်ရွက်ဆဲလုပ်ငန်းစဉ်အချို့နှင့် ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းရရေး ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိနိုင်စေရန် ရှင်းလင်းတင်ပြရလျှင် ပထမအချက်အနေဖြင့် တောင်သူလယ်သမားများ၏သီးနှံ ရသင့်သည့်ဈေး မရရှိခြင်းအပေါ် ၂၀၀၇ ခုနှစ် ပထမအကြိမ် မြန်မာ့ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် ဆန်ကုန်သည်များ၏တင်ပြချက်အရ ဆန်စပါးရောင်းချမှုသည် အခြားသီးနှံများထက် ကုန်သည်ပွဲစား၊ လက်ကား၊ လက်လီ အဆင့်(၆)ဆင့် ဖြတ်သန်းရောင်းဝယ်နေကြမှုကြောင့် အဆင့်ဆင့်ဝန်ဆောင်စရိတ်နှင့်အကျိုးအမြတ်ပိုမို ကုန်ကျပေးနေရသဖြင့် တောင်သူလယ်သမားများ ရသင့်ရထိုက်သည့် အကျိုးအမြတ်မရရှိသကဲ့သို့ ဈေးကွက်တွင် စားသုံးသူများ ဈေးကြီးပေးဝယ်ရသည်ကို တွေ့ရှိရပါကြောင်းဖြင့် လေ့လာဆွေးနွေးတင်ပြခဲ့ပါကြောင်း၊ ယခုအထူးပြုကုမ္ပဏီများဖွဲ့စည်းပြီး တောင်သူနှင့်တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်မှုကြောင့် ကြားအဆင့်များလျော့ချ၍ စိုက်ပျိုးထုတ်လုပ်မှုမှ ဈေးကွက်အရောက် တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်လာနိုင်ပြီး ဈေးကောင်းရရေး အခြေအနေ အလှည့်အပြောင်းကို ဦးတည်လာသည်ကို တွေ့ရှိရပါကြောင်း။

ရောနှောတင်ပို့

ဒုတိယအချက်အနေဖြင့် ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ဆန်ဈေးသည် အခြားနိုင်ငံဆန်များကဲ့သို့ ဈေးကောင်းမရသည့်အကြောင်းတစ်ရပ်မှာ ပြည်ပတင်ပို့သည့် ကုမ္ပဏီလုပ်ငန်းရှင်အချို့သည် ပြည်ပတင်ပို့မည့် ဆန်များကို ရရာမြို့နယ်ဒေသ ဈေးကွက်မျိုးစုံမှ ဆန်မျိုးစုံ ရရာရောနှောတင်ပို့သည့်အတွက်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ဤသည်ကိုလည်း ဆန်စပါးနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံကြိတ်ခွဲလုပ်ဆောင်မည့် အထူးပြုကုမ္ပဏီများနှင့်ပြောင်းလဲလုပ်ဆောင်နိုင်ရေး ဦးတည်ကြိုးပမ်းလျက်ရှိပါကြောင်း၊ တတိယအချက်အနေဖြင့် ကမ္ဘာ့ဈေးကွက်၌ ဈေးကောင်းရရန် လိုအပ်သည့်အကြောင်းတစ်ရပ်အနေဖြင့် သန့်စင်ချောတန်ဖိုးမြှင့် (**Value Added**) လုပ်ဆောင်မှု လိုအပ်ခြင်းဖြစ်ပါကြောင်း၊ မတ်ပဲကို ဥပမာပြရလျှင် မတ်ပဲ **FAQ** ရိုးရိုးတစ်တန်သည် ရန်ကုန် **FOB** ဈေးနှုန်း ဒေါ်လာ (၉၀၀) ရရှိပြီး အလုံးပိုကြီးသည့်မတ်ပဲ **SQ** ဆိုလျှင် ရန်ကုန် **FOB** ဈေးနှုန်း ဒေါ်လာ (၁၀၀၀) ရရှိပါကြောင်း၊ ယင်းပဲကို တန်ဖိုးမြှင့်အနေဖြင့် အခွံချွတ်၊ အခြမ်းခွဲ

ရောင်းပါက တစ်တန်လျှင် ဒေါ်လာ(၁၃၀၀)ရရှိပြီးအရောင်ရွေးချယ်စက်(Color Sorter)၊ အရောင်တင်စက် (Polisher) များပါ သုံးမည်ဆိုပါက ဈေးပိုရလာမည်ဖြစ်ပါကြောင်း၊ သန့်စင်ချောစက်များ တိုးတက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် အားပေးလာသည့်အတွက် ဆန်စက်၊ ပဲခွဲစက်၊ သန့်စင်ချောစက်များအနေဖြင့် (၂)နှစ်၊ (၃)နှစ်အတွင်း သိသာစွာတိုးတက်လာပါကြောင်း။

စတုတ္ထအချက်အနေဖြင့် ကမ္ဘာ့ဈေးကွက်၌ ဈေးကွက်ခိုင်မာစွာရရှိရေး၊ ဈေးကောင်းရရှိရေးအတွက် အခြေခံကျသည့်အချက်မှာ ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး (Domestic Market Development) ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်း **"ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး (Domestic Market Development) ဖြစ်ထွန်းတိုးတက်လာစေရန် ကုန်စည်ဒိုင်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများကို အစိုးရဌာနများနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (Public Private Partnership) အစီအစဉ်များ စဉ်ဆက်မပြတ် ပြုလုပ်ပေးလျက်ရှိပါကြောင်း"**။

တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်များ၏ကုန်စည်ဒိုင်များသည် **"ကုန်ပစ္စည်းအမျိုးအစားနှင့် အတန်းအစား မှန်ကန်ရေး၊ အရည်အသွေးမှန်ကန်ရေး၊ ဈေးနှုန်းမှန်ကန်ရေး၊ အရောင်းအဝယ် မှန်ကန်ရေးဟူသော မှန် (၄)မှန် ဆောင်ပုဒ်နှင့်အညီ"** ဈေးကွက်ဝင်သီးနှံများ အတန်းအစား၊ အရည်အသွေးအလိုက် ဈေးနှုန်းဖွင့် အရောင်းအဝယ်ပြုလုပ်မှု မှန်ကန်စေမည့် ဈေးကွက်ပြဋ္ဌာန်းဖော်ဆောင်မှု၊ တောင်သူလယ်သမား စိုက်ပျိုးထုတ်လုပ်စရိတ်နှင့် အကျိုးအမြတ်၊ ကုန်သည်ပွဲစား ဝန်ဆောင်စရိတ်နှင့် အကျိုးအမြတ်၊ ကုမ္ပဏီလုပ်ငန်းရှင် ဝန်ဆောင်စရိတ်နှင့်အကျိုးအမြတ် ဟူသောအကျိုးစီးပွား(၃)ရပ် မျှတပြီး အရောင်းအဝယ် ဖြစ်ထွန်းတိုးတက်ရေး၊ ပြည်တွင်းဈေးရှိသင့်သည်ထက်ကြီးမြင့်ပြီး ပြည်ပဈေးထက် မြင့်မားနေမှုကြောင့် ပြည်ပသို့ရောင်းမထွက်မှုများ၊ သီးနှံထွက်ချိန်တွင် တောင်သူများဈေးနှိမ်ခံရမှုများမဖြစ်ရေး ညှိနှိုင်းပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တစ်ခါတစ်ရံ အသင်းအဖွဲ့၊ ကုန်စည်ဒိုင်တို့တွင် ပုဂ္ဂလိကအချင်းချင်း ဈေးကွက်စီးပွားရေးအရ လွတ်လပ်စွာ ပြုလုပ်နေရာမှ အများထိခိုက်နစ်နာဆုံးရှုံးစေနိုင်သော ဈေးကစားခြယ်လှယ်မှု၊ မမှန်မကန် ပြုလုပ်မှုများ ဖြစ်ပေါ်လာလျှင် အစိုးရက အုပ်ချုပ်ရေးနည်းလမ်း၊ တရားဥပဒေ နည်းလမ်းများဖြင့်ထိန်းကျောင်းခြင်းပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အစိုးရဌာနများ၏ ကုန်သည်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များသည် ဈေးကွက်သုတေသနလုပ်ငန်း၊ ဈေးကွက်သတင်းဖလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အစိုးရဌာနများက ဦးဆောင်ပြီး နိုင်ငံတကာအဖွဲ့အစည်း၊ ကုန်သည်အသင်းအဖွဲ့၊ ကုမ္ပဏီ လုပ်ငန်းရှင်များနှင့် ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ကုန်စည်လုပ်ငန်းရှင်များအား နိုင်ငံတကာ ကုန်စည်ပြပွဲများ၊ အရောင်းအဝယ်ညှိနှိုင်းဆွေးနွေးပွဲများ မပြတ်တက်ရောက် ဈေးကွက်ချိတ်ဆက်မှု ပြုလုပ်စေလျက်ရှိကြောင်းနှင့် နိုင်ငံတကာရှိ မြန်မာသံရုံးများနှင့်ဌာနတို့ကလည်း ဈေးကွက်ရှာဖွေချိတ်ဆက်မှုများ ပြုလုပ်ပေးလျက်ရှိပြီး ကုန်သွယ်မှုလုပ်ငန်းများတွင် ကူညီပံ့ပိုးလျက်ရှိနေပါကြောင်း။

ပဉ္စမအချက်အနေဖြင့် ကမ္ဘာ့ကုန်ဈေးနှုန်း၊ ပြည်တွင်းကုန်ဈေးနှုန်းသတင်းမှန်များ ဖြန့်ဝေခြင်းစသည့် လုပ်ငန်းစဉ်များဆောင်ရွက်လျက်ရှိပြီး ကျေးရွာအထိ ရုပ်မြင်သံကြား၊ တယ်လီဖုန်းများ ဆက်သွယ်ရရှိနေပြီ ဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများအနေဖြင့် သတင်းအချက်အလက် နည်းပညာခေတ်တွင် အသိအမြင် ဗဟုသုတကြွယ်ဝလာကြပြီဖြစ်သည့်အတွက် **"ဈေးကွက်ရရန် ကုန်သည်က ကြိုးစားရမည်ဖြစ်သကဲ့သို့ ဈေးကောင်းရရန် သီးနှံအရည်အသွေးကောင်းရန် စိုက်ပျိုးထုတ်လုပ်သူ ကုမ္ပဏီများ၊ တောင်သူလယ်သမားများက ပူးပေါင်းကြိုးစားကြရမည် ဖြစ်ပါကြောင်း"**။

ဆောင်ရွက်ပြီး

ဦးဗညားအောင်မိုး၏ အဆိုတတိယအချက်အနေဖြင့် စိုက်ပျိုးရေးကုန်ပစ္စည်းများကို စက်မှုနိုင်ငံများသို့ တင်သွင်းရာတွင် အခွန်နည်း၊ အခွန်လွတ်ကုန်ပစ္စည်းအဖြစ် သတ်မှတ်တင်ပို့ရေး နိုင်ငံတော်မှ ကူညီဆောင်ရွက်ရန်ဟု ဖော်ပြထားပါကြောင်း၊ ဤအချက်နှင့်စပ်လျဉ်း၍ နိုင်ငံတကာကုန်သွယ်မှုဆောင်ရွက်ရာတွင် အကောက်ခွန်နှုန်းထားများနှင့် ပတ်သက်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ ခွင့်ပြုပေးသည့် GSP(Generalized System of Preference) နှုန်းထား၊ လွတ်လပ်သော ကုန်သွယ်မှုဒေသ အုပ်စုဝင်နိုင်ငံအချင်းချင်း လျှော့ပေါ့ပေးသည့်နှုန်းထား၊ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများသို့ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံအချို့က တစ်ဖက်သတ်ခွင့်ပြုပေးသည့် နှုန်းထားများ၊ အာဆီယံလွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများအား လျှော့ပေါ့ပေးသည့် အကောက်ခွန်နှုန်းထားများဖြင့် မြန်မာနိုင်ငံ၏ ပို့ကုန်များနှင့် ပတ်သက်၍ လက်ရှိအကျိုးခံစားလျက်ရှိပါကြောင်း၊ ထို့အပြင် အိန္ဒိယနိုင်ငံက အကောက်ခွန် လျှော့ပေါ့ပေးသည့် DFTP(Duty Free Tariff Preference) ကိုလည်း ရရှိခံစားလျက်ရှိပါကြောင်း၊ သို့ပါ၍ ယေဘုယျအားဖြင့် မြန်မာ့လယ်ယာထွက်ကုန်များကို ရရှိပြီးသား အဓိကဈေးကွက် နိုင်ငံများတွင် လျှော့ပေါ့ထားသည့်အကောက်ခွန်နှုန်းထားများဖြင့် တင်ပို့လျက်ရှိပါကြောင်း၊ ယင်းအခြေအနေနှင့်ပတ်သက်၍ တန်ဇန်းနီးယားနိုင်ငံတွင် ၂၀၀၉ ခုနှစ်ကကျင်းပခဲ့သော မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ၏ ဝန်ကြီးများအဆင့်အစည်းအဝေးတွင်လည်း Duty Free, Quota Free ဖြင့် ဈေးကွက်ဝင်ရောက်ခွင့်ကို အပြည့်အဝအကောင်အထည်ဖော်ရန် ထည့်သွင်းဆုံးဖြတ်ခဲ့သည့်အပြင် ၂၀၀၉ ခုနှစ် ဒီဇင်ဘာအတွင်း ကျင်းပခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (၇)ကြိမ်မြောက် ဝန်ကြီးများ အဆင့် အစည်းအဝေး၌လည်း မြန်မာနိုင်ငံအနေဖြင့် Duty Free, Quota Free ဖြင့် ဈေးကွက်ဝင်ရောက်ခွင့်ရရှိရေးကို ထည့်သွင်းတောင်းဆိုထားပါ၍ ဦးဗညားအောင်မိုး၏ အဆိုပါ အခွန်နည်း၊ အခွန်လွတ် ကုန်ပစ္စည်းအဖြစ် သတ်မှတ်တင်ပို့ရေးကိစ္စသည် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပြီးဖြစ်သည်သာမက ဆက်လက် ညှိနှိုင်းဆောင်ရွက်ဆဲ လုပ်ငန်းများလည်း ရှိပါကြောင်း။

အထက်ပါ အခြေအနေများအရ အားလုံးခြုံ၍ ပြန်တင်ပြရလျှင် လက်ရှိအစိုးရ လက်ထက်တွင်လည်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တောင်သူလယ်သမားများ ဝင်ငွေပိုမိုရရှိစေရေး မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ပြီး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးနေခြင်း၊ နောင်တက်လာမည့်အစိုးရကလည်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မပျက်အောင်ဆောင်ရွက်သွားရန် အစီအမံများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ခြင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၃ (ခ)တွင် နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုး ရရှိရန် ကူညီဆောင်ရွက်မည်ဟု ထည့်သွင်းပြဋ္ဌာန်းရေးဆွဲထားပြီးဖြစ်ခြင်းတို့ကြောင့် ဦးဗညားအောင်မိုး၏ အဆိုတင်သွင်းမှုသည် နိုင်ငံတော်က ပြဋ္ဌာန်းဆောင်ရွက်နေသည့် အချက်ကိုပင် ပြန်လည်ဖော်ပြတင်သွင်းမှု ဖြစ်နေသည့်အတွက် မလိုအပ်ဟု သုံးသပ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် အဆိုတင်သွင်းခဲ့သည့် ဒေါက်တာဗညားအောင်မိုးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ပြည့်ပြည့်စုံစုံရှင်းလင်းဆွေးနွေးပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပါဝင်ဆွေးနွေးသူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယနေ့အချိန်အခါတွင် တောင်သူလယ်သမားများ အတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံသည် တစ်ချိန်က ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံး နံပါတ်(၁) နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သကဲ့သို့ ယခုအချိန်တွင်လည်း ကမ္ဘာ့နံပါတ် (၁)နေရာကို ပြန်လည်ရယူနိုင်ရေး အတွက် ဆန္ဒစော၍ တင်ပြမိခဲ့ခြင်းသာ ဖြစ်ပါကြောင်းဖြင့်တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ကာယကံရှင်က ဆက်လက် တင်သွင်းခြင်းမပြုတော့သည့် အဆိုအဖြစ် မှတ်ယူမည်ဖြစ်ကြောင်းဖြင့် ကြေညာသည်။

(သတင်းစဉ်)

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆောင်ရွက်သည်။

အစီအစဉ်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇၊ ပုဒ်မခွဲ (ဂ) အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို သင့်လျော်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ လျာထားအမည်စာရင်းကို လွှတ်တော်သို့ တင်ပြသည်။

အဆိုပါလျာထားတင်ပြချက်အပေါ် ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီကို အောက်ပါအဖွဲ့ဝင် (၁၄)ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်း အတည်ပြုကြေညာသည်-

(၁) ဦးမောင်ဦး၊ တပ်ကုန်း မဲဆန္ဒနယ် (ဥက္ကဋ္ဌ)
(၂) ဦးလှမြင့် (ခ) ဦးမောင်လှ၊ ပုလော မဲဆန္ဒနယ်
(၃) ဦးသန်းနွယ်၊ ဘုတလင် မဲဆန္ဒနယ်
(၄) ဒေါက်တာစိုးသူရ၊ ကျုံပျော် မဲဆန္ဒနယ်
(၅) ဦးကြင်သိန်း၊ ပဲခူး မဲဆန္ဒနယ်
(၆) ဦးကိုကိုထွန်း၊ အောင်လံ မဲဆန္ဒနယ်
(၇) ဦးထွန်းမြင့်ဦး၊ မိုင်းပန် မဲဆန္ဒနယ်
(၈) ဦးအောင်ကျော်ဖုံ၊ ပေါက်တော မဲဆန္ဒနယ်
(၉) ဦးကျော်စိုးလေး၊ မိုးညှင်း မဲဆန္ဒနယ်
(၁၀) ဦးသန်းဦး၊ မြဝတီ မဲဆန္ဒနယ်
(၁၁) ဦးရဲထွဋ်တင်၊ ဖာဆောင်း မဲဆန္ဒနယ်
(၁၂) ဦးပုမ်ခန့်အင်၊ တီးတိန် မဲဆန္ဒနယ်
(၁၃) ဦးမြသိန်း၊ မုဒုံ မဲဆန္ဒနယ်
(၁၄) ဦးအေးမြင့်၊ အင်းစိန် မဲဆန္ဒနယ် (အတွင်းရေးမှူး)

(သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင်ပါဝင်မည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်ကော်မတီဝင်များ၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့တင်ပြခြင်းနှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းများဆောင်ရွက်

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယအစည်းအဝေးမှစ၍ လွှတ်တော် ကိုယ်စားလှယ်များအား စိစစ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင်ပါဝင်မည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်သည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ (ဂ)အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ရေးအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတွင် ပါဝင်သင့်သည့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို အဖွဲ့ဝင် (၈)ဦးဖြင့် ဖွဲ့စည်းမည် ဖြစ်သည်။ ယင်းအဖွဲ့ဝင်များ၏ အမည်စာရင်းမှာ-

(က)	ဦးအောင်ထွန်း	မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)
(ခ)	ဦးစံပြည့်	ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)
(ဂ)	ဦးပီမောင်စိုး	ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)
(ဃ)	ဦးစောတော်ကလဲ	ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)
(င)	ဦးပေါလ်ထန်ထိုင်း	ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)
(စ)	ဒေါက်တာစိုးဝင်း	မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)
(ဆ)	ဦးကျော်ထွန်းအောင်	ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)
(ဇ)	ဦးစိုင်းကျော်ဇောသန်း	ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)

တို့ဖြစ်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ထွန်းအားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်အားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းရန် တင်ပြချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းအား အတည်ပြုကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

ကောလင်း စည်ပင်သာယာ ကညွတ်အင်း-မော်ကွန်းလမ်းပြုပြင်

ကောလင်း မတ် ၂၃

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အမှတ်(၃) ခရိုင်ချင်းဆက်လမ်းသို့ ဆက်သွယ်ထားသည့် ဆင်ကုန်း-ကညွတ်အင်း-မော်ကွန်းလမ်းပိုင်းအား စက်ယန္တရားကြီးများဖြင့် ပြုပြင်နေမှုကို မတ် ၁၀ ရက်တွင် အမှုဆောင်အရာရှိ ဦးတင့်ဝေ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မျိုးဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

24-3 (12).pmd 1 3/24/2011, 2:51 AM

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပြည်ပနိုင်ငံ လွှတ်တော်အကြီးအကဲများထံမှ ပေးပို့သော ဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို ပြည်သူ့လွှတ်တော်ကမှတ်တမ်းတင်

နေပြည်တော် မတ် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၁ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃ တို့အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ခဲ့သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးချိန်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ပြည်ပနိုင်ငံ လွှတ်တော်အကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့ရောက်ရှိခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ အောက်ဖော်ပြပါ ပြည်ပနိုင်ငံ လွှတ်တော်အကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ရောက်ရှိခဲ့မှုများကို သိရှိမှတ်တမ်းတင်နိုင်ရန် လွှတ်တော်သို့တင်ပြသည်-

(က) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာဝူဘန်းကိုထံမှ ၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် ပေးပို့သောသဝဏ်လွှာ။

(ခ) ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့ဦးဆောင်ညီလာခံဥက္ကဋ္ဌ မစ္စတာချိုးတေးဘုတ်ထံမှ ၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်တွင် ပေးပို့သောသဝဏ်လွှာ။

(ဂ) ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ငုယင်ဖြူသရွန်ထံမှ ၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် ပေးပို့သောသဝဏ်လွှာ။

(ဃ) ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားအောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ဘောရစ်ဂရစ်ဇလော့ဗ်ထံမှ ၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်တွင်ပေးပို့သောသဝဏ်လွှာ။

(င) စင်ကာပူသမ္မတနိုင်ငံ၊ ပါလီမန်ဥက္ကဋ္ဌ မစ္စတာ အဗ္ဗဒူလာတာမူဂျီထံမှ ၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်တွင် ပေးပို့သော သဝဏ်လွှာ။

(စ) ကမ္ဘောဒီးယားနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်အာခါ မိုဟာပိုဟီရချက် ကရိုင်ဟန်ဆမ်ရင်ထံမှ ၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ပေးပို့သောသဝဏ်လွှာ။

(ဆ) ကမ္ဘောဒီးယားနိုင်ငံ၊ ဆီးနိတ်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်အာခါမိုဟာ သမာပို သီဆယ်ချီယာဆင်းမ် ထံမှ ၂၀၁၁ ခုနှစ်၊ မတ်လ ၁ ရက်တွင် ပေးပို့သောသဝဏ်လွှာ။

(ဇ) အာဆီယံပါလီမန်အမတ်များညီလာခံ AIPA အတွင်းရေးမှူးချုပ် မစ္စတာ အန်တိုနီယို၊ဗ္ဗီ၊ကွမ်ကိုထံမှ ၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်တွင် ပေးပို့သောသဝဏ်လွှာ။

(ဈ) လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စ ပန်နီယာသော်သုထံမှ ၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်တွင်ပေးပို့သောသဝဏ်လွှာ။

(ည) ကူဝိတ်နိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာဂျက်ဆင်မိုဟာမက် အယ်လ်ခါရာဖီထံမှ ၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်တွင် ပေးပို့သောသဝဏ်လွှာ။

(ဋ) ပါကစ္စတန်နိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဖာမီဒါမီရာဇာထံမှ ၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပေးပို့သောသဝဏ်လွှာ။

(ဌ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချင်မင်ဒဲထံမှ ၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် ပေးပို့သောသဝဏ်လွှာ။

အဆိုပါ သဝဏ်လွှာများအား မှတ်တမ်းတင်ရေးအတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ(ခ)အရ ပြည်သူ့လွှတ်တော်၏ဆန္ဒကိုရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံသို့ ပြည်ပနိုင်ငံ လွှတ်တော်အကြီးအကဲများထံမှပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို မှတ်တမ်းတင်ကြောင်းကြေညာသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ခြင်းဆောင်ရွက်

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့သော ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ခြင်းဆောင်ရွက်သည်။

ပြည်ပနိုင်ငံများမှ လွှတ်တော်အကြီးအကဲများက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့ခဲ့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို မှတ်တမ်းတင်နိုင်ရန်အတွက် လွှတ်တော်သို့ တင်ပြသည်။ အဆိုပါ သဝဏ်လွှာများမှာ-

(က) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ၊ မစ္စတာဝူဘန်းကိုထံမှ ၁-၂-၂၀၁၁ ရက်စွဲဖြင့် ပေးပို့သည့်သဝဏ်လွှာ၊

(ခ) ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ မစ္စတာငုယင်ဖြူသရွန်ထံမှ ၁-၂-၂၀၁၁ ရက်စွဲဖြင့် ပေးပို့သည့်သဝဏ်လွှာ၊

(ဂ) ကူဝိတ်နိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ မစ္စတာဂျက်ဆင်မိုဟာမက်အယ်လ်ခါရာဖီထံမှ ၃-၂-၂၀၁၁ ရက်စွဲဖြင့် ပေးပို့သည့်သဝဏ်လွှာ၊

(ဃ) အိန္ဒိယနိုင်ငံ၊ အထက်လွှတ်တော်ဥက္ကဋ္ဌ၊ မစ္စတာ မိုဟာမက်ဟာမစ် အန်ဆာရီထံမှ ၇-၂-၂၀၁၁ ရက်စွဲဖြင့် ပေးပို့သည့် သဝဏ်လွှာ၊

(င) စင်ကာပူသမ္မတနိုင်ငံ၊ ပါလီမန်ဥက္ကဋ္ဌ၊ မစ္စတာ အဗ္ဗဒူလာ တာမူဂျီထံမှ ၇-၂-၂၀၁၁ ရက်စွဲဖြင့် ပေးပို့သည့် သဝဏ်လွှာ၊

(စ) ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်သူ့ဦးဆောင်ညီလာခံဥက္ကဋ္ဌ၊ မစ္စတာ ချိုးတေးဘုတ်ထံမှ ၈-၂-၂၀၁၁ ရက်စွဲဖြင့် ပေးပို့သည့်သဝဏ်လွှာ၊

(ဆ) အာဆီယံပါလီမန် အမတ်များညီလာခံ ၊ အတွင်းရေးမှူးချုပ်၊ မစ္စတာအန်တိုနီယို၊ ဗ္ဗီ၊ ကွမ်ကိုထံမှ ၉-၂-၂၀၁၁ ရက်စွဲဖြင့် ပေးပို့သည့်သဝဏ်လွှာ၊

(ဇ) လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ မစ္စ ပန်နီယာသော်သုထံမှ ၂၈-၂-၂၀၁၁ ရက်စွဲဖြင့် ပေးပို့သည့်သဝဏ်လွှာ၊

(ဈ) ကမ္ဘောဒီးယားနိုင်ငံ၊ ဆီးနိတ်လွှတ်တော်ဥက္ကဋ္ဌ၊ မစ္စတာ ဆမ်ဒက်အာခါ မိုဟာသမာပိုသီဆယ်ချီယာဆင်းမ်ထံမှ ၁-၃-၂၀၁၁ ရက်စွဲဖြင့် ပေးပို့သည့်သဝဏ်လွှာ၊

(ည) ရုရှားဖက်ဒရေးရှင်း၊ အထက်လွှတ်တော်ဥက္ကဋ္ဌ၊ မစ္စတာဆာဂေမာရိုနော့ဗ်ထံမှ ၅-၃-၂၀၁၁ ရက်စွဲဖြင့် ပေးပို့သည့် သဝဏ်လွှာတို့ ဖြစ်သည်။

ယင်းသို့ပေးပို့ခဲ့သည့် သဝဏ်လွှာများကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ရန် လွှတ်တော်၏ သဘောထားမေးမြန်းရာ လွှတ်တော်ကသဘောတူသည့်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့သော ရွေးချယ်တင်မြှောက်ခြင်း၊ ဖွဲ့စည်းအတည်ပြုခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ အကျဉ်းချုပ်ရှင်းလင်း

နေပြည်တော် မတ် ၂၃

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ဆောင်ရွက်ခဲ့သော ရွေးချယ်တင်မြှောက်ခြင်း၊ ဖွဲ့စည်းအတည်ပြုခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ အကျဉ်းချုပ် ရှင်းလင်းတင်ပြသည်။

ယင်းသို့ ရှင်းလင်းပြောကြားရာတွင် လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် စတင်ခဲ့ပြီး ၁၄ ရက်မြောက်နေ့နှင့် နောက်ဆုံးနေ့အဖြစ် ယနေ့ မကြာမီအချိန် အတွင်းပြီးစီးတော့မှာ ဖြစ်ပါကြောင်း၊ အစည်းအဝေးကာလအတွင်း ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နှင့် ၃ ရက်နေ့များ တွင်လည်း ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး များကို ကျင်းပပြုလုပ်ခဲ့ပါကြောင်း။

အတည်ပြုချက်ရယူ

အစည်းအဝေး ကာလအတွင်းဝယ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း တစ်ကြိမ်စီ နှင့် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက် ခြင်း တစ်ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း၊ လွှတ်တော်ကော်မတီများဖြစ်သည့် ဥပဒေ ကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ နှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ များကိုလည်း လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးစီဖြင့်ဖွဲ့စည်းပြီး ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက် နေပြီဖြစ်ပါကြောင်း၊ ထို့ပြင် ကော်မတီ လေးရပ် ဖွဲ့စည်းခြင်းနှင့်အတူ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့် စပ်လျဉ်းသည့် တင်ပြချက်များကိုပါ လွှတ်တော်၏အတည်ပြုချက် ရယူသတ်မှတ် ခဲ့ပြီး ဖြစ်ပါကြောင်း။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ကာလ ၂၀၁၁ခုနှစ် မတ်လ ၉ရက်တွင် ကျင်းပခဲ့သည့် အစည်းအဝေးဆဋ္ဌမနေ့မှ ၂၀၁၁ခုနှစ် မတ်လ ၂၃ ရက်တွင် ကျင်းပ သည့် အစည်းအဝေး ၁၄ရက်မြောက်နေ့ အထိ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်း ၄၆ ခုကို ဖြေကြားပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ကိုယ်စားလှယ်များ တင်သွင်းသည့် အဆို ၁၇ခုကို ဆွေးနွေးရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ အဆို ၁၇ခုအနက်မှ အဆို (၄)ခုကို ဆက်လက်ဆောင်ရွက်မည့် အဆို အဖြစ်အတည်ပြုဆုံးဖြတ်ပေးခဲ့ပြီး ကျန်အဆို များကို အတည်မပြုသော အဆိုများအဖြစ် သတ်မှတ်ပေးခဲ့ပါကြောင်း၊ လွှတ်တော်က အတည်ပြုပေးခဲ့သည့် အဆိုများနှင့် မေးခွန်း ဖြေကြားချက်များမှ ဆက်လက်ဆောင်ရွက် ရန်များကို သက်ဆိုင်ရာလွှတ်တော်ကော်မတီ များကစိစစ်ပြီး ကြပ်မတ်ဆောင်ရွက်စေမှာ ဖြစ်ပါကြောင်း။

တိုးတက်ထမ်းဆောင်

မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်း များ တင်ပြခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော် ကာလမဟုတ်သည့် အချိန်များတွင်လည်း ပေးပို့ထားနိုင်ပါကြောင်း၊ နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် မေးခွန်း များ၊ အဆိုများ၊ ဥပဒေကြမ်းများကို ထုတ်ပြန်ထားသည့် ပြည်သူ့လွှတ်တော် ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပိုမိုပြီး စနစ်တကျ ဆောင်ရွက်နိုင်ကြလိမ့် မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များပီပီ နယ်မြေ ဒေသအလိုက် ပြည်သူလူထုအကျိုး၊ နိုင်ငံ့ အကျိုးကို ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့်အညီ တိုးတက် ထမ်းဆောင်နိုင်ကြပါစေရန် ဆန္ဒပြု တိုက်တွန်းလိုက်ပါကြောင်းဖြင့် ဆွေးနွေး မှာကြားသည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၂၃-၃-၂၀၁၁

ချောက်မြို့
၄၂ ဒီဂရီစင်တီဂရိတ်

ကလေးဝမြို့
၄၀ ဒီဂရီစင်တီဂရိတ်

မုံရွာမြို့
၄၀ ဒီဂရီစင်တီဂရိတ်

မန္တလေးမြို့
၄၀ ဒီဂရီစင်တီဂရိတ်

ညောင်ဦးမြို့
၄၀ ဒီဂရီစင်တီဂရိတ်

မကွေးမြို့
၄၀ ဒီဂရီစင်တီဂရိတ်

အမျိုးသားလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့်စပ်လျဉ်း၍ လွှတ်တော်၏ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြား

နေပြည်တော် မတ် ၂၃

ယနေ့ ကျင်းပသော အမျိုးသား လွှတ်တော် အစည်းအဝေးတွင် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် တွင် လွှတ်တော်ကိုယ်စားလှယ်များမေးမြန်း ခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့်စပ်လျဉ်း၍ လွှတ်တော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြား သည်။

ယင်းသို့ ရှင်းလင်းပြောကြားရာတွင် ပထမအကြိမ်အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း (၃၃)ခု မေးမြန်းခဲ့ပြီး သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များက မေးခွန်းများကို ဖြေကြား ခဲ့ပြီး ဖြစ်ပါကြောင်း။

မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်း များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွဲခြားကြည့်ပါက ကချင်ပြည်နယ်မှ မေးခွန်း (၈)ခု၊ ချင်းပြည်နယ်မှ မေးခွန်း (၁၁)ခု၊ မကွေးတိုင်းဒေသကြီးမှ မေးခွန်း (၁)ခု၊ မွန်ပြည်နယ်မှ မေးခွန်း (၂)ခု၊ ရခိုင် ပြည်နယ်မှ မေးခွန်း (၄)ခု၊ ရန်ကုန်တိုင်း ဒေသကြီးမှ မေးခွန်း (၆)ခု၊ ရှမ်းပြည်နယ်မှ မေးခွန်း(၁)ခု စုစုပေါင်း မေးခွန်း (၃၃)ခု မေးမြန်းခဲ့ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ အလိုက် မေးမြန်းခဲ့သည့် မေးခွန်းများကို ဖော်ပြရမည်ဆိုပါက ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက မေးခွန်း (၆)ခု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက မေးခွန်း (၆)ခု၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်းက မေးခွန်း (၃)ခုဖြစ်ပြီး မေးခွန်း(၂)ခုစီ မေးမြန်းခဲ့ ကြသူများအနေဖြင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစခုန်တိန့်ယိန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစံထွန်း၊ ရခိုင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင် အေးထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးဗညားအောင်မိုးတို့ဖြစ်ကာ ကချင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြအုန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းမြမောင်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၊ ချင်းပြည် နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်လတ်၊ ရခိုင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမောင် သာခင်နှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးထွန်းကျော်တို့က မေးခွန်း(၁)ခုစီ မေးမြန်းခဲ့ကြပါကြောင်း။

အမျိုးသားလွှတ်တော်၌ ရှင်းလင်း တင်ပြခဲ့သည်များနှင့်စပ်လျဉ်း၍ နောင် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး များတွင် ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်း ခြင်း၊ အဆိုတင်သွင်းခြင်း မပြုရသေးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပုဂ္ဂိုလ် များကို ဦးစားပေးရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်၏အစဉ်အလာအရ လွှတ်တော် ဥက္ကဋ္ဌသည် မျှမျှတတဖြစ်အောင် ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုများ နှင့်စပ်လျဉ်း၍ ချင်းပြည်နယ်မှ (၁၅)ခု၊ မွန်ပြည်နယ်မှ(၁)ခု စုစုပေါင်း အဆို(၁၆)ခု ဖြစ်ပါကြောင်း၊ တစ်ဦးချင်းအနေဖြင့် တင်သွင်းသော အဆိုအရေအတွက်များမှာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က အဆို (၉)ခု၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်းက အဆို(၄)ခု၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်က အဆို (၂)ခု၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဗညားအောင်မိုးက အဆို(၁)ခုတို့ ဖြစ်ပါ ကြောင်း။

မေးခွန်း၊ အဆိုများနှင့်ပတ်သက်၍ သက်ဆိုင်ရာကော်မတီကလည်း ၄င်းအဆို၊ မေးခွန်းများကို အသေးစိတ်ဖတ်ကြား၍ ၄င်းတို့ထဲမှ အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံများကို မှတ်တမ်း တင်ရန် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများကို လွှတ်တော်အစည်းအဝေး မရှိသော်လည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံသို့ လူကိုယ်တိုင်သော် လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍ သော်လည်းကောင်း ပေးပို့၍ရပါကြောင်း၊ အဆိုပါကိစ္စရပ်များကို ကြိုတင်ပြင်ဆင် ရန်ရှိသည်များကိုဆောင်ရွက်၍ နောင် လွှတ်တော်အစည်းအဝေးကျင်းပသည့်အခါ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း၊ အလွန်အရေးကြီးကိစ္စရပ်များ ပါလာပါကလည်း ချက်ချင်းဆောင်ရွက် ပေးရမည့် ကိစ္စဖြစ်ပါက လွှတ်တော်မခေါ် သော်လည်း ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းများနှင့်ညှိနှိုင်း၍ ပြန်ကြားပေးမည့် အခြေအနေမျိုး ရှိလျှင်လည်း ရှိလာနိုင် မည်ဖြစ်ပါကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားအဖြစ် ပြောကြားရာတွင် လွှတ်တော်ကိုယ်စားလှယ် များအနေဖြင့် လွှတ်တော်နားနေချိန်၌ ဆောင်ရွက်ရန် တိုက်တွန်းလိုသည့်အချက် (၄)ချက် ရှိပါကြောင်း၊ ပထမအချက် အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ သည် ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင် ရမည်ဖြစ်သည့်အတွက် ပြည်သူ့အကျိုး စီးပွားကို မြင့်မြင့်မားမား ဖော်ဆောင် နိုင်အောင်၊ မိမိကိုယ်မိမိ အရည်အချင်း မြင့်မားသည်ထက် မြင့်မားအောင် နေ့စဉ် ဖြည့်ဆည်းတည်ဆောက်ကြရန်ဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)တွင် နိုင်ငံတော်အချုပ်အခြာ အာဏာ၏ ခက်မ (၃)ဖြာဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာဟူသော အာဏာ(၃)ရပ်ကို တတ်နိုင်သမျှ တစ်ခုစီပိုင်းခြားကျင့်သုံးပြီး အချင်းချင်းအပြန်အလှန် ထိန်းကျောင်း နေရမည်ဟု ပါရှိပါကြောင်း၊ လွှတ်တော် ဆိုသည်မှာ ဥပဒေပြုရေးအဖွဲ့အစည်း ဖြစ်ပါ ကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာအရ ကျင့်သုံးသည့် ကိစ္စရပ်များတွင် အပြန်အလှန် ထိန်းကျောင်း နိုင်အောင် နံ့နံ့စပ်စပ် သိရှိရေးအတွက်

စာမျက်နှာ ၁၄ ကော်လံ ၁ ❍

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ်(၁၀/၂၀၁၁)ကို ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၁၀/၂၀၁၁) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

ကြေညာချက်အမှတ် (၁၀/၂၀၁၁)

၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်
(၂၀၁၁ ခုနှစ်၊ မတ်လ ၂၃ ရက်)

ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း သတ်မှတ်ကြေညာခြင်း

၁။ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၅ နှင့် နည်းဥပဒေများ အပိုဒ် ၇၇ တို့အရ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေသတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းရမည်ဖြစ်သည်။

၂။ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေနှင့်အညီ တင်သွင်းရန် ပျက်ကွက်သူများအား အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ရန် သင့် မသင့် ဆုံးဖြတ်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းစစ်ဆေးစေခဲ့သည်။

၃။ ရွေးကောက်ပွဲခုံအဖွဲ့မှ အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်တို့သည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း တင်သွင်းရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အပိုဒ် ၈၃ (က) အရ အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ဆုံးဖြတ်ခဲ့သည်-

စဉ်	လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်	ရွေးကောက်ပွဲကိုယ်စားလှယ်အမည်	မဲဆန္ဒနယ်
(က)	ဦးအောင်သိမ်း	မရှိ	အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၄) တနင်္သာရီတိုင်းဒေသကြီး
(ခ)	ဦးအောင်သူရလင်း	မရှိ	လောင်းလုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် တနင်္သာရီတိုင်းဒေသကြီး
(ဂ)	ဦးထိန်လင်း	မရှိ	လောင်းလုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် တနင်္သာရီတိုင်းဒေသကြီး

စဉ်	လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်	ရွေးကောက်ပွဲကိုယ်စားလှယ်အမည်	မဲဆန္ဒနယ်
(ဃ)	ဦးစောရီ	မရှိ	တန့်ယန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရှမ်းပြည်နယ်
(င)	ဦးကျဟားရဲ	မရှိ	မိုင်းပြင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရှမ်းပြည်နယ်
(စ)	ဦးစိုင်းလုံ	မရှိ	မိုင်းဖြတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရှမ်းပြည်နယ်
(ဆ)	ဦးစိုင်းတင့်ချို	ဦးစိုင်းမြမောင်	နောင်ချိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်
(ဇ)	ဦးမြင့်ဆွေ	မရှိ	မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်
(ဈ)	ဦးစိုင်းထွန်းရင်	မရှိ	မဘိမ်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်
(ည)	ဦးအေးမောင်	မရှိ	မိုင်းတုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်
(ဋ)	ဦးအိုက်ကျောက်	မရှိ	မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်
(ဌ)	ဦးအောင်ချစ်	ဦးစိုးထွန်း	ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်
(ဍ)	ဦးပွန်း	မရှိ	ပင်လောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်
(ဎ)	ဦးမောင်ကျော်သန်း	မရှိ	ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်
(ဏ)	ဦးခူးပေါင်း	မရှိ	ဖယ်ခုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်
(တ)	ဦးဝီလျံခွန်ကြည်	ဦးသက်အောင်ဝင်း	ဗမာတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်
(ထ)	ဦးခေါ်ဘောင်း	မရှိ	ကချင်တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်
(ဒ)	ဦးဇော်ဖန် (ခ) ဦးလီလေး	မရှိ	လီဆူးတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်
(ဓ)	ဦးဒယ်နီယာထီး	မရှိ	လားဟူတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် ပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကိုစိစစ်၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အပိုဒ် ၈၄ အရ အထက်ပါလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာလိုက်သည်။

၅။ ယင်းသို့ အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၈ အရ ယခုကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့် နောက်လာမည့် လွှတ်တော်သက်တမ်းအတွက် ကျင်းပသည့် ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်းကိုလည်း အသိပေးကြေညာလိုက်သည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

○ စာမျက်နှာ ၁၃ မှ

လေ့လာခြင်းအားဖြင့် နောင်လွှတ်တော် ပုံမှန်အစည်းအဝေးများတွင် ယခုထက် တွင်ကျယ်စွာ ဆောင်ရွက်နိုင်မည်ဖြစ်၍ လေ့လာကြရန်မှာကြားလိုကြောင်း၊ တတိယ အချက်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပါကြောင်း၊ မိမိတို့ကို တင်မြှောက်လိုက်သည့် ပြည်သူလူထု၏ဘဝကို အနီးကပ်လေ့လာပြီး စောင့်ရှောက်ကြရန်ဖြစ်ပါကြောင်း၊ စတုတ္ထ အချက်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲပြီး အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်နေအောင်၊ အကြံကောင်း၊ ဉာဏ်ကောင်းများပေးနိုင်အောင် လေ့လာဆည်းပူးကြရန် မှာကြားလိုပါကြောင်း၊ ယခုအချက် (၄)ချက်ကို အမြဲတမ်းဆောင်ရွက်နေရန် လိုအပ်ပါကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

မတ် ၂၃ရက်က ရန်ကုန်မြို့ Chatrium Hotel၌ ကျင်းပသော ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ (Pakistan Day) အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာသော ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး HE Mr. Qazi M. Khalilullah က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၂၄ ရက် ညနေအထိခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသောမိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၂၃

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အရှူးနောင်ကိုင်း ကျေးရွာနေ မညွန့်အေးသည် မတ် ၂၂ ရက် နံနက် ၁၀ နာရီခန့်တွင် လယ်တောအတွင်း ဟင်းသီးဟင်းရွက်ခူးရန် သွားရောက်စဉ် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲခဲ့ပြီး ၄င်း၏ညာခြေချင်းဝတ်မှပြတ် ဒဏ်ရာရရှိခဲ့သဖြင့် တာဝန်ရှိသူများက ကော့ကရိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကာ လိုအပ်သော ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်နေ ကိုဇော်မျိုးထွန်းသည် မတ် ၂၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ၄င်းအလုပ်လုပ်ရာ မြဝတီ-ကော့ကရိတ် လမ်းပေါ်ရှိ ကုန်စုံဆိုင်ပတ်ဝန်းကျင်၌ တံမြက်စည်းပင်ခုတ်ယူနေစဉ် KNU အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိ ပေါက်ကွဲခဲ့ပြီး ၄င်း၏ညာခြေချင်းဝတ်မှ ပြတ်ဒဏ်ရာရရှိခဲ့သဖြင့် တာဝန်ရှိသူများက ကော့ကရိတ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသပေးလျက်ရှိကာ လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၆)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာ၌ တံတားသစ်ဖွင့်

ဖျာပုံ မတ် ၂၃

(၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျုံကဒွန်းကျေးရွာ မယ်လေးရိုးတံတားသစ်ဖွင့်ပွဲကို မတ် ၂၂ ရက်က အဆိုပါတံတားထိပ်မုခ်ဦး၌ကျင်းပရာ ဖျာပုံခရိုင် ဦးကျော်စိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် ကျုံကဒွန်းကျေးရွာဥက္ကဋ္ဌတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မယ်လေးရိုးတံတားမှာ အရှည်ပေ ၁၄၀၊ အကျယ် ၁၂ ပေရှိ ကွန်ကရစ်တိုင်သစ်သားခင်းအမျိုးအစားဖြစ်ပြီး စုစုပေါင်း ငွေကျပ်သိန်း ၄၂၀ အကုန်အကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တံတားဆောက်လုပ်ပြီးစီးခဲ့သဖြင့် ကျုံကဒွန်း၊ လက်ပံ၊ ဒေးဒလူကျေးရွာအုပ်စုများမှ ကျေးရွာ ၂၀ မှ လူဦးရေ ၃၄၀၀၀ ကျော်တို့ ဖျာပုံမြို့မှတစ်ဆင့် ရန်ကုန်၊ ပုသိမ်မြို့များသို့ ကုန်းလမ်းခရီးဖြင့် အလွယ်တကူ ဆက်သွယ်သွားလာနိုင်ကြပြီ ဖြစ်ကြောင်း သိရှိရသည်။ (ဝ၆၆)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ယနေ့အစည်းအဝေးတွင် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ ဝမ်မြောက်ကြောင်းသဝဏ်လွှာများကို မှတ်တမ်းတင်ခြင်း၊ ကော်မတီများ၊ ပူးပေါင်းကော်မတီများဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ အဆိုကို ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများနှင့်စပ်လျဉ်း၍ လွှတ်တော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းခြင်းများဆောင်ရွက်

နေပြည်တော် မတ် ၂၃

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၇ ကော်လံ ၃* ●

မြန်မာ့အလင်း
(၆၆)နှစ်မြောက်
တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြု

စွမ်းရည်ထက်မြက်သော၊ ဦးဆောင်မှုအရည်အသွေးပြည့်ဝသော တပ်မတော်ဖြစ်သည့်အလျောက် ပြည်သူတို့အတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ရာတွင်လည်း စစ်မှန်သော ဒီမိုကရေစီစနစ်ကျင့်သုံးကာ ပြည်သူတို့အကျိုးစီးပွား အမှန်တကယ် ဖြစ်ထွန်းရရှိစေလိုသည်မှာ တပ်မတော်၏ စေတနာဖြစ်။

မြင့်မောင် (Phil, Q) ၏ ဆောင်းပါး စာ- ၃

ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)